The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 39 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 9, 2017

# မြန်မာ့ဆန်စပါးလောက၏ တစ်ကျော့ပြန်ရွှေခေတ်

စာမျက်နှာ - ၁၈ ➢



## ခရမ်းချဉ်သီးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် အင်းလေးဒေသကုန်သွယ်မှု မြင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုများ

စာမျက်နှာ - ၁၂ ➢



## ထောက်ခံချက်ပါ အချက်အလက်များနှင့် ကိုက်ညီမှုမရှိသည့် ပိုးသတ်ဆေးများအား တင်သွင်းခွင့်မပြု

စာမျက်နှာ - ၃ ➢

## ဟီတာချီစိုးလျှပ်စစ်ထံမှ Distribuion Transformer အလုံးရေ ၅၄၀၀ ခန့်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက မှာယူ

စာမျက်နှာ - ၁၄ ➢

# ပဲမျိုးစုံ ဈေးဝယ်သို့လှောင်ကြမည်ဆိုလျှင်

စာမျက်နှာ - ၈ ➢





ကုန်ဆုံးသွားသော စွမ်းအားများ DAGON Malta Fresh နဲ့ ဖြည့်စွမ်းထား . . .
MALTA FRESH
DAGON
Vol. 330ml
250 ml
DAGON Malta Fresh
ဒဂုံမုယောစပါးအားဖြည့်အချိုရည်
၀၁-၆၅၁၁၇၇၊ ၆၅၂၁၆၉၊ ၆၅၆၈၄၅၊ ၆၅၆၈၄၆
DAGON BEVERAGES COMPANY LIMITED




FLAV-O-RICH
Chicken Franks
Valley Farm
CHICKEN FRANKS
FRANKFURTER AYAM
GOURMET Chef
Sole Distributor
SHWE GANDAMAR
No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.
Contant : 09 792990483 / 09 423735083 / 09 796302214




Gold Choice®
what a feeling!
White Coffee
My Life My Choice
ဘ၀အတွက် ရွေးချယ်မှု...
GINSENG COFFEE
CAFÉ MOCHA
Sole Distributor
SHWE GANDAMAR
No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.
Contant : 09 792990483 / 09 423735083 / 09 796302214

# မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍ ပို့ကုန်မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာ အစိုးရဌာနများ၊ မြန်မာ့လက်မှုအနုပညာအသင်း၊ မြန်မာနိုင်ငံကြိမ်ဝါးလုပ်ငန်းရှင်များ အသင်းနှင့် အခြား သက်ဆိုင်ရာအသင်းအဖွဲ့များမှ ကျွမ်းကျင်သူများ ပါဝင်သော မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍ ပို့ကုန်မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို Action Aid Myanmar ၏ပံ့ပိုးမှုဖြင့် အောက်တိုဘာ ၂ ရက်မှ ၃ ရက်အထိ ရန်ကုန်မြို့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပဉ္စမထပ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် ပို့ကုန်မြှင့်တင်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy - NES) ကို ဦးစားပေးကဏ္ဍခုနစ်ခုနှင့် အထောက်အကူပြုကဏ္ဍ လေးခု အပါအဝင် စုစုပေါင်း ကဏ္ဍ ၁၁ ခုတို့ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ် စီမံကိန်းသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အလားအလာရှိသော ကဏ္ဍအသစ်ငါးခုအဖြစ် လယ်ယာထွက်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာကဏ္ဍ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ၊ လက်မှုအနုပညာ ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ် စီးပွားရေးလုပ်ငန်းကဏ္ဍ စသည့်ကဏ္ဍငါးခုကို အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ထပ်မံထည့်သွင်းဆောင်ရွက်လျက် ရှိပါသည်။

မြန်မာ့လက်မှုအနုပညာ ပစ္စည်းကဏ္ဍကို ကဏ္ဍသစ်တစ်ခုအနေဖြင့် ထပ်မံထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာကျသော အဓိကပို့ကုန်အမယ်များကိုရွေးချယ်၍ အမယ်တစ်ခုချင်းအလိုက် မဟာဗျူဟာ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ဦးတည်ချက်များနှင့် အသေးစိတ်လုပ်ငန်းစီမံချက် (Plan of Action) များရေးဆွဲဖော်ထုတ်နိုင်ရေးအတွက်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဈေးကွက်ဖွင့်လှစ်ပြီး ပိုမိုပွင့်လင်းမြင်သာလာသည်နှင့်အမျှ နိုင်ငံတကာက စိတ်ဝင်စားလာပြီး ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ ထို့ကြောင့် လက်မှုအနုပညာများနှင့် အမှတ်တရလက်ဆောင်ပစ္စည်း(Gift) ကဏ္ဍများသည်လည်း ဝင်ငွေ တိုးတက်လျက်ရှိနေပါသည်။ ယခုအခါ မြန်မာ့လက်မှုအနုပညာအသင်းကိုလည်း ဖွဲ့စည်းထားပြီး သစ်လက်မှု အနုပညာပစ္စည်းနဲ့ ပန်းပု၊ ဝါး၊ ကြိမ်၊ ဗေဒါ၊ ငွေ၊ ကြေး၊ ယွန်း၊ ကနုကမာ၊ ကြွေ၊ မြေ၊ ကျောက်စိမ်း၊ ရွှေချည်ထိုး၊ ရိုးရာထည်စသည့်ကဏ္ဍ ၁၁ ခုကိုပေါင်းစပ်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းအုပ်စုတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းသိရှိရပါသည်။ ဆွေးနွေးပွဲသို့ စုစုပေါင်း ကိုယ်စားလှယ် ၇၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **မြတ်မြတ်စိုးမိုး(Myantrade)**

# ၂၀၁၇ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းလေးထောင်ကျော် စီးဝင်ခဲ့

၂၀၁၇ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ ကျော်စီးဝင်ခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ်(၁၃/၂၀၁၇)ကို စက်တင်ဘာလ ၂၅ ရက်ကကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခုကို ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၀၃ ဒသမ ၃၉၁သန်းနှင့် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၂၀၃ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

ခွင့်ပြုခဲ့သည့်လုပ်ငန်းကိုးခုမှာ စက်မှုကဏ္ဍလုပ်ငန်းခုနစ်ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ တစ်ခုနှင့် အိမ်ရာအဆောက်အဦး တည်ဆောက်ရေးဖွံ့ဖြိုးမှုကဏ္ဍ တစ်ခုတို့ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါအစည်းအဝေးမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှစ်ခုကို ခွင့်ပြုခဲ့ရာ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၈ သန်း အပါအဝင် ကျပ် ၁၂၃၀၀ ဒသမ ၉၈သန်း၊ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၅၉၂ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

ခွင့်ပြုခဲ့သည့် လုပ်ငန်းရှစ်ခုမှာ စက်မှုကဏ္ဍ နှစ်ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတစ်ခု၊ လယ်ယာကဏ္ဍ နှစ်ခုနှင့်အခြားဝန်ဆောင်မှုကဏ္ဍ သုံးခုတို့ဖြစ်ပါသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၂၉ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၅၄၆ ဒသမ ၈၉၈ သန်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၁၃၁ ဒသမ ၀၈သန်း စီးဝင်ခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၁၄ ဒသမ ၀၈ သန်းခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၃၄၅ ဒသမ ၁၅၉ သန်း စီးဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ်စက်တင်ဘာလအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၃ ခု၊ အမေရိကန်ဒေါ်လာ ၄၈၆ ဒသမ ၄၂ သန်း အပါအဝင် ကျပ် ၁၂၈၂၂၉၇ ဒသမ ၀၃ သန်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၅၇ ဒသမ ၄၆ သန်း အပါအဝင် ကျပ် ၁၄၇၄၁၀၈ ဒသမ ၃ သန်းစီးဝင်ခြင်းဖြစ်သည်။ **မယ်သီတာ**

# ထောက်ခံချက်ပါ အချက်အလက်များနှင့် ကိုက်ညီမှုမရှိသည့် ပိုးသတ်ဆေးများအား တင်သွင်းခွင့်မပြု

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးတင်သွင်းခွင့် ထောက်ခံချက်များ ထုတ်ပေးလျက်ရှိပါသည်။ ထောက်ခံချက်ပါ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် ပိုးသတ်ဆေးများအား မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခွင့်မပြုကြောင်း၊ မှားယွင်းတင်သွင်းလာပါက တင်သွင်း ခဲ့သည့်နိုင်ငံသို့ မိမိကုမ္ပဏီ၏ ကုန်ကျစရိတ်ဖြင့် ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ပြန်လည်ပေးပို့ပြီးကြောင်း အကောက်ခွန်ဦးစီးဌာနမှ ထောက်ခံချက်အား သီးနှံကာကွယ်ရေးဌာနခွဲသို့ အကြောင်းကြားစာ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအတွင်းသို့ ပိုးသတ်ဆေးတင်သွင်းမည့် ကုမ္ပဏီများအနေဖြင့် မိမိတို့တင်သွင်းသော ပိုးသတ်ဆေးကုန်ပစ္စည်းနှင့် သီးနှံကာကွယ်ရေးဌာနခွဲမှ ထုတ်ပေးသည့် တင်သွင်းခွင့် ထောက်ခံချက်ပါ ပိုးသတ်ဆေး၏ စံချိန်စံညွှန်း သတ်မှတ်ချက် (ကုန်ပစ္စည်း အမျိုးအမည်၊ ထုပ်ပိုးမှုအရွယ်အစား စသည်)တို့အား ကိုက်ညီမှု ရှိ/မရှိ သေချာစွာစိစစ်၍ တင်သွင်းကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် ပိုးသတ်ဆေး တင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ခင်ကလျာဦး (ပို့/သွင်း)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
-

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# စက်တင်ဘာလအတွင်း ကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ ဆန်ကွဲတင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၇၅ သန်း တန်ဖိုးရှိ ဆန် ၁၉၄၉၇ တန် တင်ပို့ခဲ့ပါတယ်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန်ချိန် ၉၃၀၊ ဧည့်မထဆန် ၁၅၁၅၅ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၉၉၇ တန်နဲ့ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၄၁၅ တန်တင်ပို့ခဲ့ပါတယ်။ စက်တင်ဘာလအတွင်းမှာ မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်နဲ့စစ်တွေ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆၆ သန်း တန်ဖိုးရှိ ဆန် ၉၁၈၆၁ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဩဂုတ်လက ၉၂၇၄၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုလဆန်တင်ပို့မှုမှာ ၈၈၈ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ဆန်ကွဲတင်ပို့မှုမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၃၂ သန်းနဲ့ တန်ချိန် ၁၁၄၃ တန်ကျော်ဖြစ်ပါတယ်။ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ၁၀၂၄ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၁၉ တန်ကျော်တင်ပို့ခဲ့ပါတယ်။

စက်တင်ဘာလအတွင်း ဆန်ကွဲတင်ပို့မှုမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ သန်းနဲ့ တန်ချိန် ၆၁၅၅ တန်ဖြစ်ပါတယ်။ အနီးစပ်ဆုံးဩဂုတ်လ နဲ့ နှိုင်းယှဉ်ပါက ယခုလမှာ ၄၀၅၈ တန်လျော့နည်းခဲ့ပါ တယ်။ ဩဂုတ်လအတွင်းက ဆန်ကွဲ ၁၀၂၁၃ တန်တင်ပို့ခဲ့တဲ့အတွက် စက်တင်ဘာလအတွင်း ဆန်ကွဲတင်ပို့မှုလျော့ကျခဲ့တာဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# ရန်ကုန်ဈေးကွက်မှာ ဆန်ချော ဈေးတက်ပြီး ဆန်ကြမ်းဈေးကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောဈေးတက်ပြီး ဆန်ကြမ်းဈေးကျကြောင်း သိရပါတယ်။ ဆန်ချော ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၆၅၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၃၅၀၀၀၊ ပုသိမ်မြောင်းမြပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၉၀၀၀ နဲ့လတ်စတစ်အိတ် ကျပ် ၃၆၅၀၀၊ ရွှေဘိုပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၅၀၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၄၈၀၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ အထိဈေးတက်ကြောင်း သိရပါတယ်။ ဆန်ချောမှာပစ္စည်းနည်းပြီး အဝင်ပါးတဲ့အတွက် ဈေးတက်တာဖြစ်ကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။

ယခုတစ်ပတ ဆန်ကြမ်းဈေး အနည်းငယ်ပြန်ကျသွားကြောင်း သိရပါတယ်။ ဧည့်မထဆန်ထိပ်စတစ်အိတ် ကျပ် ၂၃၃၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၂၂၀၀၀၊ နှွေသီးထပ်ရှယ် တစ်အိတ် ကျပ် ၂၃၀၀၀ မှ ကျပ် ၂၃၂၀၀၊ နှွေဆန်ရက် ၉၀ တစ်အိတ် ကျပ် ၂၃၈၀၀ မှ ကျပ် ၂၄၂၀၀၊ ဧည့်မထ ၂၅ မှတ်တစ်အိတ် ကျပ် ၂၀၈၀၀ မှ ကျပ် ၂၁၀၀၀ ဖြစ်ပြီးတစ်အိတ်ကို ကျပ် ၂၀၀ မှ ကျပ် ၅၀၀ အထိ ဈေးကျကြောင်းသိရပါတယ်။ ဩဂုတ်လလယ်လောက်ကစပြီး ဈေးတက်ခဲ့တဲ့ ဆန်ကြမ်းဟာ ယခုတစ်ပတ်မှာအနည်းငယ်ဈေးပြန်ကျလာတာဖြစ်ကြောင်း ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ယခင်တစ်ပတ်အတိုင်းဈေး မပြောင်းကြောင်း သိရပါတယ်။ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ် ၁၃၉ ယွမ်မှ ၁၄၂ ယွမ်၊ ဧည့်မထ ၅ မှတ် စူပါတစ်အိတ် ၁၃၆ ယွမ်မှ ယွမ် ၁၄၀၊ ဧည့်မထ ၁၀ မှတ်မော်ဘီ တစ်အိတ် ၁၃၃ ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါ တစ်အိတ် ၁၃၁ ယွမ်မှ ၁၃၂ ယွမ်၊ မနောသုခ ၁၅ မှတ် တစ်အိတ် ၁၂၀ ယွမ်မှ ၁၂၅ ယွမ်၊ မနောသုခ ၂၅ မှတ် တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၅ မှတ်တစ်အိတ် ၁၂၇ ယွမ်မှ ယွမ် ၁၃၀၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၂၂ ယွမ် မှ ၁၂၅ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၈ ယွမ်မှ ၁၂၀ ယွမ်ဖြစ်ပါတယ်။ ဆန်အရောင်းအဝယ်လည်းပုံမှန်သာရှိကြောင်း မူဆယ်မှသတင်းရရှိပါတယ်။ **ယဉ်ယဉ်အေး**

# ဘိုကလေးမြို့ စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်အတွင်းရှိ ဆန်စပါးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ဘိုကလေးမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်အတွင်းရှိဆန်စပါးလုပ်ငန်းရှင်များသည် စက်တင်ဘာ ၂၅ ရက်တွင် တွေ့ဆုံ၍ အသင်း၏ လက်ရှိဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်ဆန်စပါးလုပ်ငန်းရှင် ၁၅ ဦး တက်ရောက်ခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံက ဆန်စပါးလုပ်ငန်းရှင်များ၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ ဆန်စပါးလက်ကျန်အခြေအနေ၊ မြို့နယ်ကျော် စီးဝင်/စီးထွက်မှုနှင့် ဈေးနှုန်း/ဈေးကွက် တည်ငြိမ်ရေး အခြေအနေများကို ဆွေးနွေးခဲ့ပါသည်။

ဆန်စပါး လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းက အသင်းကိုယ်စား လက်ရှိကော်မတီအဖွဲ့ဝင်များနှင့် ဒေသတွင်း ဆန်စပါးရောင်းဝယ်မှုအား ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေပြီး ကိုယ့်စီးပွားရေး ကိုယ်လုပ်ကြသည်ဆိုသော်လည်း အသင်းအနေဖြင့် မြို့နယ်အကျိုး၊ ဒေသအကျိုး ရှေးရှုလုပ်ကိုင်ကြ၍ ဈေးနှုန်းဈေးကွက် တည်ငြိမ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်အရ ခရိုင်၊ တိုင်းအသင်းအဖွဲ့များ၏ ညွှန်ကြားချက်အရသာ ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့ပါတယ်။

မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယမြို့နယ်တာဝန်ခံက ဆန်စပါးလုပ်ငန်းရှင်များအား အသင်းသက်ဝင် လှုပ်ရှားနိုင်ရေး၊ လုပ်ငန်းရှင်များအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာနှင့် စားသုံးသူရေးရာဥပဒေပါ လုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်၊ တားမြစ်ချက်များ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များကို ရှင်းလင်းအသိပညာပေး ဆွေးနွေးဟောပြောခဲ့ပြီး လုပ်ငန်းရှင်များအနေနဲ့လည်း တစ်ချိန်မှာ စားသုံးသူသာဖြစ်ကြောင်း၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို ရှင်းလင်းဆွေးနွေးဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။

**မောင်ဇော် (ဘိုကလေး)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၉-၁၀-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၁၉ | ၃၉၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၄ | ၃၈၀ | ▽ | ၃၉၃ | ၃၈၅ | ▽ | ၄၀၅ | ၄၁၀ | △ | ၃၈၀ | ၃၆၇ | ▽ |
| ဆန်ဖြူ ၁၀% | ၃၉၈ | ၃၇၈ | ▽ | - | ၃၈၀ | - | - | - | - | - | ၃၆၂ | - |
| ဆန်ဖြူ ၁၅% | ၃၉၅ | ၃၆၉ | ▽ | ၃၇၃ | ၃၇၃ | ▽ | - | - | - | ၃၇၅ | ၃၅၇ | ▽ |
| ဆန်ဖြူ ၂၅% | ၃၈၀ | ၃၅၃ | ▽ | ၃၇၃ | ၃၆၂ | ▽ | ၃၆၀ | ၃၆၅ | △ | ၃၄၀ | ၃၃၇ | ▽ |
| ပေါင်းဆန် | ၄၃၄ | ၃၉၈ | ▽ | - | - | - | ၄၁၅ | ၄၀၉ | ▽ | ၄၂၀ | ၄၁၅ | ▽ |

*Source: thairiceexporters*

# ပြည်တွင်းမြို့ကြီးများ၏ (၉-၁၀-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၈၅၀၀ | □ | ၆၅၃၂ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၄၇၀ | △ | ၂၂၅၀၀ | □ | ၈၄၁၀ | △ | ၃၉၀၀၀ | □ |
| ပဲခူး | ၅၁၀၀ | □ | ၂၁၀၀၀ | △ | ၆၇၀၀ | □ | ၃၄၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၃၀၀၀ | △ | ၁၂၅၀၀ | □ | ၄၃၅၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၀၀၀ | □ | ၃၂၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၁၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၇၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၂၀၀၀ | □ |
| မန္တလေး | ၆၀၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၄၀၅၀၀ | □ |
| မော်လမြိုင် | ၄၈၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၀၀၀ | △ | ၃၂၀၀၀ | □ | - | - | ၅၁၀၀၀ | △ |
| မြိတ် | ၄၀၀၀ | □ | ၁၈၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၄၀၀ | □ | ၂၁၅၀၀ | △ | - | - | ၄၁၅၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ပြည်ဈေးကွက်မှာ လုံးဆန် ဝယ်လိုအားနည်းလို့ ဈေးကျလာပြီး ဆီဆန်ဈေးငြိမ်နေ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးကျလာတာ တွေ့ရပါတယ်။ တစ်နေ့လျှင် အိတ် ၅၀၀ မှ ၆၀၀ ခန့်သာ ဝင်ရောက်ခဲ့သော်လည်း တစ်နေ့လျှင် အိတ် ၃၀၀ မှ ၄၀၀ ခန့်သာ အဝယ်ရှိပါတယ်။ ဝယ်လိုအားနည်းသွားလို့ ဈေးကျလာတာ တွေ့ရပါတယ်။

ဆီဆန်ကို ဟသ်ာတဘက်မှ အနည်းငယ်သာ ဝယ်ယူသော်လည်း လုံးဆန်ကို အဝယ်ရပ်သွားလို့ ဈေးကျလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးနှုန်းများမှာ ဆီဆန် တစ်ပိဿာလျှင် ကျပ် ၁၇၀၀၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၁၀၀ ရှိကြောင်း သိရပါတယ်။ ဆီဆန်မှာ ဈေးငြိမ်နေပြီး လုံးဆန်ဈေးမှာ ယခင်တစ်ပတ်ထက် ဈေးကျလာတာ တွေ့ရပါတယ်။ ယခင်နှစ် ကာလတူဈေးနှုန်းမှာ ဆီဆန် တစ်ပိဿာလျှင် ကျပ် ၁၄၅၀၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၁၇၀၀နှင့် လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၀၀ ဖြင့် ယခုနှစ်ဈေးကိုမမီတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၄-၁၀-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၉/၉ | ၃/၁၀ | ပြောင်းလဲမှု | ၂၉/၉ | ၃/၁၀ | ပြောင်းလဲမှု | ၂၉/၉ | ၃/၁၀ | ပြောင်းလဲမှု | ၂၉/၉ | ၃/၁၀ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၈၈ | ၈၅၇ | ▼ | ၉၁၇ | ၉၅၀ | ▲ | ၉၀၀ | ၉၀၀ | ■ | ၉၁၅ | ၉၁၅ | ■ |
| ပဲစင်းငုံ | ၆၆၈ | ၆၅၆ | ▼ | ၆၃၃ | ၆၀၀ | ▼ | ၆၀၅ | ၆၀၅ | ■ | ၆၁၅ | ၆၁၅ | ■ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၅၆၅ | ▼ | ၁၅၆၄ | ၁၄၂၂ | ▼ | ၁၄၄၇ | ၁၄၂၀ | ▼ | ၁၄၇၅ | ၁၄၇၅ | ■ |
| ကုလားပဲရိုးရိုး | ၂၈၀၀ | ၂၇၀၀ | ▼ | ၂၄၄၅ | ၂၃၂၃ | ▼ | ၂၃၉၅ | ၂၃၁၆ | ▼ | ၂၃၄၀ | ၂၂၄၀ | ▼ |
| ပဲလွန်းဖြူ | ၂၀၀၀ | ၁၅၈၀ | ▼ | - | - | - | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၂၄၃၆ | ၂၄၃၆ | ■ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၄-၁၀-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၉/၉ | ၃/၁၀ | ပြောင်းလဲမှု | ၂၈/၉ | ၃/၁၀ | ပြောင်းလဲမှု | ၂၈/၉ | ၃/၁၀ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၁၀ | ၄၀၅ | ▼ | ၆၃၉ | ၆၅၆ | ▲ | ၆၃၉ | ၆၅၆ | ▲ |
| ပဲစင်းငုံ | ၃၁၀ | ၃၀၅ | ▼ | ၅၆၃ | ၅၈၀ | ▲ | ၆၁၆ | ၅၈၇ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၆၈၄ | ၇၁၇ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၁၁၄၅ | ၁၁၃၀ | ▼ | ၈၃၆ | ၈၃၉ | ▲ | ၈၆၇ | ၈၈၅ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၆.၉.၁၇)ထိ | ယခုတစ်ပတ် (၂၃.၉.၁၇)ထိ | (၁.၁.၁၇) မှ (၂၃.၉.၁၇) ထိ |
| မတ်ပဲ | ၃၉၁၄၁၄ | ၅၃၆၂ | ၃၉၆၇၇၆ |
| ပဲတီစိမ်း | ၁၀၁၇၁၇ | ၉၂၂ | ၁၀၂၆၃၉ |
| ပဲစင်းငုံ | ၁၉၇၈၅၉ | ၁၇၇၃ | ၁၉၉၆၃၂ |
| ကုလားပဲ | ၃၆၆၂၉ | ၂၆၂ | ၃၆၈၉၁ |
| ပဲလွန်းဖြူ | ၁၂၅၈၄ | ၅၃ | ၁၂၆၃၇ |
| မြေထောက်ပဲ | ၉၀၇၃ | - | ၁၈၁၄၆ |

## အောက်တိုဘာပထမပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ် ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီဈေးနှုန်း အနည်းငယ် ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၂၃၀၀ဖြင့် တင်း၂၅၀ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။


ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ကုလားပဲဈေးနှုန်းများမှာ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၄၅၀၀၀ရှိပြီး ကုလားပဲဝါHL ၏ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျပြီး တစ်တင်းလျှင် ကျပ် ၄၃၀၀၀၊ ကုလားပဲဖြူလုံးကြီး929 တစ်တင်းလျှင် ကျပ် ၄၄၀၀၀ ဈေးတို့ဖြင့် တင်း ၅၀ နှင့် ၁၀၀ ကြား အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။

ပဲတီစိမ်းဈေးနှုန်းမှာလည်း ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျလျက်ရှိပြီး တက်ဈေးကိုမျှော်မှန်းသော်လည်း တောင်သူများ မျှော်မှန်းသလိုဖြစ်မလာခဲ့ဘဲ တစ်တင်းလျှင် ကျပ် ၂၇၅၀၀ ဈေးဖြင့် တင်း ၅၀ကျော်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပခုက္ကူဒေသထွက်နှမ်းဈေးနှုန်းမှာအနည်းငယ်မြင့်လျက်ရှိပြီး နှမ်းညိုတစ်တင်းလျှင် ကျပ် ၂၈၃၀၀၊ နှမ်းဝါ(ပြင်) တစ်တင်းလျှင် ကျပ် ၃၁၈၀၀၊ နှမ်းနီ တစ်တင်းလျှင် ကျပ် ၂၉၀၀၀၊ ပြောင်းဖူးစေ့(CP)ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်ကျပြီး တစ်တင်းလျှင် ကျပ် ၇၈၀၀ဖြင့် တင်း ၅၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရပါတယ်။ ဒေသထွက်ကုန်ဖြစ်သည့် မြေပဲဆီ (ဆုံဆီ) တစ်ပိဿာဈေးနှုန်းမှာ လက်ကားဈေး ကျပ် ၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ကြက်သွန်နီစိုက်တောင်သူများတွင် လက်ကျန်နည်း၊ အဝင်နည်းတာကြောင့် ကြက်သွန်နီဈေး အနည်းငယ်မြင့်တက်လျက်ရှိပြီး လက်ကားဈေးနှုန်းမှာ တစ်ပိဿာလျှင်ထိပ်စ ကျပ် ၂၁၀၀၊ အလတ်စ ကျပ် ၂၀၀၀၊ အနိမ့်စ ကျပ် ၁၉၀၀ရှိပြီး လက်လီဈေးနှုန်းမှာ တစ်ပိဿာလျှင် ထိပ်စ ကျပ် ၂၆၀၀၊ အလတ်စ ကျပ် ၂၄၀၀၊ အနိမ့်စ ကျပ် ၂၂၀၀ ဈေးဖြင့် တစ်နေ့လျှင် ပိဿာချိန် ၁၂၀၀၀ မှ ၄၀၀၀၀ ကြား နေ့စဉ်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည်ပဲမျိုးစုံဈေးကွက်မှာ နှစ်အလိုက်ကာလတူအချိန် ဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်း နှိုင်းယှဉ်မှု အခြေအနေ



ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပြည်တွင်းပြည်ပ အဝယ်ရှိသော ပဲများအားလုံးအနက် ပြည်တွင်းအဝယ်ရှိသော ပဲများ ပို အရောင်းအဝယ်ဖြစ်လျက်ရှိနေတာကို တွေ့ရပါတယ်။ ဩဂုတ်လအတွင်းက အိန္ဒိယနိုင်ငံရဲ့ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒများ ပြောင်းလဲခဲ့တာကြောင့် ပြည်ပဝယ်လက်များသော မတ်ပဲနှင့် ပဲစင်းငုံသီးနှံမှာ အရောင်းအဝယ်အေးခဲ့ပြီး ပဲတီစိမ်းသီးနှံသာ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့သလို ပဲဈေးနှုန်းများလည်း လျော့နည်းကျဆင်းခဲ့ပါတယ်။ ကျန်ပဲများဖြစ်တဲ့ ပဲကြီး၊ ကုလားပဲ စသည့်သီးနှံများကတော့ ပြည်တွင်းဝယ် လက်အဝယ်ရှိတာကြောင့် ဈေးကောင်းရလျက်ရှိသလို နှစ်အလိုက် ဈေးနှုန်း နှိုင်းယှဉ်မှုအရ အဆိုပါ ပဲနှစ်မျိုးမှာ ယခင်နှစ်များထက် ဈေးပိုရနေကြောင်း ဖော်ပြပါဇယားအရ လေ့လာတွေ့ရှိပါတယ်။

ရေတွက်ပုံ တင်းဈေး(ကျပ်)

| ပဲအမျိုးအစား | ၂၀၁၅ စက်တင်ဘာ | | ၂၀၁၆ စက်တင်ဘာ | | ၂၀၁၇ စက်တင်ဘာ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၆၂၀၀၀ | ၇၂၅၀၀ | ၄၅၀၀၀ | ၄၆၂၀၀ | ၁၈၂၀၀ | ၂၀၀၀၀ |
| ပဲတီစိမ်း | - | - | ၂၄၅၀၀ | ၂၈၀၀၀ | ၂၅၀၀၀ | ၂၈၀၀၀ |
| ပဲစင်းငုံ | - | - | ၃၂၀၀၀ | ၃၇၅၀၀ | ၁၂၅၀၀ | ၁၃၅၀၀ |
| ကုလားပဲ | ၃၅၀၀၀ | ၄၀၅၀၀ | ၄၁၅၀၀ | ၄၃၅၀၀ | ၄၅၅၀၀ | ၄၇၀၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၃၄၅၀၀ | ၃၅၀၀၀ | ၂၇၀၀၀ | ၂၇၅၀၀ | ၅၃၀၀၀ | ၅၅၀၀၀ |
| ပဲကြီး (ကမ်းနား) | ၃၂၀၀၀ | ၃၂၅၀၀ | ၂၃၀၀၀ | ၂၃၅၀၀ | ၄၇၀၀၀ | ၅၀၀၀၀ |
| ပဲပုပ် | ၁၇၅၀၀ | ၁၈၅၀၀ | ၂၂၀၀၀ | ၂၂၈၀၀ | ၂၇၅၀၀ | ၂၉၀၀၀ |

မတ်ပဲသီးနှံမှာ ၂၀၁၅ ခုနှစ်တွင် ဈေးအမြင့်ဆုံးနဲ့ ပဲဈေးကွက်မှာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှာတော့ ဈေးလျော့ခဲ့သော်လည်း ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးနဲ့ ဆက်လက်အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ပဲသစ်ပေါ်ချိန်မှစ၍ မတ်ပဲ ဈေးအေးခဲ့လို့ ပြည်ပဝယ်လက် ပဲများအနက် ပဲတီစိမ်းဈေးထက်လည်း ဈေးလျော့နေခဲ့ကာ ယခုအချိန်မှာတော့ အိန္ဒိယက ဝယ်လိုအား ကန့်သတ်လိုက်ခြင်းကြောင့် ပဲဈေးမှာ ထပ်မံလျော့နည်းသွားခဲ့ကာ ငွေလို၍ ရောင်းချသူအချို့ ဖြင့်သာ ရောင်းဝယ်မှု ဖြစ်နေခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံမှာ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း ပဲသစ်များဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ ပဲလက်ကျန်မရှိတော့ဘဲ ဇူလိုင်၊ ဩဂုတ်လများတွင်သာ အရောင်းအဝယ်သွက်ခဲ့ပါတယ်။ ဒါကြောင့် ဈေးကွက်အတွင်း ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် တစ်တင်း ကျပ် ၂၄၅၀၀ မှ ကျပ် ၂၈၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုနှစ်မှာလည်း တစ်တင်း ကျပ် ၂၈၀၀၀ ခန့်ထိသာ ရခဲ့တဲ့အတွက် ယခင်နှစ်ဈေးနှင့် ယခုနှစ်ဈေးနှုန်း ကွာခြားမှုသိပ်မရှိကြောင်း လေ့လာသိရှိရပါတယ်။ တရုတ်ဝယ်လက်အဝယ်ရှိလို့ မန္တလေးလိုင်းသမားများက ဝယ်လိုအားရှိကာ ပဲဈေးကွက်အတွင်း ပြည်ပဝယ်လက် ပဲများအနက် မတ်ပဲ၊ ပဲစင်းငုံသီးနှံထက်ပဲတီစိမ်းသီးနှံအရောင်းအဝယ် ပိုဖြစ်နေခဲ့တာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း ပဲတီစိမ်းသီးနှံကဲ့သို့ပင် ၂၀၁၅ ခုနှစ် စက်တင်ဘာလမှစ၍ ပဲလက်ကျန်မရှိသလိုပဲသစ်ဝင်ရောက်ခြင်းလည်း မရှိသေးတဲ့အတွက် အရောင်းအဝယ်မဖြစ်သေးဘဲ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှာတော့ ဈေးကွက်မှာ ပဲစင်းငုံသီးနှံ ပဲလက်ကျန် အနည်းငယ်ဖြင့် ရောင်းဝယ်နေကြပြီး ရန်ကုန်ဝယ်လက်မှ ရက်ခြားအဝယ်ရှိတာကို တွေ့ရပါတယ်။ ၂၀၁၆ ခုနှစ်မှာ တစ်တင်း ကျပ် ၃၇၅၀၀ ဖြင့် ဈေးကောင်းခဲ့ပြီး ယခုနှစ်မှာတော့ အိန္ဒိယက ပဲတင်သွင်းမှုကို ကန့်သတ်လိုက်တဲ့အတွက် ပဲဈေးနှုန်းများ ဈေးလျော့ခဲ့ကာ တစ်တင်း ကျပ် တစ်သောင်းကျော်သာရရှိခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံမှာ ပြည်တွင်း၌သာ ရောင်းဝယ်မှုများပြီး ပြည်ဈေးကွက်မှာလည်း ဒေသတွင်းသာ ရောင်းဝယ်ကြရသော်လည်း ဈေးနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် တရိပ်ရိပ် တက်လာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်တွင် မတ်ပဲသီးနှံထက် ဈေးလျော့နည်းရောင်းဝယ်ခဲ့ပေမယ့် ၂၀၁၇ ခုနှစ်မှာတော့ ဈေးကောင်းရခဲ့တဲ့ ပဲဖြစ်လို့ ပြည်ပဝယ်လက်ပဲများထက်ပင် ဈေးပိုခဲ့ကာ တစ်တင်း ကျပ် ၄၇၀၀၀ အထိ ရရှိနေခဲ့ပါတယ်။ မျိုးပဲဝယ်ယူမှုများလည်း စက်တင်ဘာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပဲကြီးသီးနှံကတော့ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ စက်တင်ဘာတွင် ကုလားပဲသီးနှံထက် ဈေးလျော့နည်း ရောင်းဝယ်ခဲ့ပေမယ့် ၂၀၁၇ ခုနှစ်အတွင်းမှာ ပဲကြီးသီးနှံ ဈေးကောင်းဆက်ရနေလို့ ကုလားပဲသီးနှံထက် ဈေးပိုလာသလို ဈေးကွက်အတွင်း ဈေးအမြင့်ဆုံး ရခဲ့တာကြောင့် ရွှေကျွန်းတစ်တင်း ကျပ် ၅၅၀၀၀၊ ကမ်းနားတစ်တင်း ကျပ် ၅၀၀၀၀ ဖြင့် ပဲကြော်ဖိုသမားများက ပုံမှန်ဝယ်ယူခဲ့ကြတာကို တွေ့ရပါတယ်။ ပဲကြီးသီးနှံမှာ ပြည်ခရိုင်အတွင်း စိုက်ပျိုးမှုနည်းလို့ မတ်ပဲ၊ ပဲတီစိမ်းသီးနှံများလောက် စိုက်ဧကမများသော်လည်း ဒေသတွင်းသာ ရောင်းဝယ်မှုများတာကြောင့် နေ့စဉ်ပုံမှန် ရောင်းဝယ်နေခဲ့ကြရတဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာ ယခုနှစ်မှာ ရှေ့ကနှစ်များကထက် ဈေးပိုလာတယ်ဆိုသော်လည်း အမြင့်ဆုံးဈေး မှာ တစ်တင်း ကျပ် ၂၉၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြတဲ့အတွက် ကုလားပဲ၊ ပဲကြီးသီးနှံများထက် ဈေးလျော့နည်းနေခဲ့ကာ ပဲဈေးကွက်မှာ ဈေးအနိမ့်ဆုံးနဲ့ ရောင်းဝယ်နေတဲ့ပဲ ဖြစ်ခဲ့ပါတယ်။ **ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၂.၁၀.၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း (၁) | - GSS YANGON | ကုန်သေတ္တာ ၅၉၇ ကုန်တင်ဆဲ |
| အလုံဆိပ်ကမ်း (၁) | - HUNSA BHUM | ကုန်သေတ္တာ ၅၅၄ ကုန်တင်ဆဲ |
| အလုံဆိပ်ကမ်း (၃) | - TRANG AN -05 | ဆန် ၁၀၀၀၀ တန်ကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၁) | - XETHA BHUM | ကုန်သေတ္တာ ၅၉၀ ကုန်တင် ၄၇၀ ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၂) | -PATHEIN STAR | ကုန်သေတ္တာ ၄၃၆ ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - PATRIA | ဆန် ၁၅၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - BLUE GATE | ဆန် ၂၀၀၀၀ တန် ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - IDM DOODLE | Steel ၁၀၀၈၂ တန် ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၁) | - SHAMIM | ကုန်သေတ္တာ ၆၄၆ ကုန်တင်ဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - KANG YU | Steel Product ၂၀၁၆၂ တန်ကုန်တင်ဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HAN ZHANG | Stator Assembly(1)Unit ၅၆ တန်ကုန်ချရန် | CHINA | ၂၈.၉.၂၀၁၇ |
| HONG KAI | Fertilizer & Steel ၁၇၅၁၈တန်ကုန်ချရန် | CHINA | ၃.၁၀.၂၀၁၇ |
| HANDY STRANGER | Rice ၂၀၀၀၀ တန်ကုန်တင်ရန် | W/AFRICA | ၃.၁၀.၂၀၁၇ |
| HOANG PHONE STAR | Ammonium Nitrate ၃၀၈၁ | VIETNAM | ၃.၁၀.၂၀၁၇ |
| LIMCO ACE | Equipment ၆၉၇ တန်ကုန်တင်ရန် | VIETNAM | ၄.၁၀.၂၀၁၇ |
| TUG:BONIA STAR-21 + BUG:SINGA BESAR 2305 | Spun Concret Piles ၃၃၅၁ ကုန်ချရန် | MALAYSIA | ၄.၁၀.၂၀၁၇ |
| MAAN AUNG | သကြား ၅၇၀၀ တန်ကုန်ချရန် | THAILAND | ၆.၁၀.၂၀၁၇ |
| HANTHAR | Steel Products ၅၁၀၀တန်ကုန်ချရန် | INDIA | ၇.၁၀.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BIPL TRUST | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၃.၁၀.၂၀၁၇ |
| OEL MALAYSIA | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၃.၁၀.၂၀၁၇ |
| MCC SINGAPORE | SINGAPORE | သီလဝါဆိပ်ကမ်း | ၃.၁၀.၂၀၁၇ |
| OCEAN ARROW | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃.၁၀.၂၀၁၇ |
| MAERSK WARSAW | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃.၁၀.၂၀၁၇ |
| SINAR BATAM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁၀.၂၀၁၇ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁၀.၂၀၁၇ |
| PACAFIC STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၁၀.၂၀၁၇ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၅.၁၀.၂၀၁၇ |
| DAWEI | MALAYSIA | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၅.၁၀.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.BOSSOIL-1 | P'Oil (In Bulk) | - | ၁.၁၀.၂၀၁၇ |
| MT.OCEAN PREMIER | ဒီဇယ်ဆီ | - | ၂.၁၀.၂၀၁၇ |
| MT.SINGA PERAIS | ဒီဇယ်ဆီ | SINGAPORE | ၃.၁၀.၂၀၁၇ |
| MT.MESON | P'Oil (In Bulk) | INDONESIA | ၃.၁၀.၂၀၁၇ |
| MT.BTS CAPELLA | MOGAS 92 RON | SINGAPORE | ၃.၁၀.၂၀၁၇ |
| MT.YU RU | MOGAS 92 RON | SINGAPORE | ၃.၁၀.၂၀၁၇ |
| MT.MADEIRO | MOGAS 92 RON | SINGAPORE | ၅.၁၀.၂၀၁၇ |
| MT.OCEAN PROGRESS | ဒီဇယ်ဆီ | SINGAPORE | ၅.၁၀.၂၀၁၇ |
| MT.OCEAN AUTUMN | ဒီဇယ်ဆီ | SINGAPORE | ၇.၁၀.၂၀၁၇ |
| MT.POLARIS | MOGAS 92 RON | SINGAPORE | ၈.၁၀.၂၀၁၇ |

## ပြည်ကုလားပဲ ဈေးငြိမ်သော်လည်း ဈေးကောင်းရလျက်ရှိ

အောက်တိုဘာလဆန်း ပြည်ပဲမျိုးစုံဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိတဲ့ ကုလားပဲသီးနှံဟာ ပန်းတောင်း၊ မင်းတုန်း၊ ကံမမြို့နယ်များမှ နေ့စဉ် အိတ် ၁၅၀ မှ ၂၀၀ ခန့်သာ အဝင်ရှိခဲ့ပါတယ်။

ခွဲစက်သမားများမှ နေ့စဉ်ဝယ်ယူခဲ့တာကြောင့် အိတ် ၂၀၀ ကျော် ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၄၅၅၀၀ ဖြင့် အမြင့်အတိုင်း ဈေးငြိမ်ခဲ့ပြီး ယခုတစ်ပတ်အတွင်း မျိုးပဲ သီးနှံ သိပ်အဝယ်မရှိဘူးလို့ သိရပါတယ်။ မတ်ပဲအစားထိုးသီးနှံအဖြစ် တချို့ဒေသများတွင် ကုလားပဲသီးနှံ စိုက်ပျိုးလာကြတဲ့အတွက် မျိုးပဲအဝယ်လိုက်ချိန်မှာ ကုလားပဲဈေး ထပ်မံမြင့်တက်လာနိုင်ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင်မှာ စက်တင်ဘာလ စတုတ္ထပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်း

စက်တင်ဘာလစတုတ္ထပတ်တွင်း ဖြစ်ပေါ်ခဲ့သော မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ ပဲစင်းငုံ၊ မတ်ပဲသီးနှံပေါက်ဈေးနှုန်းများမှာ ဈေးအတက်အကျများဖြစ်ပေါ်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၁၂၆၀၀နှုန်းနဲ့ အိတ်၅၀၀ခန့်၊ မတ်ပဲသီးနှံ တစ်တင်းလျှင် ကျပ် ၁၉၀၀၀ နှုန်းနဲ့ အိတ် ၂၀၀ခန့်၊ ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၂၉၀၀၀ အထိမြင့်တက်လာပြီး အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ကုလားပဲဈေးကွက်မှာ ပြည်တွင်းမှ ဝယ်ယူမှု များနေပြီး မျိုးပဲအဝယ်သမားများနှင့် ကြာဆန်စက်၊ ပဲခွဲစက်တွေကလည်း ပုံမှန်ဝယ်ယူနေတဲ့အတွက် အတက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကုလားပဲဖြူလုံးကြီး တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၄၆၀၀၀၊ ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၄၃၅၀၀၊ 929 တစ်တင်းလျှင် ကျပ် ၄၄၅၀၀၊ V7 တစ်တင်းလျှင် ကျပ် ၅၀၀၀၀နှုန်းနဲ့ အသီးသီးအရောင်းအဝယ်ဖြစ်လျက် ရှိကြောင်း သိရပါတယ်။

ပဲဈေးကွက်အတွင်း ပဲကြီးသီးနှံနှင့် ကုလားပဲသီးနှံ ပေါက်ဈေးနှုန်းမှာ အမြင့်ဆုံးရှိနေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ပဲကြီး တစ်တင်း ပေါက်ဈေးနှုန်းမှာ ကျပ် ၆၂၀၀၀ မှ ၆၆၀၀၀ နှုန်းပေါက်လျက်ရှိပြီး စွန်တာနီ၊ ပဲနီလုံးကြား၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ဂျုံ၊ CP ပြောင်း စသည့်သီးနှံများမှာလည်းဈေးနှုန်း အတက်/အကျ အနည်းငယ်ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ် စွန်တာနီပဲ တစ်တင်း ကျပ် ၃၂၅၀၀၊ ပဲနီလုံးကြားတစ်တင်း ကျပ် ၄၀၀၀၀၊ ထောပတ်ပဲတစ်တင်း ကျပ် ၃၀၀၀၀၊ မြေထောက်ပဲတစ်တင်း ကျပ် ၃၉၀၀၀၊ ဂျုံတစ်တင်း ကျပ် ၂၀၀၀၀၊ CP ပြောင်းတစ်တင်း ကျပ် ၇၇၀၀နှုန်းနဲ့ အသီးသီးပေါက်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင် သတင်းရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ပြည်ပဲတီစိမ်းသီးနှံ အရည်အသွေးကြောင့် ဈေးအနည်းငယ်လျော့ခဲ့

ပြည်ပဲဈေးကွက်အတွင်း မိုးပဲတီစိမ်းသီးနှံ နေ့စဉ်အဝင်ရှိခဲ့သော်လည်း အိတ် ၁၀၀ မှ ၁၅၀ ကျော်သာ ဝင်ရောက်ခဲ့လို့ စက်တင်ဘာလကုန်ပတ်ထက် ပဲအဝင် ပါးသွားတာကို တွေ့ရပါတယ်။ မန္တလေးဝယ်လက်က နေ့စဉ် ဝယ်လိုအားရှိတာ ကြောင့် ဝင်ရောက်လာသမျှ ပဲအိတ်အရေအတွက် ပမာဏအတိုင်း အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။

ပဲဈေးမှာ ပဲအရည်အသွေးပေါ်လိုက်ပြီး ဈေးပေးခဲ့လို့ တစ်တင်း ကျပ် ၂၇၅၀၀ ဖြင့် လကုန်ရက်ထက် ကျပ် ၅၀၀ ခန့် လျော့နည်းသွားခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံမှာ စပေါ် ချိန်မှစ၍ ယခုအချိန်ထိ ဈေးအတက်အကျ သိပ်မဖြစ်ဘဲ ယခုနှစ်အတွင်း ဈေးငြိမ်ငြိမ်နဲ့ ရောင်းဝယ်နေခဲ့ကြတာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင်မှာ စက်တင်ဘာလ စတုတ္ထပတ်အတွင်း မြေပဲဆန်ဈေးအနည်းငယ်ကျဆင်း

မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် စက်တင်ဘာလ စတုတ္ထပတ်မှာ ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ဈေးကွက်မှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် ကျဆင်းလျက်ရှိပြီး အရောင်းအဝယ်ကတော့ ပုံမှန်သာဖြစ်ကြောင်း ပဲကုန်သည် တစ်ဦးထံမှ သိရပါတယ်။

ဆီဆန်ဈေးကို မုံရွာမြို့တွင်း ဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက်သမားများက အဝယ်လိုက်၍ အရောင်းအဝယ် သွက်လျက်ရှိကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူနှင့် လုံးဆန်နီများကို ဆားလှော်သမားများက မုံရွာကုန်စည်ဒိုင်သို့ အဝင်ရှိသလောက် ဝယ်ယူလို့ အရောင်းအဝယ်ဖြစ်လျက်ရှိနေတာသိရပါတယ်။ ယခုတစ်ပတ် မြေပဲဆန် တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ် ၂၂၅၀နဲ့ အိတ်၃၀၀ခန့်၊ (လုံးဆန်နီ) ကျပ် ၂၂၀၀နဲ့ အိတ် ၁၀၀ ခန့်၊ (ဆီဆန်) ၁၈၂၅ ကျပ်နဲ့ အိတ် ၄၀၀ ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကာ ဆီဆန်ကတော့ အရောင်းအဝယ်အဖြစ်များကြောင်း သိရပါတယ်။

ယခင်တစ်ပတ်က မြေပဲဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ်၂၃၅၀၊ (လုံးဆန်နီ) ကျပ်၂၂၀၀၊ (ဆီဆန်) ကျပ် ၁၈၅၀ နှုန်းပေါက်လို့ ယခုတစ်ပတ်နှင့် နှိုင်းယှဉ်ပါက ယခင်တစ်ပတ် ပေါက်ဈေးအောက် လျော့နေကြောင်း သိရပါတယ်။ မြေပဲဆီတစ်ပိဿာ (လက်ကား) ကျပ် ၃၉၀၀၊ (လက်လီ) ကျပ် ၄၇၀၀မှ ၄၈၀၀နှုန်း ပေါက်လျက်ရှိကြောင်း သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## အောက်တိုဘာပထမပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့် ဈေးနှုန်း

ယခုတစ်ပတ် ရေစကြို ကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်နီ(မြောင်) တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ ကျွန်းဆန် တစ်ပိဿာလျှင် ကျပ်၁၉၀၀၊ S1(မြေပဲဖြူလုံးဆန်) တစ်ပိဿာလျှင် ကျပ် ၁၉၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။

ရေစကြိုဒေသထွက် မတ်ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယကျပြီး တစ်တင်းလျှင် ကျပ် ၁၇၀၀၀ မှ ကျပ် ၁၈၅၀၀၊ စွန်တာပြာတစ်တင်းလျှင်ကျပ် ၃၀၀၀၀၊ ပဲဇီးကွက်ဈေးနှုန်းမှာလည်း စက်တင်ဘာတတိယပတ်တွင် ဈေးအနည်းငယ်မြင့်လျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၃၅၀၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၃၀၀၀၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၆၀၀၀နှင့် ကျပ် ၂၇၀၀၀ဈေးဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းတွေ့ရသည်။ ကုလားပဲများဖြစ်သော HLတစ်တင်းလျှင် ကျပ် ၄၂၅၀၀၊ V2 တစ်တင်းလျှင် ကျပ် ၄၃၅၀၀ဖြင့် တင်းနှစ်ရာကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

နှမ်းဖြူသန့်အနိမ့်ဈေး ကျပ် ၃၂၀၀၀၊ အမြင့်ဈေး ကျပ် ၃၄၀၀၀ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## စက်တင်ဘာလ စတုတ္ထပတ်အတွင်း မုံရွာကြက်သွန်နီဈေးကွက်နှင့် ဈေးနှုန်း

ယခုတစ်ပတ် မုံရွာ (ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ကြက်သွန်နီဈေးကွက်မှာ ယခင်တစ်ပတ် ပေါက်ဈေးနှုန်းထက် ပြန်လည်မြင့်တက်လာပြီး အရောင်းအဝယ်လည်းသွက်လာကြောင်း သိရပါတယ်။ နေ့စဉ်ပွဲရုံသို့ ကြက်သွန်နီ ပိဿာ ၁၀၀၀၀ ကျော်အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ သီတင်းကျွတ်ပွဲတော်များကြောင့် ယခုတစ်ပတ်မှာ အရောင်းအဝယ်သွက်ကာ ဈေးမြင့်နေကြောင်း သိရပါတယ်။

ယခုတစ်ပတ်ပွဲရုံများတွင်ကြက်သွန်နီတစ်ပိဿာ လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၂၁၅၀၊ (လတ်) ကျပ် ၂၀၀၀၊ (သေး) ကျပ် ၁၈၅၀ နှုန်းပေါက်ပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၂၃၀၀၊ (လတ်) ကျပ် ၂၂၀၀၊ (သေး) ကျပ်၁၉၀၀ နှုန်းနဲ့ ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်က လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၂၀၀၀၊ (လတ်) ကျပ် ၁၉၀၀၊ (သေး) ၁၈၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၂၂၀၀၊ (လတ်) ကျပ် ၂၀၀၀၊ (သေး) ကျပ် ၁၉၀၀ နှုန်းပေါက်လို့ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက်ပို၍ ဈေးမြင့်တက်လာကြောင်း တွေ့ရပါတယ်။

မုံရွာကြက်သွန်ဖြူဈေးကွက်ကတော့ ဈေးအတက်၊ အကျသိပ်မရှိဘဲ ပုံမှန်အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူ ပိဿာ ၁၀၀၀ ခန့်အဝင်ရှိကာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ တစ်ပိဿာပွဲရုံပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၀၀၀ နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၅၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၅၀၀နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

## ယခုနှစ် ပြည်ပဲနီပြားသီးနှံ ဈေးကောင်းရလျက်ရှိ

ပြည်ပဲမျိုးစုံဈေးကွက်မှာ လက်လီသမားများနဲ့ အဓိကထား ရောင်းဝယ်မှုဖြစ်တဲ့ သီးနှံများအနက် ပဲနီပြားသီးနှံသည် ဈေးကောင်းရနေတဲ့ ပဲအမျိုးအစားထဲမှာ ပါဝင်နေတာကို တွေ့ရပါတယ်။ ယခုနှစ်အတွင်း ပြည်တွင်းဝယ်လက် ပဲမျိုးစုံ ဈေးကောင်းရခဲ့ကြတာကြောင့် ပဲနီပြားသီးနှံသည် တစ်တင်း ကျပ် ၃၃၀၀၀ ဖြင့် ဘိုကိတ်၊ ပဲပုပ်သီးနှံဈေးများထက်လည်း ဈေးပိုရနေခဲ့ပါတယ်။ ဩဂုတ်လကုန်ပတ်မှစ၍ ပဲဈေးနှုန်းမြင့်တက်လာခဲ့လို့ တစ်တင်း ကျပ် သုံးသောင်းအထက် ရရှိလာကာ ယခုအချိန်ထိလည်း ဈေးကောင်းဆက်ရနေခဲ့ပါတယ်။ ယခင်နှစ်က ပဲနီပြားသီးနှံရဲ့ အောက်တိုဘာလဆန်းဈေးကွက်၌ ရရှိခဲ့သောဈေးမှာ တစ်တင်း ကျပ် ၂၄၅၀၀ ခန့်သာရရှိလို့ ယခုနှစ်မှာ တစ်တင်း ကျပ်တစ်သောင်းနီးပါး အထိ ဈေးပိုလာကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်မိုးနှမ်းနီ ဝယ်လိုအားရှိပေမယ့် ပစ္စည်းပြတ်သွားလို့ ဈေးကျလာ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနက်နှင့် စမုံနှမ်းနက်မှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေသော်လည်း နှမ်းနီမှာ ဈေးအနည်းငယ်ကျလာတာ တွေ့ရပါတယ်။ မြန်အောင်၊ ကြံခင်း နှင့် နတ်တလင်းဘက်ရှိတာပွန်ရွာမှ တစ်နေ့လျှင် နှမ်းအိတ် ၅၀၀ ခန့်သာ ဝင်ရောက်နေတာ တွေ့ရပါတယ်။ နှမ်းနီမှာ အဝယ်ရှိပေမယ့် ပစ္စည်းလက်ကျန် နည်းလာလို့ ဈေးပါကျလာတာ တွေ့ရပါတယ်။

ယခင် စက်တင်ဘာလဆန်းတွင် ဖြစ်ပေါ်ခဲ့သော နှမ်းဈေး များမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၃၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၃၀၀၀ ဈေးဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ် အောက်တိုဘာလဆန်းဈေးနှုန်းမှာ နှမ်းနီ သုံးတင်း တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်း တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် ယခုတစ်ပတ်တွင် ရောင်းဝယ်နေတာတွေ့ရပါတယ်။ ယခင်နှစ် ကာလတူဈေးနှုန်းမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၄၅၀၀ ရှိခဲ့တာ တွေ့ရပါ တယ်။ နှမ်းနီနှင့် နှမ်းနက်မှာ မနှစ်ကအတိုင်း ဈေးတူနေသော်လည်း စမုံနက်နှမ်းဈေးမှာ ယခင်နှစ်ကလောက် ဈေးကောင်းမရတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## ငါးကြိမ်မြောက် Myanmar Water 2017 ကို အောက်တိုဘာလအတွင်း ရန်ကုန်မြို့၌ သုံးရက်ကြာပြုလုပ်မည်

ငါးကြိမ်မြောက် Myanmar Water 2017 ကို အောက်တိုဘာ ၂၆ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့၊ တပ်မတော်ခန်းမ၌ သုံးရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲနှင့်အတူ တတိယအကြိမ် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်နှင့် စွမ်းအင်အား ထိရောက်စွာအသုံးချခြင်းပြပွဲ (RE EE 2017) ကို ပူးတွဲကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“Myanmar Water 2017 ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ရေစီမံခန့်ခွဲမှုကို သိစေချင်တာပါ။ ရေအရင်းအမြစ်ကို ဘယ်လိုစီမံခန့်ခွဲမလဲ၊ သန့်စင်ထားတဲ့ ရေကို ဘယ်လိုအသုံးချမလဲ၊ သုံးစွဲပြီးတဲ့ ရေတွေကို မူလရေအရင်းအမြစ်တွေဖြစ်တဲ့ မြစ်ချောင်းအင်းအိုင်တွေထဲကို သန့်စင်တဲ့နည်းလမ်းနဲ့ ဘယ်လိုပို့နိုင်မလဲဆိုတာကို သိစေချင်တာပါ။ ဒီလိုလုပ်နိုင်ဖို့ နည်းပညာလိုအပ်သလို စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးရှိဖို့ လိုအပ်ပါတယ်။ ဒီပွဲမှာ ဒီအကြောင်းအရာတွေကို ရှင်းလင်းပြသသွားမှာဖြစ်ပါတယ်”ဟု UBM Asia ၏ မန်နေဂျင်းဒါရိုက်တာ Mr.M. Ghandhi က ပြောသည်။

Myanmar Water 2017 ပြပွဲတွင် နိုင်ငံပေါင်း ၈၀ ကျော်မှ ကုမ္ပဏီ ၁၈၀ ကျော် လာရောက်ပြသမည်ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်နှင့် စွမ်းအင်အား ထိရောက်စွာအသုံးချခြင်းပြပွဲ (RE EE 2017) တွင် နေရောင်ခြည်စွမ်းအင်၊ ဇီဝဒြပ်ထုနှင့် ဇီဝလောင်စာ၊ လေအားလျှပ်စစ်၊ ရေအားလျှပ်စစ်နှင့် ဘူမိစွမ်းအင်အပါအဝင် စက်မှုလုပ်ငန်းရှိ ကဏ္ဍပေါင်းစုံမှ ဝန်ဆောင်မှုနည်းပညာများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုကို ထောက်ပံ့ပေးမည့်အဖွဲ့များနှင့် ပစ္စည်းကိရိယာများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar Water 2017 ပြပွဲနှင့် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်နှင့် စွမ်းအင်အား ထိရောက်စွာအသုံးချခြင်းပြပွဲ (RE EE 2017)တို့အား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အပြည်ပြည်ဆိုင်ရာရေအရင်းအမြစ်အသင်း၊ Singapore Manufacturing Federation (SMF)၊ ထိုင်ဝမ်ပတ်ဝန်းကျင်ဆိုင်ရာ ထုတ်လုပ်သူများအသင်း၊ ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်အသင်း (မြန်မာနိုင်ငံ)နှင့် ကုလသမဂ္ဂစက်မှုလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့မှ ကူညီထောက်ပံ့ပေးကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်စားတော်ပဲသီးနှံ ဈေးကောင်းရပြီး လက်လီသာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်မှာ အောက်တိုဘာလဆန်းရက် သီတင်းကျွတ်ကာလတွင် လက်လီပဲများ အရောင်းအဝယ်ဖြစ်လျက်ရှိလို့ စားတော်ပဲသီးနှံဟာဆိုလျှင်လည်း လက်လီဝယ်ယူသူများဖြင့် အရောင်းအဝယ် ပုံမှန်ဆက်ရှိနေတာကြောင့် နေ့စဉ် အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ လက်လီသာ အရောင်းအဝယ်ဖြစ်တဲ့ပဲ ဖြစ်သော်လည်း နှစ်စဉ်လိုလို ဈေးကောင်းရလျက်ရှိတာကြောင့် တစ်တင်း ကျပ် ၄၇၅၀၀ ဖြင့် ပဲနီပြား၊ ထောပတ်ပဲ၊ ပဲလွန်းဖြူသီးနှံများထက် ဈေးပိုကောင်းလို့ လက်လီပဲများထဲမှာ စားတော်ပဲသီးနှံဟာ ဈေးအမြင့်ဆုံးဖြစ်ခဲ့ပြီး ပြည်ပဝယ်လက်ပဲများထက်လည်း ဈေးကောင်းရနေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

### ချင်း

## စစ်တွေမှ ချင်းစိုပိုမိုတင်ပို့

စက်တင်ဘာ ၂၃ရက်မှ ၂၉ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၀၀၀တန်ဖိုးရှိ ချင်းစို ၂၅တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်က စစ်တွေမှ ချင်းတင်ပို့မှုမရှိခဲ့တာ တွေ့ရပါတယ်။

စက်တင်ဘာလတစ်လလုံးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စစ်တွေမှတစ်ဆင့် ချင်းစို ၅၁တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ စစ်တွေမှာ ချင်းစိုတစ် တန်ကို မိမိဘက်ပေါက်ဈေးမှာ(ငွေလဲနှုန်းအရ) ၁၀၂၉၃၄၄ ကျပ်ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၉၂၁၈၈၀ဈေးရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## သီတင်းသုံးပတ်အတွင်း ချင်းတန်ချိန် ၃၀၀ နီးပါးတင်ပို့

စက်တင်ဘာ ၁ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၂၉၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၃၈၅၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### မန်ကျည်း


## သီတင်းသုံးပတ်အတွင်း မန်ကျည်းတန်ချိန် ၂၀၀ တင်ပို့

စက်တင်ဘာ ၁ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း တန်ချိန် ၂၀၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ သီတင်း သုံးပတ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ၁၆၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### နနွင်း

## သီတင်းသုံးပတ်အတွင်း နနွင်းတန်ချိန် ၃၀၀ ကျော် တင်ပို့



စက်တင်ဘာ ၁ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၃၁၃ ဒသမ ၇၀၅ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ သီတင်းသုံးပတ်အတွင်း မလေးရှားနိုင်ငံသို့ ၁၅ ဒသမ ၇၂၅ တန်၊ အီရန်နိုင်ငံသို့ ၅၄ တန်၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၃၆တန်၊ စင်ကာပူနိုင်ငံသို့ ၇၃ ဒသမ ၉၈ တန်နဲ့ အိန္ဒိယနိုင်ငံသို့ ၁၃၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ပင်လယ်ရေကြောင်းလမ်း နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၈၄၃၆၅ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ပဲမျိုးစုံ ရောင်းဝယ် သိုလှောင်ကြမည်ဆိုလျှင်

| မျိုးသူ-ကုန်သွယ်မြှင့်တင် |

ကျွန်တော်တို့ အလုပ်ထဲဝင်စဉ်က ပဲတစ်တင်းတွင်ရှိသည့် အလေးချိန်များကို ပဲအလိုက်မှတ်မိစေရန် ကဗျာလုပ်၍ ကျက်မှတ်ကြရပါသည်။ ယင်းကဗျာမှာ "ထော-စွန်-ကုလား-ဖြူကြီး-ကြား ၆၉ မှာထား၊ ကျန်ပဲများဆို ၇၂"ဟု ရွတ်ဆိုပြီး မှတ်ခဲ့ရပါသည်။ ထောပတ်ပဲ၊ စွန်တာနီ၊ စွန်တာပြာ၊ ကုလားပဲ၊ ပဲဖြူကြီး၊ ပဲကြား တို့၏ တစ်တင်း အလေးချိန်မှာ ၆၉ ပေါင်ဖြစ်ပြီး ကျန်ပဲများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံစသောပဲများမှာ တစ်တင်း လျှင် ၇၂ ပေါင်ရှိသည်ဟု သတ်မှတ်ထားသည်ကို ကျက်မှတ်ခဲ့ကြခြင်းဖြစ်ပါသည်။

ယင်းကာလမှာ ဆိုရှယ်လစ်စီးပွားရေးခေတ်တွင်ဖြစ်ပြီး ယခုအခါတွင် ယင်းပဲများကို အဆိုပါတင်းနှုန်းများနှင့်ပင် ဆက်လက်သတ်မှတ်ထားသည်ဟု ထင်ပါသည်။ သို့ရာတွင် တစ်တင်းရှိ အလေးချိန်ကို အဓိကမထားကြဘဲ တစ်ပိဿာစျေးနှုန်းများဖြင့်သာ အရောင်းအဝယ်ပြုလုပ်ကြသည်ကို တွေ့ရပါသည်။ မန္တလေးကုန်စည်ဒိုင်တွင်သာ သုံးတင်းတစ်အိတ်စျေးများဖြင့် ပေါက်စျေးများကို ကြေညာရောင်းဝယ်ကြဆဲဖြစ်ပါသည်။ ပဲများကို ကျွန်တော်တို့ ပြည်ပတင်ပို့ရာတွင် အောက်ပါ အရည်အသွေး၊ စံချိန်စံညွှန်းများဖြင့် ပြည်ပသို့ရောင်းဝယ်ကြပါသည်။ သတ်မှတ်လေ့ရှိသော ရူပဆိုင်ရာအရည်အသွေးများမှာ အစိုဓာတ်ပါဝင်မှု၊ ဖုံသဲခဲ အဖျင်းအမှော်ပါဝင်မှု၊ ပိုးထိုးပိုးကိုက်ပါဝင်မှု၊ လုံးပိန်လုံးညှပ်ပါဝင်မှု၊ ရောင်ကွဲပါဝင်မှု၊ ပဲညီအစ်မပါဝင်မှု၊ အခြားပျက်စီးပါဝင်မှုများ ဖြစ်ကြပါသည်။ ယခင်က ဓာတုဆေးဝါးများ၏ ဆေးကြွင်းပါဝင်မှုသည် ယခုခေတ်ကဲ့သို့ အများအပြားသုံးစွဲခြင်း မရှိသေးသကဲ့သို့ တိုင်းတာခြင်းလည်း မရှိသေးပါ။ ကုန်ဝယ်ဒိုင်များတွင်လည်း မတိုင်းနိုင်သေးပါ။ ယခင်က ကုန်သွယ်လယ်ယာဌာနတွင် ပိုးသတ်အဖွဲ့ဟု သတ်မှတ်ထားသော team တစ်ခုကို လက်ထောက်တိုင်းမန်နေဂျာရုံးတိုင်းတွင် ထားပါသည်။ လက်ထောက်တိုင်းမန်နေဂျာ အုပ်ချုပ်ရသောနယ်မြေအတွင်းရှိ ကုန်ဝယ်ဒိုင်၊ ဆန်စက်၊ ဆန်သိုလှောင်ရုံနှင့် ပဲပြောင်းသိုလှောင်ရုံများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပိုးသတ်ရပါသည်။ အများအားဖြင့် မီသိုင်းဗရိုမိုဒ်ကို အသုံးပြုကြပြီး ပလတ်စတစ် အစကြီးများ၊ ဘေးတွင်ဖိသည့် သဲအိတ်ငယ်များ၊ ပိုးသတ်ဆေးဖျန်းသည့်စက်များ၊ မျက်နှာဖုံးအစွပ်များ၊ လက်အိတ်များ၊ သတိပေးသည့်စာတမ်းများဖြင့် စနစ်တကျလုပ်ဆောင်ခဲ့ကြသည်ကို တွေ့ခဲ့ရပါသည်။ ဓာတုဆေးကြွင်းကြောင့် နိုင်ငံတကာတွင်လည်း ငြင်းပယ်ခံရခြင်းမျိုးကို မတွေ့ခဲ့ရပါ။ ကုန်သွယ်လယ်ယာဌာနကို ၂၀၁၅ခုနှစ်တွင် လျှော့ချ ဖျက်သိမ်းခဲ့သည့်နောက်ပိုင်းတွင် အစိုးရကသီးနှံများကို တောင်သူထံမှ တိုက်ရိုက်ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ရောင်းချခြင်းများကို လုံးဝရောင်းချခြင်းမရှိတော့ပါ။ ကုန်သည်များကသာ ယင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်မှာ ယခုအထိဖြစ်ပါသည်။ ကုန်သွယ်လယ်ယာမှ ပိုးသတ်အဖွဲ့များလည်း လုံးဝပျောက်ကွယ်သွားသည်ကို တွေ့ရပါသည်။

ယခုအခါ အိန္ဒိယက မတ်ပဲနှင့် ပဲစင်းငုံ တင်သွင်းခွင့်ကို ကန့်သတ်သည့်အခါ မိမိနိုင်ငံအတွင်းမှ ထွက်ရှိလာမည့်ပဲများကို ကာလရှည်သိုလှောင်ရသည်များလည်း ရှိလာနိုင်ပါသည်။ အစိုးရက ဝယ်ယူသည်ဖြစ်စေ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဝယ်ယူသည်ဖြစ်စေ၊ ပုဂ္ဂလိက က ဝယ်ယူသည်ဖြစ်စေ ကာလတစ်ခုအထိ သိုလှောင်ရမည်ဖြစ်သဖြင့် သိုလှောင်ရာတွင် ကြုံတွေ့ရမည့် အလေျာ့တွက်များကို ယခင်ကသုတေသနများအပေါ် သတ်မှတ်ခဲ့သည့် ပဲမျိုးစုံနှင့်ဆိုင်သော အလေျာ့များကို ရေးသားဖော်ပြပေးလိုပါသည်။ အတိုင်းအတာတစ်ခုအထိ အသုံးဝင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ထောပတ်ပဲ၊ စွန်တာနီ/ပြာ၊ ပဲဖြူကလေး၊ ပဲကြီး၊ ပဲလွန်း၊ ဘိုကိတ်၊ ကုလားပဲ၊ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲရာဇာနှင့် ပဲရင်းဟူသော ပဲ၁၂မျိုးအတွက် သယ်ယူပို့ဆောင်မှု အလေျာ့များကို သုည ဒသမ ၂၅ ရာခိုင် နှုန်း၊ သုည ဒသမ ၃၀ရာခိုင်နှုန်းနှင့် သုည ဒသမ ၄၀ ရာခိုင်နှုန်းဟု သုံးမျိုးခွဲထားကြောင်း သိရပါသည်။ အဆိုပါအချိန်က ဂုံနီအိတ်များ၊ ပီနန်အိတ်များဖြင့် သယ်ယူခြင်း၊ မော်တော်ကား၊ မီးရထား၊ သင်္ဘောများဖြင့် သယ်ယူပို့ဆောင်မှုများရှိပြီး ယင်းသယ်ယူမှုအားလုံးအတွက် ပျမ်းမျှအနေဖြင့် တွေ့ရှိချက်ဖြစ်ကြောင်း သိရပါသည်။ သုည ဒသမ ၂၅ရာခိုင်နှုန်းဖြစ်သဖြင့် အိတ်နှင့် ပစ္စည်းနှစ်မျိုးစလုံးပေါ်တွင်ရှိသော gross weight အပေါ်တွင်ဖြစ်ပြီး ထိုစဉ်က တစ်အိတ်လျှင် ပစ္စည်းအလေးချိန်ကို ၅၀ ကီလို ထည့်သွင်းသဖြင့် အိတ်ခွံသည် ပီနန်ဖြစ်ပါက အနည်းငယ်သာလေးသဖြင့် မစဉ်းစားပါက ၅၀ ကီလို၏ သုည ဒသမ ၂၅ ရာခိုင်နှုန်းသည် သုည ဒသမ ၁၂၅ ကီလိုသာဖြစ်သဖြင့် ယင်းအလေးချိန် သုည ဒသမ ၁၂၅ ကီလိုသာဖြစ်ပါသည်။ ယင်းအလေးချိန်သည် တစ်အိတ်အပေါ်တွင် အနည်းငယ်သာဖြစ်သော်လည်း အိတ်ပေါင်းများစွာဆိုလျှင် အလေးချိန်သည် တန်ဖိုး တစ်ခုဖြစ်လာပါသည်။

သို့ဖြစ်သဖြင့် တာဝန်ရှိသည့် ယခင်က လူကြီးများသည် အလေျာ့တွက်ကို ခွင့်ပြုရန် ဝန်လေးခဲ့ကြပါသည်။ သို့ရာတွင် ခွင့်မပြုပါကလည်း မသမာမှုများထပ်မံပေါ်ထွက်လာမည်ဖြစ်ပါသည်။ ယခုခေတ်တွင် သယ်ယူပို့ဆောင်မှု အလေျာ့တွက်ကို စဉ်းစားကြခြင်းမရှိတော့ပါ။ အလားတူပင် သိုလှောင်မှု အလေျာ့တွက်နှုန်းထားများကိုလည်း ပဲအလိုက်၊ ရာသီအလိုက် ခွဲခြားထားသည်ကိုတွေ့ရပါသည်။ သိုလှောင်မှု အလေျာ့တွက်နှုန်းထားများကို ဇန်နဝါရီလမှ မေလအထိ၊ ဇွန်လမှစက်တင်ဘာလအထိနှင့် အောက်တိုဘာလမှ ဒီဇင်ဘာလအထိဟုသုံးပိုင်းခွဲခြား ဖော်ပြထားသည်ကိုတွေ့ရပါသည်။

အထက်ဖော်ပြပါ ပဲ၁၂မျိုးတွင်လည်း အလေျာ့များကိုပေးထားမှု မတူညီသည်ကို တွေ့ရပါသည်။ တစ်လလျှင် သုည ဒသမ ၁၂၅ ရာခိုင်နှုန်းမှ သုည ဒသမ ၂၅ ရာခိုင်နှုန်းအထိ လျော့ နည်းသည်ဟု သိရှိရပါသည်။ တစ်နှစ်လုံးဆက်တိုက် သိုလှောင်ရပါက လျော့နည်းမှုနည်းပါးတတ်သည့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲယင်းတို့ကို ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိနိုင်သည်ဟုဖော်ပြ ထားပြီး၊ ကျန်ပဲများအားလုံးသည် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲယင်းတို့ထက် အလေျာ့များနိုင်ပြီး တစ်နှစ်လျှင် ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိနိုင်ကြောင်း ဖော်ပြထားသည် ကိုတွေ့ရပါသည်။

ပဲများအားလုံး၏ အဓိကအဖျက်မှာ ပိုးထိုးခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ပိုးမွှားကာကွယ်ဆေးများကို သုံးစွဲရပါသည်။ ယင်းပိုးသတ်ဆေးများကို သုံးစွဲမည်ဆိုလျှင် စနစ်တကျသုံးစွဲရန်၊ ပိုးသတ်ဆေးအကြောင်း နားလည်ရန် လိုအပ်ပါသည်။ လက်ရှိတွင် အများဆုံးသုံးစွဲသော ပိုးသတ်ဆေးမှာ ဆဲလ်ဖော့စ်ခေါ် ဆေးပြားများကို အများဆုံးသုံးကြသည်ကို တွေ့ရပါသည်။ ယင်းသို့သုံးစွဲရာတွင် နယ်များတွင် ဆဲလ်ဖော့စ် ဆေးပြားတစ်ပြားသည် ပဲတစ်တန်ကို ပိုးသတ်နိုင်ပြီး ပလတ်စတစ်မိုးကာစဖြင့် လေလုံအောင်အုပ်ထားသော ပဲအိတ်များကို စနစ်တကျစုပုံပြီး ဆဲလ်ဖော့စ်ကို ပလတ်စတစ်အိတ်ငယ်ဖြင့် ပဲတန်ချိန်ပေါ်မူတည်ပြီး ထည့်သွင်းကာ ပဲပုံနှင့် ပလတ်စတစ်စကြားတွင် ထားရပါသည်။ လေလုံရန်အဓိက ဖြစ်ပါသည်။ ပဲအတွင်းတိုက်ရိုက်မထည့်သွင်းရပါ။ ပဲတစ်အိတ်ချင်းအတွင်းလည်း ထည့်သွင်းခြင်းမပြုရပါ။ ထို့နောက် မိုးကာကို ၇၂နာရီကြာအောင် အုပ်ဆိုင်းထားပြီး၊ အချိန်ပြည့်မှ လှပ်ဖယ်ရပါမည်။ လေမလုံလျှင် အာနိသင်မရှိပါ၊ အကျိုးမရှိပါ။ ၇၂နာရီ မထားလျှင်လည်း အကျိုးမရှိပါ၊ ပိုးမသေပါ။ သို့ဖြစ်သဖြင့် ပိုးသတ်သည့် နည်းပညာ၊ ပိုးသတ်ဆေးအကြောင်း၊ ပိုးမွှားကာကွယ်ရေးနည်းပညာများကိုလည်း သိုလှောင်သူများအနေဖြင့် နားလည်ရန်လိုအပ်ပါသည်။

အထူးသဖြင့် အရည်အသွေးမြင့်စျေးကွက်များကို ဝင်ရောက်မည်ဟု မျှော်မှန်းလုပ်ဆောင်ရမည်ဖြစ်သဖြင့် ပိုးမွှားကာကွယ်ရေးနည်းပညာကို နယ်ရောမြို့ပါသိုလှောင်သူများသည် သေချာ ဂဃနဏ သိရန်လိုအပ်လှပါသည်။ ယခုအခါ ပိုးသတ်ခြင်းကို ပိုမိုဂရုပြုရန် လိုအပ်လှပါသည်။ ပဲနှင့် အခြားသီးနှံများ တင်ပို့လျှင် ဓာတုဆေးကြွင်းနှင့်ပတ်သက်၍ သတ်မှတ်ချက်များအတိုင်း လိုက်နာရန် မဖြစ်မနေလိုအပ်လာသဖြင့် ပိုးသတ်ခြင်း၊ ပိုးမွှားကာကွယ်ရေး လုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်ရန် ဖြစ်ပါသည်။

သိုလှောင်မှု အလေျာ့တွက် များသည်လည်း ငွေကြေးနှင့်ဆက်ပြီး ဆောင်ရွက်ရမည်ဖြစ်သဖြင့် အလွန် အရေးကြီးပါသည်။ အထူးသဖြင့် ကာလရှည်သိုလှောင်မည်ဆိုလျှင် သိုလှောင်မှုအလေျာ့များနှင့် ပတ်သက်ပြီး သတိပြုဆောင်ရွက်ရန် အချက်များစွာ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ယင်းတို့ကို စနစ်တကျနှင့် သိုလှောင်ရုံ အမျိုးအစားများ၊ ထားသိုပုံများ၊ သိုလှောင်ရုံ၏ အမိုးအကာအခင်းများမှအစ စနစ်တကျ ထားသိုခြင်း၊ ပိုးမွှားနှင့် ကြွက်ကို စနစ်တကျ နှိမ်နင်းခြင်းတို့ကိုပါ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ အလေျာ့တွက်များသည် ယင်းသိုလှောင်ရုံ၏ ကောင်းမွန်မှု၊ အမိုးအကာအခင်းကောင်းမွန်မှု၊ ပိုးမွှားနှင့် ကြွက်ကိုနှိမ်နင်းနိုင်မှုများနှင့် ပါ သက်ဆိုင်နေသည့်အပြင် လျော့နည်းဆုံးရှုံးခြင်းများသည် သာမန်လျော့နည်းသည့် သဘောမျိုးမဟုတ်ဘဲ National loss အဖြစ်သတ်မှတ်ပြီး နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်မှသာ သိုလှောင်မှုလုပ်ငန်းစဉ် ကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်သည် မည်ပါသည်။

ပဲမျိုးစုံတွင် ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ အပိုင်းများ အားလုံး အရေးကြီးသည် ဖြစ်သော်လည်း သိုလှောင်ရေးကဏ္ဍမှာ ကာလတစ်ခုကို အတန်ကြာ ဖြတ်သန်းရမည်ဖြစ်သဖြင့် အရေးကြီးသော ကဏ္ဍကြီးဖြစ်ပါသည်။ ထို့အပြင် ယင်းကဏ္ဍတွင် ပိုးမွှားထိန်းသိမ်းခြင်း အပါအဝင် အရည်အသွေးထိန်းသိမ်းခြင်း အချက်လည်း ပါဝင်သဖြင့် အလွန်အရေးကြီးသော အချက်တစ်ချက် ဖြစ်ပါသည်။

သို့ဖြစ်သဖြင့် သိုလှောင်ရုံ၊ သိုလှောင်မှု အလေျာ့နှင့် အရည်အသွေးတို့သည် ဆက်စပ်လျက်ရှိပြီး ပြည်ပတင်ပို့မှုတွင် အလွန်အရေးကြီးပါသဖြင့် သိုလှောင်သည့် အခြေအနေကို ကြုံတွေ့နိုင်သည့် မြန်မာ့ပဲများအတွက် သိုလှောင်မှု အလေျာ့နှင့် ပတ်သက်၍ သတိပြုနိုင်ရန် တင်ပြအပ်ပါသည်။

# Yangon Water Bus ကို အောက်တိုဘာ ၇ ရက်တွင် စတင်ပြေးဆွဲမည်




လှိုင်သာယာမှ ရန်ကုန်မြို့တွင်းသို့ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် Yangon Water Bus အများပြည်သူ သယ်ယူပို့ဆောင်ရေးကို အောက်တိုဘာ ၇ ရက်မှစတင်ကာ ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

Yangon Water Bus ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် Tint Tint Myanmar ကုမ္ပဏီက တာဝန်ယူပြေးဆွဲပေးခြင်းဖြစ်ပြီး အောက်တိုဘာ ၆ရက်တွင် ရန်ကုန်မြို့၊ ဗိုလ်တစ်ထောင်ဆိပ်ကမ်း၌ စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

လှိုင်သာယာမှ ရန်ကုန်မြို့တွင်းသို့ Yangon Water Busပြေးဆွဲမှုတွင် ကြားခံသင်္ဘောဆိပ်အဖြစ် အင်းစိန်ကြိုးတံတားအနီး၊ ဘုရင့်နောင်တံတား၊ FMI အိမ်ရာ၊ ရွှေပိတောက်၊ လမ်းသစ်၊ လသာ၊ ဗိုလ်တစ်ထောင်အထိဖြစ်ပြီး ခရီးစရိတ်အဖြစ် လူတစ်ဦးလျှင် ကျပ် ၃၀၀ ကျသင့်ကြောင်း သိရသည်။

ယခုပြေးဆွဲနေသည့် Yangon Water Bus များကို ဩစတြေးလျ၊ ထိုင်းတို့မှ မှာယူတင်သွင်းထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထပ်မံတိုးချဲ့ပြေးဆွဲမည့် ရေယာဉ်လမ်းကြောင်းများအနေဖြင့် သန်လျင်စတားစီးတီးအိမ်ရာသို့ လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဘေလီတံတားမှ ရန်ကုန်မြို့တွင်းသို့ လည်းကောင်း ပြေးဆွဲပေးနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် မတ်လက ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ဆောင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် Tint Tint Myanmar ကုမ္ပဏီ ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်တို့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

**သန်းထိုက်အောင်**

## ဓာတ်ဆီ/ဒီဇယ်

# ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ ဓာတ်ဆီ၊ ဒီဇယ်ဝင်

စက်တင်ဘာ ၁ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၅၆၈၅၆၇၂တန်ဖိုးရှိ ဓာတ်ဆီ၊ဒီဇယ် ၂၀၄၈၁၈ ဒသမ ၆၀၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့သိရပါတယ်။

စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၂၈၇၁၃ တန်ဖိုးရှိ ဒီဇယ် ၁၆၄၅တန်နဲ့ အမေရိကန်ဒေါ်လာ၆၄၃၇၂၆ တန်ဖိုးရှိ ဓာတ်ဆီ၁၀၄၆ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၂၃၈၀၉၆၂တန်ဖိုးရှိ ဒီဇယ်၄၄၇၈ တန် တင်သွင်းခဲ့သလို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၈ တန်ဖိုးရှိ Re-export ဒီဇယ် ၂၁၂၀ တန် နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆၄၄ တန်ဖိုးရှိ Re-export ဒီဇယ် ၂၀၇၂ တန်ကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရောဒီဇယ်ပါပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးမြင့်လာပြီး၊အောက်တိန်း (92) နဲ့ (95) မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၄၅ ကျပ် ၊ အောက်တိန်း (92) ကျပ် ၇၅၀၊ အောက်တိန်း (95) ၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၆၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာလ ၂ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၉၀၀၀၊ ရောင်းဈေး ကျပ် ၁၅၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိုဘာ ၂ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ်၁၅၃၀၀၀၊ ရောင်းဈေး ကျပ် ၁၅၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ် ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၈၀၊ ဒီဇယ် တစ်လီတာ ကျပ် ၇၆၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၇၈၀၊ အောက်တိန်း(92)တစ်လီတာ ကျပ် ၇၉၀ ၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာ ၂ရက်တွင်ဒီဇယ်ဝယ်ဈေး ကျပ် ၁၅၅၀၀၀၊ ရောင်းဈေး ကျပ် ၁၅၈၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92) ဈေးမှာ အောက်တိုဘာလ ၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၅၀၀၀၊ ရောင်းဈေးကျပ် ၁၆၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဓာတ်ဆီရော ဒီဇယ်ပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၈၀၊ အောက်တိန်း(92) ကျပ် ၇၇၀၊ အောက်တိန်း (95) ကျပ် ၈၁၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ်တစ်ဂါလံ ကျပ် ၃၅၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ်၃၄၀၀၊ အောက်တိန်း(95) တစ်ဂါလံ ကျပ် ၃၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာ ကျပ် ၇၄၀ ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၆၀၊ အောက်တိန်း (92) ကျပ် ၇၄၀၊ အောက်တိန်း (95) ကျပ် ၈၈၀ နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။ပြင်ပလက်လီ ဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၄၀၀၊ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

# ပြည်တွင်းရွှေဈေးများ ဆက်လက်ကျဆင်းလာ

ပြီးခဲ့သည့်ရက်သတ္တပတ်မှစတင်ကာ ကျဆင်းလာခဲ့သည့်ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် ဆက်လက်ကျဆင်းလာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြည်တွင်းရွှေဈေးများသည် အမြင့်ဆုံးဈေးအဖြစ်ကျပ်ကိုးသိန်းခွဲအထိ မြင့်တက်ခဲ့ပြီးနောက် နှစ်ပတ်ဆက်တိုက် ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကလည်း ကမ္ဘာ့ရွှေဈေးများ ကျဆင်းလာခဲ့သဖြင့် ပြည်တွင်းရွှေဈေးများပါကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ယခုတစ်ပတ်တွင်လည်း ကမ္ဘာ့ရွှေဈေးများ ကျဆင်းလာခဲ့သဖြင့် ပြည်တွင်းရွှေဈေးများလည်း ဆက်လက်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့တစ်ပတ်ကတည်းက ကမ္ဘာ့ရွှေဈေးတွေ ကျလာလို့ ပြည်တွင်းရွှေဈေးတွေလည်း ကျဆင်းလာပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့မှာ အားလပ်ရက်ရှည်တွေ အများကြီးရှိနေတာကြောင့် ကုန်သည်တွေအနေနဲ့ အရောင်းအဝယ်တွေကို ခေတ္တရပ်ထားကြလို့ အခုလိုရွှေဈေးတွေ ကျဆင်းလာရတာ ဖြစ်ပါတယ်။ ပြည်တွင်းမှာလည်း သီတင်းကျွတ်ကာလ ပိတ်ရက်ရှည်ရှိနေတဲ့အတွက် ဈေးကွက်မှာ အဝယ်ရော အရောင်းရော အေးနေပါတယ်"ဟု ရွှေဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးကွက်တွင် အောက်တိုဘာ ၂ ရက်က အခေါက် တစ်ကျပ်သားလျှင် ကျပ် ၉၃၀၀၀၀ ရှိခဲ့ပြီး အောက်တိုဘာ ၄ရက်တွင် ကျပ် ၉၂၅၀၀၀ သို့ ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် အောက်တိုဘာ ၂ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၅ ရှိခဲ့ပြီး အောက်တိုဘာ ၄ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၇၀ ရှိခဲ့သည်။

**မယ်သီတာ**

# ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်ကျဆင်းလာ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ငြိမ်သက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်အနည်းငယ် ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ယခုတစ်ပတ်တွင် သီတင်းကျွတ်ကာလပိတ်ရက်များကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ် အနည်းငယ်သာဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

"ဒီတစ်ပတ်ထဲမှာ သီတင်းကျွတ်ပိတ်ရက် ရှည်နေတဲ့အတွက် ဈေးကွက်က ထင်သလောက် အရောင်းအဝယ်မဖြစ်ဘူး။ ခရီးသွားကြတဲ့သူတွေများတာကြောင့် ဈေးကွက်မှာအရောင်းအဝယ်အေးသလို ဈေးလည်းကျဆင်းလာတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးကပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် အောက်တိုဘာ ၂ ရက်က ရောင်းဈေး ကျပ် ၁၃၅၀၊ ဝယ်ဈေး ၁၃၄၉ ကျပ်ရှိခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် ရောင်းဈေး ၁၃၄၉ ကျပ်၊ ဝယ်ဈေး ၁၃၄၇ ကျပ်သို့ ကျဆင်းခဲ့သည်။ ပြင်ပငွေဈေးကွက်တွင် ဈေးများ ကျဆင်းနေသော်လည်း ဗဟိုဘဏ်ကမူ ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို ကျပ် ၁၃၆၀ ဟုသာ အပြောင်းအလဲမရှိဘဲ ဆက်လက်သတ်မှတ်ခဲ့သည်။

**မယ်သီတာ**

# သီတင်းကျွတ်ကာလ ရန်ကုန်စတော့ဈေးကွက် ဆက်လက်ငြိမ်သက်နေဆဲ

သီတင်းကျွတ်ပွဲတော် ပိတ်ရက်ရှည်များကြောင့် ရန်ကုန်စတော့ဈေးကွက်တွင် အရောင်းအဝယ်များရှိသော်လည်း ဈေးနှုန်းမှာ ဆက်လက်ငြိမ်သက်လျက်ရှိကြောင်း သိရသည်။

အစုရှယ်ယာဈေးကွက်တွင် ရောင်းချလျက်ရှိသည့် အစုရှယ်ယာများ အနက် FMI မှလွဲ၍ ကျန်အစုရှယ်ယာများမှာ ဈေးအနည်းငယ်မြင့်တက်လာခဲ့ကြောင်း အစုရှယ်ယာဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

MTSH က ကျပ် ၁၅၀ နှင့် MCB က ကျပ် ၁၀၀ ဈေးမြင့်တက်ပြီး FPB ကမူ ကျပ် ၁၀၀ ဈေးကျဆင်းသွားကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တွင် ရောင်းချလျက်ရှိသည့်အစုရှယ်ယာများအနက် FMI က ကျပ် ၁၃၀၀၀၊ MTSH က ကျပ် ၃၄၀၀၊ MCB က ကျပ် ၈၄၀၀၊ FPB က ကျပ် ၂၄၅၀၀ ဖြင့် အရောင်းအဝယ် ပြုလုပ်လျက်ရှိသော်လည်း ယခုတစ်ပတ်တွင်မူ FMI က ကျပ် ၁၃၀၀၀ဖြင့် ဈေးအတက်အကျ မရှိဘဲ ရောင်းဝယ်လျက်ရှိသည်။ MTSH က ကျပ် ၃၅၅၀၊ MCB က ကျပ် ၈၅၀၀ သို့ ဈေးမြင့်တက်ခဲ့ပြီး FPB က ကျပ် ကျပ် ၂၄၀၀၀ဖြင့် ငါးရာကျပ်ကျဆင်းသွားခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

October 4, 2017

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.27 |
| BDT Bangladesh Taka | 81.67 |
| CAD Canada Dollars | 1.25 |
| CNY China Yuan Renminbi | 6.65 |
| EUR Euro | 0.85 |
| H KD Hong Kong Dollars | 7.81 |
| I NR India Rupees | 65.37 |
| I DR Indonesia Rupiahs | 13476.14 |
| JPY Japan Yen | 112.57 |
| MYR Malaysia | 4.23 |
| PKR Pakistan Rupees | 105.47 |
| PHP Philippines Pesos | 50.96 |
| RUB Russia Rubles | 57.87 |
| SGD Singapore Dollars | 1.36 |
| KRW South Korea Won | 1142.21 |
| LKR Sri Lanka Rupe | 153.32 |
| THB Thailand Baht | 33.37 |
| GBP United Kingdom Pounds | 0.75 |
| VND VietnamDon | 22727.21 |

*Source:xe.com*

## World Gold Price

September-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 2 | 1277 | 1276 | 1276 |
| 3 | 1274 | 1273 | 1273 |
| 4 | 1279 | 1276 | 1276 |
| 5 | - | - | - |
| 6 | - | - | - |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 2-10- 2017 | 926.20 | 925.70 |
| 3-10-2017 | 923.00 | 923.30 |
| 4-10- 2017 | - | 927.50 |
| 5-10-2017 | - | - |
| 6-10- 2017 | - | - |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 2 | 6.66 | 33.42 | 81.69 | 65.44 |
| 3 | 6.65 | 33.47 | 81.54 | 65.54 |
| 4 | 6.65 | 33.37 | 81.67 | 65.37 |
| 5 | - | - | - | - |
| 6 | - | - | - | - |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 2-October | 16.54 | 3209.47 | 2102.18 | 6490.78 | 910.00 |
| 3-October | 16.52 | 3277.35 | 2098.65 | 6432.82 | 914.00 |
| 4-October | 16.73 | 3327.16 | 2132.15 | 6450.67 | 916.00 |
| 5-October | - | - | - | - | - |
| 6-October | - | - | - | - | - |

Source:kitco.com

## Energy NYMEX 4-10-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 50.10 | -0.32 | -0.63 |
| Brent Crude Futr (USD/bbl) | 55.73 | -0.27 | -0.48 |
| Gasoline Rbob Fut (Cent/gal) | 154.82 | -1.73 | -1.11 |
| Natural Gas Futr (USD/MMBtu) | 2.91 | 0.02 | 0.55 |
| Heating Oil Futr (Cent/gal) | 174.62 | -0.43 | -0.25 |

## ဘိလပ်မြေ



# ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပို

စက်တင်ဘာ ၁ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၉၆၃၇၀ တန်ဖိုးရှိ ဘိလပ်မြေ ၃၀၂၉၂ ဒသမ ၃၆၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ နိုင်ငံနဲ့ တန်ချိန်မှာ ထိုင်းနိုင်ငံမှ ၂၃၂ ဒသမ ၆၀ တန်၊ မလေးရှားနိုင်ငံမှ ၁၅၇၈၇ ဒသမ ၄၃၂ တန်၊ ဗီယက်နမ်နိုင်ငံမှ ၁၄၀၀၂ တန်၊ အီရန်နိုင်ငံမှ ၂၇၀ ဒသမ ၃၃၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ အေအေဘိလပ်မြေ၊ အက်စ်စီဂျီဘိလပ်မြေ၊ စိန်တံဆိပ်ဘိလပ်မြေ ၊ ဆင်တံဆိပ်နဲ့ အခြားတံဆိပ်များ ဖြစ်တယ်လို့ သိရပါတယ်။

စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၁၈၆၀၀ တန်ကျော်ရှိပြီး ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၁၈၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၀၆၇၆၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**ရန်ကုန်ဘိလပ်မြေဈေးကွက်**မှာ ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင် (ထိုင်း) ကျပ် ၅၈၅၀၊ စိန်(ထိုင်း) ကျပ်၅၇၅၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ဆင်မင်း (ကျောက်ဆည်) ကျပ် ၃၉၀၀၊ ခရောင်း ကျပ် ၅၂၀၀၊ ကျားခေါင်း ကျပ် ၄၂၀၀၊ မြင်းခေါင်းကျပ် ၄၂၀၀၊ မော်လမြိုင်ဆင် ကျပ် ၆၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၀၀၊ ကြံ့ ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၃၀၀၊ စိန်(ထိုင်း) ကျပ် ၆၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၃၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# စက်တင်ဘာလ ၂၃ ရက်အထိ ပင်လယ်ရေကြောင်းမှ တန်ချိန် ၅၀၀၀၀ နီးပါးဝင်

စက်တင်ဘာ ၁ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၄၂၂၀၂၅၇ တန်ဖိုးရှိမြေသြဇာ ၄၉၁၁၉ ဒသမ၁၁၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံနဲ့ တန်ချိန်မှာ ဘီလာရုစ်နိုင်ငံမှ ၂၅၅၇ ဒသမ ၅ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၁၅၀၀၊ တရုတ်နိုင်ငံမှ ၁၂၉၅၀ ဒသမ ၅၀ တန်၊ ဂျာမနီနိုင်ငံမှ ၁၀၀၄ ဒသမ၅၀ တန်၊ အီရန်နိုင်ငံမှ ၇၃၅ တန်၊ အစ္စရေးနိုင်ငံမှ ၇၂ တန်၊ မလေးရှားနိုင်ငံမှ ၁၉၃၁ ဒသမ၅၀ တန်၊ ပါကစ္စတန်နိုင်ငံမှ ၁၅၉၀၃ တန်၊ ရုရှားနိုင်ငံမှ ၁၁၅၆ တန်၊ ထိုင်းနိုင်ငံမှ ၉၄၃၄ ဒသမ၇၀ တန်၊ အမေရိကန်နိုင်ငံမှ တန်ချိန် ၃၅၀၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၄၆၀ နဲ့ အိန္ဒိယနိုင်ငံမှ ၆၄ ဒသမ ၄၁၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ ယူရီးယား၊ ပိုတက်၊ ဓာတ်ဆား၊ ဩဂဲနစ်၊ ပိုတက်ဆီယမ်၊ အမိုးနီးယမ်းဆာလဖိတ်တို့ဖြစ်တယ်လို့ သိရပါတယ်။

# မြေသြဇာဈေးကွက် အရောင်းပုံမှန်ဖြစ်

စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာ အဝင်မှာ တန်ချိန် ၁၄၁၀၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၉၂၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၁၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ ရန်ကုန်နဲ့မကွေးမှာ အရောင်းပုံမှန်ရှိပြီး တောင်ကြီးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ပိတ်ရက်ရှည်ရှိတာကြောင့် အရောင်းအဝယ်ပုံမှန်သာရှိကြောင်း သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆% (မြွားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ -တရုတ် (၁၂း၁၃) ကျပ် ၁၅၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅း ကျပ် ၃၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၂၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၃၃၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၃၂၀၀၊ ဇာမဏီ ကျပ် ၁၇၈၀၀၊အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၃၃၀၀၊ တောင်သူမ ကျပ် ၁၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။



**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ် အင်းလေးဖောင်တော်ဦး ပွဲတော်ကြောင့် အရောင်းအဝယ် ပြန်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၂၆၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၆၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၃၄၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၁၇၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၃၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၂၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၇၀၀၊ မြွားကမ္ဘာ ကျပ် ၁၅၅၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးနည်းနည်းမြင့်လာတယ်လို့ စိုက်ပျိုးရေးပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၃၂၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း(၁၅း၁၅း၁၅)ကျပ် ၃၇၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# စက်တင်ဘာလ ၂၃ရက်အထိ နို့ဆီတန်ချိန် ၄၆၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၄၈၀ ကျော်ဝင်

စက်တင်ဘာ ၁ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း နို့ဆီ ၄၆၆ ဒသမ ၉၁၉ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ အိုကေနဲ့ ဒွန်းနို့ဆီတို့ ဖြစ်ပါတယ်။ နို့မှုန့်က ၄၈၃ ဒသမ ၄၇၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံများမှာ နယူးဇီလန်၊ နယ်သာလန်၊ စင်ကာပူ၊ မလေးရှား၊ ပြင်သစ်၊ ဩစတြေးလျ၊ ဗီယက်နမ်နဲ့ ပိုလန်တို့ဖြစ်ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၉ မှ ၂၉/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၉ မှ ၂၂/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၃၂.၀၀ | ၂၃.၁၀ | (+) ၈.၉၀ |
| ၂။ | လွယ်ဂျယ် | ၁၄၀၅.၀၀ | ၅၀၅.၀၀ | (+) ၉၀၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီ | ၅၀၂၇.၅၀ | ၂၄၄၄.၅၀ | (+) ၂၅၈၃.၀၀ |
| ၅။ | တာချီလိတ် | ၄၇၄၄၇.၀၀ | ၃၅၀၀.၀၀ | (+) ၄၃၉၄၇.၀၀ |
| ၆။ | မြဝတီ | - | - | - |
| ၇။ | ကော့သောင်း | ၂၆၃၄၂.၉၀ | ၁၅၉၅.၀၀ | (+) ၂၄၇၄၇.၉၀ |
| ၈။ | မြိတ် | ၃၈၃၅၀.၀၀ | ၃၇၇၅.၀၀ | (+) ၃၄၅၇၅.၀၀ |
| | စုစုပေါင်း | ၁၁၈၆၀၄.၄၀ | ၁၁၈၄၂.၆၀ | (+)၁၀၆၇၆၁.၈၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၉ မှ ၂၉/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၉ မှ ၂၂/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၈၅၇.၂၇ | ၁၄၈၈၅.၀၅ | (-) ၄၀၂၇.၇၈ |
| ၂။ | လွယ်ဂျယ် | ၄၃၄.၀၀ | ၃၄၈.၀၀ | (+) ၈၆.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၁၉၆.၅၀ | ၁၀၉၈.၅၀ | (+) ၉၈.၀၀ |
| ၄။ | ကန်ပိုက်တီ | ၁၀.၀၀ | ၁၄၅.၀၀ | (-) ၁၃၅.၀၀ |
| ၅။ | မြဝတီ | ၁၅၅၅.၂၀ | ၂၇၃၄.၂၅ | (-) ၁၁၇၉.၀၅ |
| ၆။ | ကော့သောင်း | - | ၅၀.၀၀ | (-) ၅၀.၀၀ |
| ၇။ | မြိတ် | ၅၄.၀၀ | - | (+) ၅၄.၀၀ |
| ၈။ | ရိုဒ် | - | - | - |
| | စုစုပေါင်း | ၁၄၁၀၆.၉၇ | ၁၉၂၆၀.၈၀ | (-) ၅၁၅၃.၈၃ |

ခင်မိုးသူ

## နှမ်း

# စက်တင်ဘာလစတုတ္ထပတ် မုံရွာကုန်စည်ဒိုင်မှာဖြစ်ပေါ်ခဲ့သော နှမ်းသီးနှံဈေးကွက်

စက်တင်ဘာလစတုတ္ထပတ်မုံရွာကုန်စည်ဒိုင်ရှိ ဆီထွက်သီးနှံဖြစ်သော နှမ်းဈေးကွက်မှာ ဒိုင်သို့ နှမ်းများအဝင်နည်းသလို ဝယ်လက်လည်းနည်းတဲ့အတွက် အရောင်းအဝယ်လည်း အေးလျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် နှမ်းသီးနှံများအနက် နှမ်းဖြူမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် ကျဆင်းလာကာ တစ်ပိဿာလျှင် ၂၃၃၃ ကျပ်နဲ့ အိတ် ၂၀၀၊ နှမ်းညို တစ်ပိဿာလျှင် ၁၈၆၇ ကျပ်နဲ့ အိတ် ၂၀၀၊ နှမ်းနက်တစ်ပိဿာလျှင် ၂၃၃၃ ကျပ် မှ ၂၁၃၃ ကျပ် နှုန်းနဲ့ အိတ် ၁၅၀ အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခင်တစ်ပတ်ပေါက်ဈေးနှုန်းမှာ နှမ်းညို တစ်ပိဿာလျှင် ၂၃၆၇ ကျပ်၊ နှမ်းနက် တစ်ပိဿာလျှင် ၂၃၃၃ ကျပ်နှုန်းနဲ့ ယခင်တစ်ပတ်ပေါက်ဈေးအတိုင်းဈေးငြိမ်လျက်ရှိပြီး နှမ်းဖြူတစ်ပိဿာလျှင် ၂၃၆၇ ကျပ်နှုန်းပေါက်လို့ ယခုတစ်ပတ် မှာ ဈေးအနည်းငယ် ကျဆင်းလာတာတွေ့ရပါတယ်။

ယခင်နှစ်ကာလတူ အချိန်ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ယခုနှစ်ပေါက်ဈေးနှုန်းက ဈေးမြင့်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် နှမ်းဆီ တစ်ပိဿာလျှင် (လက်ကား) ကျပ် ၃၇၀၀၊ (လက်ကား) ကျပ် ၄၂၀၀ မှ ၄၄၀၀ နှုန်း ပေါက်လျက်ရှိကြောင်းသိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

# မူဆယ်မှ နှမ်းပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၉ သန်း တန်ဖိုးရှိ နှမ်းနက် တန် ၁၂၀ နဲ့ နှမ်းညို တန် ၁၀၀ စုစုပေါင်းတန်ချိန် ၂၂၀ ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၁၈၈ တန်တင်ပို့ခဲ့လို့ ၃၂ တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ စက်တင်ဘာလအတွင်း မူဆယ်မှ နှမ်းရောင်စုံတန် ၉၀၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန် ၁၃၈၉၈၉၉ကျပ်နဲ့ နှမ်းနက်တစ်တန်ကျပ် ၂၁၉၇၉၈၀ ရှိတယ်လို့ သိရပါတယ်။

အလားတူချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၁၁သန်းတန်ဖိုးရှိ နှမ်းနက် ၂၃၃၂ တန်ကျော်၊ နှမ်းညို ၆၃ တန်ကျော်နဲ့ နှမ်းဖြူ ၅၉၃ တန်ခွဲ၊ စုစုပေါင်း တန်ချိန် ၂၉၈၉ တန်ကျော်ကို တရုတ် နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၃၉၈၂ တန်ကျော် တင်ပို့ခဲ့လို့ ၉၉၃ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ စက်တင်ဘာလအတွင်း ချင်းရွှေဟော်မှ နှမ်းရောင်စုံ တန်တစ်သောင်းကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၈၆၁၀ တန်ဖိုးရှိ နှမ်းနက် ၃၂ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# မလေးရှားစားအုန်းဆီဈေးနှုန်းများ လေးရက်မြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်း



မလေးရှားစားအုန်းဆီ ကြိုရောင်း ကြိုဝယ်ဈေးနှုန်းများသည် လေးရက်မြောက်နေ့အဖြစ် ဆက်လက်ကျဆင်းခဲ့ကြောင်း၊ ချီကာဂိုကုန်သွယ်ရေး ဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေးနှုန်းများ ကျဆင်းလာခြင်းနှင့် စားအုန်းဆီလက်ကျန်များ ပိုမိုမြင့်တက်လာနိုင်သည်ဟူသည့် မျှော်လင့်ချက်ကြောင့် ယခုကဲ့သို့ လေးရက်မြောက်နေ့အဖြစ် ဆက်လက်ကျဆင်းလာရခြင်းဖြစ်ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

စားအုန်းဆီကို အများအပြား ဝယ်ယူတင်သွင်းလျက်ရှိသည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် အများပြည်သူအလုပ်ပိတ်ရက်များ ရှိနေသဖြင့် စားအုန်းဆီတင်သွင်းမှုကို ခေတ္တရပ်ဆိုင်းထားသည်ဟု ဆိုသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဒီဇင်ဘာလအတွက် စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးနှုန်းမှာ ဈေးပိတ်ချိန်တွင် တစ်တန်လျှင် ၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး ၂၆၆၆ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၂၉ ဒသမ ၉၆) ရှိခဲ့သည်။

စားအုန်းဆီရောင်းချရမှု ပမာဏမှာ အောက်တိုဘာလ ၂ ရက်တွင် ၂၅ တန်ရှိ အတွဲပေါင်း ၃၈၅၈၈ တွဲ ရောင်းချခဲ့ရသည်။ ဩဂုတ်လ ၁၈ ရက်ကတည်းက ကျဆင်းခဲ့သည့် စားအုန်းဆီဈေးနှုန်းများသည် အနိမ့်ဆုံး ကျဆင်းမှုအဖြစ် ၂၆၅၅ ရင်းဂစ်ရှိခဲ့သည်။

“ပဲပုပ်ဆီဈေးတွေ ကျဆင်းလာတာကြောင့် စားအုန်းဆီဈေးတွေ ကျဆင်းလာတာဖြစ်ပါလိမ့်မယ်။ ဈေးကွက်ထဲမှာ လက်ကျန်တွေများလာတာနဲ့အမျှ စားအုန်းဆီဈေးတွေလည်း ကျဆင်းလာပါလိမ့်မယ်”ဟု စားအုန်းဆီ ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

စားအုန်းဆီ လက်ကျန်ကောက်ယူမှုသည် ဩဂုတ်လကုန်ပိုင်းက တန်ချိန် ၁ ဒသမ ၉ သန်းသို့ မြင့်တက်ခဲ့သည်။

စက်တင်ဘာလအတွင်း စားအုန်းဆီထုတ်လုပ်မှုသည် စက်တင်ဘာလ မတိုင်မီကထုတ်လုပ်ခဲ့သည့်နှုန်းထက် ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိသည်ဟု ကုန်သည်များက သုံးသပ်လျက်ရှိသည်။

ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့၏ ဒီဇင်ဘာလအတွက် ပဲပုပ်ဆီစာချုပ် ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၆ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင်မူ တရုတ်နိုင်ငံ၏ အမျိုးသားနေ့ဖြစ်၍ ကုန်စည်ဒိုင်ပိတ်ထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

စားအုန်းဆီထောက်ပံ့ဈေးနှုန်းကို မူလကတစ်တန်လျှင် ၂၆၉၄ ရင်းဂစ် သတ်မှတ်ထားခဲ့ရာမှ ယခုအခါတွင် ၂၆၅၁ ရင်းဂစ်သို့ ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းဌာန၏ဈေးကွက်ဆန်းစစ်ရေးမှူးဝမ်တောင်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၄-၁၀-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၁၀၀ | ၅၁၀၀ | □ | ၄၄၀၀ | ၄၄၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၄၁၀၀ | ၄၀၀၀ | ▽ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၃၉၀၀ | ၃၉၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၈၉၀ | ၁၈၇၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၄-၁၀-၂၀၁၇ US$/Ton

| အမျိုးအစား | စက်တင်ဘာစတုတ္ထပတ် | အောက်တိုဘာပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၇၉.၅၀ | ၆၇၇.၀၀ | ▽ |
| RBD P.Olein | ၆၇၉.၅၀ | ၆၇၇.၀၀ | ▽ |
| RBD P.Stearin | ၆၇၇.၀၀ | ၆၇၁.၀၀ | ▽ |

*Source: bepi.mpob*

# အဆင့်မြင့်နည်းပညာသုံး မိုးလေဝသ စောင့်ကြည့်ရေးစနစ်နှင့် ရေမျက်နှာပြင် တိုင်းစနစ် MjTD တပ်ဆင်

အဆင့်မြင့်နည်းပညာသုံး မိုးလေဝသစောင့်ကြည့်ရေးစနစ်နှင့် ရေမျက်နှာပြင်တိုင်းစနစ်ကို မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ (MjTD )မှ တပ်ဆင်ပေးထားကြောင်း သတင်းရရှိသည်။

မြန်မာ-ဂျပန်သီလဝါဖွံ့ဖြိုးတိုး တက်ရေးကုမ္ပဏီမှ အဆင့်မြင့် နောက်ဆုံးပေါ်နည်းပညာသုံး မိုးလေဝသ စောင့်ကြည့်စစ်ဆေးရေးစနစ်ကို သီလဝါအထူးစီးပွားရေးဇုန်တွင်လည်း ကောင်း၊ ရေမျက်နှာပြင်တိုင်းစနစ်ကို ရန်ကုန်မြစ်တွင်လည်းကောင်း တပ်ဆင်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

မိုးလေဝသစောင့်ကြည့်ရေးစနစ်တွင် သန်လျင်နှင့် သီလဝါဝန်းကျင်ရှိ ဖြစ်ပေါ်လျက်ရှိသော လေတိုက်နှုန်း၊ လေတိုက်ရာလမ်းကြောင်း၊ မိုးရေဖွဲ့နှုန်း၊ လေဖိအား၊အပူချိန်၊ စိုထိုင်းနှုန်းနှင့် ရေမျက်နှာပြင် အစရှိသည့် သတင်း အချက်အလက်များကို တိုင်းတာပံ့ပိုး ပေးသွားမည်ဖြစ်ပြီး ညအချိန်၌ အနီအောက်ရောင်ခြည်စနစ်ပါရှိသော ကင်မရာများက ပုံရိပ်များကို ထုတ်လွှင့်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရေမျက်နှာပြင် တိုင်းစနစ်မှ ပင်လယ်ရေများမြစ်အတွင်းသို့ ဝင်ရောက်ရရှိမှုနှုန်းနှင့် လာမည့်နှစ်၏ ရေမျက်နှာပြင်အမြင့်တို့ ကိုကြိုတင်တွက်ချက်တိုင်းတာပေးနိုင်ကြောင်း သိရသည်။

မြန်မာ-ဂျပန်သီလဝါဖွံ့ဖြိုးရေးကုမ္ပဏီအနေဖြင့် အဆိုပါစနစ်များမှ ရရှိသော သတင်းအချက်အလက်များကို မိုးလေဝသခန့်မှန်းရာတွင် ပိုမိုအထောက်အကူပြုနိုင်စေရန် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနသို့လည်းကောင်း၊ မှတ်သုံးရာသီအတွင်း ဒီရေမြင့်တက်မှုများကို ပိုမိုတိကျစွာခန့်မှန်းနိုင်ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့လည်းကောင်း ထောက်ပံ့ဝေမျှပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီလိုစနစ်မျိုးတပ်ဆင်ပေးခြင်းဖြင့် သီလဝါအထူးစီးပွားရေးဇုန်ထဲမှာရှိတဲ့ ကုမ္ပဏီတွေ၊ ငှားရမ်းအလုပ်လုပ်ကိုင်နေတဲ့ စက်ရုံ၊ အလုပ်ရုံတွေကို သဘာဝဘေးအန္တရာယ်တွေကနေ အချိန်မီပြင်ဆင်နိုင်ဖို့ အထောက်အကူဖြစ်စေမယ့်အပြင် နိုင်ငံတော်အစိုးရအနေနဲ့လည်း မြန်မာပြည်သူလူထုအတွက် အခုစက်တွေက ထုတ်ပြန်ပေးတဲ့သတင်းအချက်အလက်တွေကတစ်ဆင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ဖို့ လိုအပ်တဲ့လုပ်ဆောင်မှုတွေ ပြင်ဆင်တဲ့နေရာမှာ အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်”ဟု မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာတာကရှိရန်နိုင်က ပြောကြားသည်။

**သန်းထိုက်အောင်**

# ခရမ်းချဉ်သီးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် အင်းလေးဒေသ ကုန်သွယ်မှုမြှင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုများ

စောမောင် (တောင်ကြီး)

ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမြသန်းနှင့် တာဝန်ရှိသူများသည် ဩဂုတ်လ ၁၃ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့၊ နန်းပန်ရပ်၊ မြသစ္စာ ခရမ်းချဉ်သီး ပွဲရုံတွင် ပွဲရုံပိုင်ရှင် ဦးအောင်အောင်၊ ခရမ်းချဉ်သီးစိုက်ပျိုး ထုတ်လုပ်သူ ဦးရွှေတိုး၊ ခရမ်းချဉ်သီးပွဲစား ဦးဌေးလွင် တို့နှင့် တွေ့ဆုံပြီး ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ရှမ်းပြည်နယ် (တောင်ပိုင်း) မှာ ခရမ်းချဉ်သီးကို ဘယ်မြို့/ရွာတွေမှာအများဆုံး စိုက်ပျိုးပါသလဲ။**

**ဦးအောင်အောင်။** ရှမ်းပြည်နယ်(တောင်ပိုင်း) မှာ ခရမ်းချဉ်သီးကို ပင်းတယ၊ ရွာငံ၊အောင်ပန်း၊ ညောင်ရွှေမြို့နယ်များမှာ စိုက်ပျိုးကြပါတယ်။ အထူးသဖြင့် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဖြစ်တဲ့ အိမ်ထောင်ကြီး၊ မိတ်တောင်၊ သလဲဦး၊ ပေပင်၊ ကေလာ၊ ဇရပ်ကြီး၊ ငါးဖယ်ချောင်း၊ ကျေးစားကုန်း၊ လယ်သစ်၊ လင်းကင်း၊ ခေါင်တိုင်၊ အင်းဦး၊ ပျဉ်းပင်၊တုံးလှယ်၊ မြေနီကုန်း စတဲ့ကျေးရွာများမှာ စိုက်ပျိုးပါတယ်။ ညောင်ရွှေမြို့နယ်မှာ သီးနှံစိုက်ဧရိယာရဲ့၈၀ ရာခိုင်နှုန်းကို ခရမ်းချဉ်သီး စိုက်ပျိုးကြပါတယ်။ ခရမ်းချဉ်သီး စုစုပေါင်းစိုက်ဧက ၈၀၀၀ အနက် အင်းလေးကန်အတွင်းမှာ ဧက ၆၀၀၀ ခန့် စိုက်ပျိုးကြပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ခရမ်းချဉ်သီးစိုက်ချိန်၊ ခူးဆွတ်ချိန်နဲ့ ဈေးကွက်တင်တဲ့အခြေအနေကို ပြောပြပေးပါ။**

**ဦးဌေးလွင်။** ရှမ်းပြည်နယ်(တောင်ပိုင်း) မှာ ခရမ်းချဉ်သီးကို မတ်လမှာ ပျိုးထောင်ပြီး ၁၈ ရက်မှ ၂၀ ရက်သား၌ စတင်စိုက်ပျိုးကြပါတယ်။ မေလမှ ဒီဇင်ဘာလကုန်အထိ ခရမ်းချဉ်သီး ထွက်ရှိပါတယ်။ နေ့စဉ် ညောင်ရွှေမြို့မှ ရန်ကုန်မြို့သို့ ခရမ်းချဉ်သီး သေတ္တာ ၃၀၀၀ နဲ့ မန္တလေးမြို့သို့ ခရမ်းချဉ်သီး သေတ္တာ ၅၀၀၀ မှ ၆၀၀၀ အထိ တင်ပို့လျက်ရှိသလို တောင်ကြီးမြို့နဲ့ အခြားမြို့ရွာများသို့ ခရမ်းချဉ်သီး သေတ္တာ ၂၀၀၀ ခန့် တင်ပို့လျက် ရှိပါတယ်။ ခရမ်းချဉ်သီးသေတ္တာ တစ်သေတ္တာလျှင် ကုန်ချိန် ပိဿာ ၂၀ ခန့် ထည့်ပါတယ်။ ညောင်ရွှေမြို့ပေါ်နဲ့ အင်းလေးဒေသမှာ ခရမ်းချဉ်သီး ပွဲရုံပေါင်း ၁၀၀ ကျော်ရှိပါတယ်။

**ပြည်နယ်ဦးစီးမှူး ။အင်းလေးဒေသမှာရှိတဲ့ ကျွန်းမျောများရဲ့ သဘောသဘာဝနဲ့ ခရမ်းချဉ်သီးကို ဘယ်လိုပုံစံနဲ့ စိုက်ပျိုးကြတယ်ဆိုတာကို ရှင်းလင်းပြောပြပေးပါ။**

**ဦးရွှေတိုး။** အင်းလေးဒေသမှာ ခရမ်းချဉ်သီးကို ကျွန်းမျောများပေါ်မှာ စိုက်ပျိုးကြပါတယ်။ ကျွန်းမျောတွေဟာ ရေနည်းသွားရင်၊ မိုးခေါင်ရင် အောက်ကိုကျသွားပြီး ရေပြန်ဝင်လာတော့ အပေါ်ကို တက်လာပါတယ်။ အချို့လည်း မြေကြီးအထိ ရောက်သွားတာတွေ ရှိပါတယ်။ အဲဒီအခါမှာ အင်းအတွင်းရေပြန်ဝင်လာရင် အဲဒီကျွန်းမျောတွေ မြုပ်သွားကြပါတယ်။ အချို့လည်း အပေါ်ပြန်တက်မလာဘဲ ရေမြုပ်သွားတဲ့အတွက် စိုက်ခင်းတွေ ပျက်စီးကုန်ပါတယ်။ မိုးခေါင်တဲ့နှစ်တွေဆိုရင် ပက်ကြားအက်ပြီး ကျွန်းမျောတွေ ပျက်စီးကုန်ပါတယ်။ ဒါကြောင့် မမြုပ်အောင် ပြန်ဖော်ကြရပါတယ်။ အချို့လည်း ကျွန်းမျောများရဲ့ အောက်မှာ ပုံးခွံများ ခံထားပေးကြပါတယ်။ ပုံးခွံများရဲ့ အကူအညီနဲ့လည်း ပြန်ဖော်ရပါတယ်။ ကျွန်းမျောတစ်ခုဖြစ်ဖို့ နှစ်ပေါင်း အတော်ကြာအောင် စောင့်ရပါတယ်။ ကျွန်းမျောအလံ ၁၀၀၀ ကို ခရမ်းချဉ်သီး စိုက်ပျိုးပါက ငွေကျပ်သိန်း ၄၀-၅၀ ခန့် ကုန်ကျနိုင်ပါတယ်။ ကုန်းပေါ်မှာ အလံ ၁၀၀၀ စိုက်ပျိုးပါက ငွေကျပ် ၁၀ သိန်း၊ ၁၅ သိန်းကုန်ကျပြီး ၎င်းဒေသမှာ နေ့စားအလုပ်သမား ငှားရမ်းပါက တစ်ယောက်လျှင် တစ်နေ့ ကျပ် ၅၀၀၀ မှကျပ် ၇၀၀၀ ထိ ပေးရပါတယ်။ အလုပ်သမားများမှာ ဒေသခံများသာဖြစ်ပါတယ်။ ခရမ်းချဉ်အလံ ၁၀၀၀ စိုက်ပျိုးထားရှိပါက ၁၀ ရက် တစ်ပတ်လျှင် ပထမသီးမှာ ခြင်း ၇၀၊ ၈၀ ခူးဆွတ်ရပြီး တစ်ခြင်းမှာ ပိဿာချိန် ၃၀ခန့်ပါရှိရာ အချိန်အား ဖြင့် ပိဿာ ၂၀၀၀ ကျော်ရရှိပါတယ်။ နောက် ၁၀ ရက်တွင် ဒုတိယသီးမှာ အချိန်အားဖြင့် ပိဿာ ၄၀၀၀ ခန့် ခူးဆွတ်ရပါတယ်။ တစ်လတွင် သုံးကြိမ် ခူးဆွတ်ရပြီး ခူးဆွတ်ရတဲ့ သက်တမ်းမှာ သုံးလခန့် ကြာပါတယ်။



**ပြည်နယ်ဦးစီးမှူး ။ယနေ့ ခရမ်းချဉ်သီးပေါက်ဈေးနဲ့ တင်ပို့မှုအခြေအနေကို ပြောပြပေးပါ။**

**ဦးဌေးလွင်။** ယနေ့ ခရမ်းချဉ်သီးတစ်ပိဿာ ပေါက်ဈေးနှုန်းကတော့ ဒိုင်သိမ်းဈေး ကျပ် ၄၀၀ မှ ကျပ် ၅၀၀ ရှိပါတယ်။ ရန်ကုန်နဲ့ မန္တလေးမြို့များသို့ ခရမ်းချဉ်သီးကို ၁၂ ဘီးကားများဖြင့် တင်ပို့ပါတယ်။ ပိဿာ ၂၀ ခန့် ပါရှိတဲ့ သေတ္တာတစ်လုံး သယ်ယူစရိတ်မှာ ကျပ် ၁၀၀၀ ရှိပြီး ရန်ကုန်သို့ တင်ပို့ရာမှာ ခရမ်းချဉ်သီး သေတ္တာခွံပါ ထည့်ရောင်းကြပါတယ်။ ခရမ်းချဉ်သီး သေတ္တာခွံတန်ဖိုးမှာ ကျပ် ၁၄၀၀ ဖြစ်ပါတယ်။ အင်းထဲမှ ညောင်ရွှေမြို့ ပွဲရုံသို့စက်လှေဖြင့် ခရမ်းချဉ်သီး တစ်ပိဿာ သယ်ခ ကျပ် ၃၀ ပေးရပါတယ်။ စက်လှေတစ်စင်းမှာ ကုန်ချိန်ပိဿာ ၃၀၀၀ မှ ၃၅၀၀ ထိ တင်ဆောင်နိုင်ပါတယ်။

**ပြည်နယ်ဦးစီးမှူး ။ အင်းလေးကန်အတွင်း ခရမ်းချဉ်သီး စိုက်ပျိုးမှုနှင့် ကုန်းပေါ်စိုက်ပျိုးမှု ကုန်ကျစရိတ် ဘယ်လိုရှိပါသလဲ။**

**ဦးရွှေတိုး။** အင်းလေးကန်အတွင်း ခရမ်းချဉ်သီး စိုက်ပျိုးမှုက ကုန်းပေါ်စိုက်ပျိုးတာထက် သုံးဆခန့် ပိုကုန်ကျပါတယ်။ ပြန်ရောင်းချိန် ဈေးကတော့ တစ်ပိဿာလျှင် ကျပ် ၁၀၀လောက်တော့ အင်းသီးက ဈေးပိုရပါတယ်။

**ပြည်နယ်ဦးစီးမှူး ။ ခရမ်းချဉ်သီး အစုအဖွဲ့ရောရှိပါသလား။**

**ဦးရွှေတိုး။** ခရမ်းချဉ်သီး အစုအဖွဲ့တော့ မရှိသေးပါ။ စိုက်ပျိုးသူ တောင်သူအချင်းချင်း စိုက်ပျိုးမှု နည်းစနစ်များကို မျှဝေပြီး ခရမ်းချဉ်သီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေကြပါတယ် ။ အစုအဖွဲ့လည်းရှိပြီး နိုင်ငံတော်မှ ဦးစီးဦးဆောင် လုပ်ဆောင်မယ်ဆိုရင် အထွက်နှုန်း ပိုမိုလာနိုင်ပါတယ်။

**ပြည်နယ်ဦးစီးမှူး ။ ဘယ်လိုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတွေကို ဝယ်ယူအသုံးပြု နေကြပါသလဲ။**

**ဦးရွှေတိုး။** ဩဘာ၊ ရွှေခြသေ့်နဲ့ ကောင်းသုခ ဓာတ်မြေဩဇာများကို အများဆုံး အသုံးပြုပြီး အထူးရွက်ဖျန်းမြေဩဇာအမှုန့် Ezy Gro plus နဲ့ အပင်အားတိုးဆေးအတွက် Bio Gro ကို အသုံးပြုပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ခရမ်းချဉ်သီးမှာ အင်းသီးနဲ့ ကုန်းသီးတို့ရဲ့ ကွာခြားမှုကို ပြောပြပါ။**

**ဦးအောင်အောင်။** အင်းခရမ်းချဉ်သီးက ကုန်းခရမ်းချဉ်သီးထက် ဈေးပိုရပါတယ်။ အရောင်အသွေးလည်း ပိုလှပါတယ်။ စားရတဲ့ အာဟာရလည်း ပိုမိုကြွယ်ဝပါတယ်။ တစ်လထားလည်း ပုပ်သွားခြင်းမရှိပါဘူး။ ထားသိုတဲ့နေရာမှာ အင်းသီးက နေရာကျဉ်းကျဉ်းမှာ သိပ်သည်းမှု ခံနိုင်ပါတယ်။ ကုန်းသီးကတော့ နေရာကျယ်ကျယ်ထားရပါတယ်။ သိပ်သည်းမှုကို ခံနိုင်ရည်မရှိပါဘူး။ အင်းလေးခရမ်းချဉ်သီးအတွက်ဆို အအေးခန်း မလိုပါဘူး။

**ပြည်နယ်ဦးစီးမှူး ။ လိုအပ်တဲ့ အရင်းအနှီးကို ဘယ်လိုစီမံဖန်တီးကြပါသလဲ။**

**ဦးရွှေတိုး။** လိုအပ်တဲ့ အရင်းအနှီးကို ပွဲရုံပိုင်ရှင်က စိုက်ထုတ်ပေးပါတယ်။ ခရမ်းချဉ် ခူးဆွတ်ချိန်မှာ ပြန်လည် ပေးသွင်းရပါတယ်။ ကြာတဲ့ကာလပေါ်မူတည်ပြီး သင့်တင့်တဲ့ အတိုးအတွက်တော့ ပေးရပါတယ်။ ပွဲရုံကို ခရမ်းချဉ်သီး လာရောင်းပြီး အပြန်ကို စိုက်ခင်းအတွက် လိုအပ်တဲ့ ပွဲရုံကရောင်းတဲ့ ဓာတ်မြေဩဇာအိတ်များနဲ့ စိုက်ပျိုးရေး ဆေးဆိုင်များက စိုက်ပျိုးရေးဆေးတွေ ဝယ်ယူပြီး ပြန်ကြပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ခရမ်းချဉ်သီးမှာ မှည့်ဆေး တွေသုံးကြပါသလား။ မှည့်ဆေး သုံးစွဲရခြင်းအကြောင်း ရှင်းပြပေးပါ။**

**ဦးအောင်အောင် ။** ကျွန်တော်တို့ အင်းလေးဒေသမှာတော့ ခရမ်းချဉ်သီး မြန်မြန်မှည့်ဖို့ မှည့်ဆေးသုံးတာ ရှားပါတယ်။ ကျွန်တော်တို့ မြသစ္စာ ပွဲရုံမှာဆိုရင် ခရမ်းချဉ်သီးထားဖို့ နေရာအလုံအလောက် ရှိပါတယ်။ ဈေးကွက်လိုအပ်ချက်အရ အဝင်/အထွက် ပုံမှန်ရှိနေပါတယ်။ အချို့ပွဲရုံတွေမှာ နေရာအခက်အခဲအရ လည်းကောင်း၊ ဈေးကွက်တောင်းဆိုမှုအရ လည်းကောင်း ၊ ခရမ်းချဉ်သီးအစိမ်းကို မှည့်ချင်တဲ့ရက် အနေအထား အရ ဆေးဖျန်းရင်တော့ မသိနိုင်ပါဘူး။

**ဦးရွှေတိုး။ ခရမ်းချဉ်သီးနှင့် သစ်သီးဝလံများမှာ မှည့်ဆေးသုံးစွဲထားခြင်း၊ ပိုးသတ်ဆေး သုံးခြင်းကြောင့် အကျိုးအပြစ်ကို ရှင်းပြပေးပါ။**

**ပြည်နယ်ဦးစီးမှူး ။** ခရမ်းချဉ်သီးနှင့် သစ်သီးဝလံများမှာ မှည့်ဆေးသုံးစွဲထားခြင်း၊ ပိုးသတ်ဆေး သုံးစွဲခြင်းကြောင့် ချက်ပြုတ်စားသောက်ရာမှာ ရေဖွားဖွားပါအောင် ဆေးကြောခြင်း၊ ဆားရေစိမ်ခြင်း၊ ရှာလကာရည်ဖြင့် စိမ်ခြင်း၊ လေသလပ်ခံခြင်းများ ပြုလုပ်ပြီးမှ စားသောက်သင့်ပါတယ်။ ဆေးများများ သုံးထားတဲ့ ခရမ်းချဉ်သီးတွေနှင့် သစ်သီးဝလံ စားသုံးမိပါက ရုတ်တရက် အစာအဆိပ်သင့်ခြင်းနဲ့ ကြာရှည်စားသောက်သွားပါက ကင်ဆာရောဂါအထိ ဖြစ်ပွားနိုင်ပါတယ်။

**ပြည်နယ်ဦးစီးမှူး ။ ခရမ်းချဉ်သီးကို ဘယ်လိုရာသီဥတုမျိုးနဲ့ မြေအမျိုးအစားမှာ စိုက်ပျိုးရန် သင့်ပါသလဲ။**

**ဦးရွှေတိုး။** ခရမ်းချဉ်သီးဟာ အပူပိုင်းဒေသများနှင့် အပူလျော့ပိုင်းဒေသများမှာ စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး မြေဆီဩဇာဓာတ်ကြွယ်ဝပြီး၊ ရေမဝပ်သော မြေဆွေးရှိတဲ့ နေရာတို့မှာ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါတယ်။

**ပြည်နယ်ဦးစီးမှူး ။ ခရမ်းချဉ် ပျိုးထောင်မှု၊ စိုက်ပျိုးမှု၊ ပြုစုမှုတွေကို ဘယ်လိုဆောင်ရွက်ပါသလဲ။**

**ဦးရွှေတိုး။** ခရမ်းချဉ်ကို တိုက်ရိုက်မစိုက်ဘဲ ပျိုးထောင်ပြီး ပြောင်းရွှေ့စိုက်ပျိုးလျှင် ပိုမိုကောင်းမွန်ပါတယ်။ တစ်ဧကစိုက်ပျိုးမည်ဆိုပါက အလျား ပေ ၃၀ ၊ အနံ ၃ ပေရှိတဲ့ ပျိုးဘောင်များ ပြုလုပ်ပြီး ပျိုးဘောင်ပေါ်မှာ မျိုးစေ့ကို တစ်စေ့နဲ့ တစ်စေ့ လက်မဝက်ခန့်ခွာ၍ ကန့်လန့်ဖော်ထားသော ခြောက်လက်မအကွာ အကြောင်းငယ်များအတွင်း မျိုးစေ့ချကာ စိုက်ပျိုးရပါမယ်။ အကြောင်း ငယ်များအတွင်း မြေဆွေးမှုန့်များကို ခပ်ပါးပါးကလေး ဖြူးပေးရပါမယ်။ နေ့စဉ်လိုအပ်တဲ့အတိုင်းအတာနဲ့အညီ ရေလောင်း ပေးခြင်း၊ ပေါင်းရှင်းပေးခြင်းဖြင့် ၂၀ ရက်သားကျော် တစ်လသား မပြည့်မီ ရွှေ့ပြောင်းစိုက်ပျိုး နိုင်ပါတယ်။ မရွှေ့ပြောင်းခင် စိုက်မယ့်နေရာကို မြေပြုပြင်ပေးဖို့ လိုအပ်ပါတယ်။ တစ်ဧကစာမှာ နွားချေး၊ ကြက်ချေး၊ ဝက်ချေး တစ်မျိုးမျိုးထည့်ပြီး မြေသားကို ညက်အောင် အထပ်ထပ် ဆွပေးရပါတယ်။ ရွှေ့ပြောင်း ခရမ်းချဉ်ပင်ကလေးများကို တစ်ပင်နဲ့တစ်ပင် တစ်ပေခွဲခန့်၊ တစ်တန်းနဲ့ တစ်တန်း သုံးပေလောက် ခွာ၍စိုက်ရပါတယ်။ ခရမ်းချဉ်ပင်ကို စိုက်ပျိုးပြီး ၁၅ ရက် တစ်ခါ သုံးကြိမ်မျှ ပေါင်းလိုက် မြေဆွပေးပါ။ ခရမ်းချဉ်ပင်ဟာ မျိုးစေ့ချတဲ့ ရက်မှစ၍ နှစ်လခွဲ၊ သုံးလမှာ အသီးများ ဖြစ်ထွန်းပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# လက်ရှိမိုးရာသီ၏ အစေ့အဆန်ထုတ်လုပ်မှုပမာဏမှာ ၂ ဒသမ ၇၈ ရာခိုင်နှုန်း ကျဆင်းနိုင်ပြီး တန်ချိန် ၁၃၄ သန်းကျော်ရှိမည်ဟု အိန္ဒိယအစိုးရခန့်မှန်း

အိန္ဒိယနိုင်ငံ အလယ်ပိုင်းဒေသများ၌ မိုးရရှိမှုမညီမျှခြင်းနှင့် ရာဂျက်စသန်၊ ဂူဂျာရတ်၊ ဥတ္တရာပရာဒေ့ရှ်၊ ဘီဟာနှင့် အာသံပြည်နယ်တို့တွင် ရေလွှမ်းမိုးခြင်းတို့ကြောင့် လက်ရှိမိုးရာသီစိုက် သီးနှံထုတ်လုပ်မှု ပမာဏကို ယခင်ထက် ၂ ဒသမ ၇၈ ရာခိုင်နှုန်းလျော့ချပြီး တန်ချိန် ၁၃၄ ဒသမ ၆၇ သန်းရှိမည်ဟု အိန္ဒိယအစိုးရက ခန့်မှန်းလိုက်ကြောင်း၊ သို့ရာတွင် ယခုခန့်မှန်းထားသည့် ပမာဏသည်ပြီးခဲ့သည့် ငါးနှစ်အတွင်းက ပျမ်းမျှထုတ်လုပ်မှု ပမာဏဖြစ်သည့် တန်ချိန် ၁၂၈ ဒသမ ၂၄ ထက်မြင့်မားနေသေးသည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

ယခုနှစ် မိုးသီးနှံ ထုတ်လုပ်မှု ပမာဏ ပထမအကြိမ်ခန့်မှန်းချက်ကို စက်တင်ဘာ ၂၅ ရက်က ထုတ်ပြန်ခဲ့ရာ ပြီးခဲ့သည့်နှစ်တွင် တန်ချိန် ၁၃၈ ဒသမ ၅၂ သန်းထိ စံချိန်တင်ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုနှစ်တွင်မူ ဆန်၊ ပဲနှင့် နှံစားပြောင်း ထုတ်လုပ်မှု ပမာဏမှာ ကျဆင်းမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် ခန့်မှန်းချက်ကို နွေသီးနှံစိုက်ပျိုးပြီးချိန် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အစိုးရအနေဖြင့် ထုတ်ပြန်မည်ဖြစ်ကာ တတိယနှင့် စတုတ္ထအကြိမ် ခန့်မှန်းချက်များကို မေလနှင့် ဩဂုတ်လတို့တွင်လည်း ဆက်လက်ထုတ်ပြန်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ပထမအကြိမ် ခန့်မှန်းချက်အရ ဝါဂွမ်း၊ ဆီထွက်သီးနှံနှင့် ဂုံလျှော်ထုတ်လုပ်မှုမှာ ကျဆင်းနိုင်ကြောင်း၊ ကြံထုတ်လုပ်မှု ပမာဏမှာမူ တိုးတက်မည်ဟု ခန့်မှန်းထားကြောင်း၊ မိုးသီးနှံရိတ်သိမ်းမှုမှာ အောက်တိုဘာလအစောပိုင်းတွင် စတင်မည်ဖြစ်ရာ ယခင်နှစ်က မိုးရာသီ၌ စပါးတန်ချိန် ၉၆ ဒသမ ၃၉ သန်း ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုနှစ်တွင်မူ တန်ချိန် ၉၄ ဒသမ ၃၈ သန်းသို့ တန်ချိန် ၁ ဒသမ ၉ သန်းခန့်ကျဆင်းဖွယ်ရှိကြောင်း သိရှိရပါသည်။

သို့ရာတွင် စက်တင်ဘာ ၁ ရက်၌ Food Corporation of India (FCI) နှင့် ပြည်နယ်အစိုးရအေဂျင်စီများ၏ လက်ဝယ်၌ ဆန်တန်ချိန် ၁၈ သန်းကျော်ရှိနေရာ ယင်းပမာဏသည် အရန်ဆန်ထားရှိမည့် သတ်မှတ်တန်ချိန် ၁၀ သန်းထက်ပင်ကျော်လွန်နေသည့် အတွက် သီးနှံဈေးနှုန်းများအပေါ် ရိုက်ခတ်မှုမရှိနိုင်ကြောင်း၊ ထိုမျှသာမက ၂၀၁၇-၁၈ သီးနှံရာသီအတွက် ဆန်ဝယ်ယူမည့်ကာလမှာ အောက်တိုဘာလ ၁ ရက်တွင်စတင်မည်ဖြစ်ရာ ပြည်နယ်အေဂျင်စီများအနေဖြင့် တန်ချိန် ၃၇ ဒသမ ၅ သန်းခန့် ဝယ်ယူရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။

ထို့ပြင် ပဲထုတ်လုပ်မှုပမာဏမှာလည်း ယခင်နှစ်မိုးရာသီ၌ တန်ချိန် ၉ ဒသမ ၄၂ သန်းရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၈ ဒသမ ၇၁ သန်းသို့ ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ သို့ရာတွင် NAFED၊ SFAC နှင့် FCI ကဲ့သို့သော အစိုးရအေဂျင်စီ များ၏ လက်ဝယ်၌ အရန်ပဲတန်ချိန် ၁ ဒသမ ၈ သန်းဝန်းကျင်ခန့်ကျန်ရှိနေရာ ရှေ့လျှောက်ဈေးနှုန်းမြင့်တက်မည့် အခြေအနေမရှိနိုင်ဟု ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယမိုးလေဝသဦးစီးဌာန၏ အချက်အလက်များအရ အနောက်တောင်မုတ်သုံမိုးမှာ လက်ရှိကာလအထိ ကာလရှည်ပျမ်းမျှပုံမှန်မိုးရေချိန်အောက် ငါးရာခိုင်နှုန်းခန့် လျော့နည်းနေကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တရုတ်ပြည်မကြီး၏ ပြည်နယ်ကိုးခုနှင့် ဟောင်ကောင်နှင့် မကာအိုခေါင်းဆောင်များမှ ပုလဲမြစ်ဝှမ်းဒေသအတွင်း ခရီးသွားလုပ်ငန်းနှင့် အကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူ လက်မှတ်ရေးထိုး

နယ်စပ်ဖြတ်ကျော်မှု လွယ်ကူစေရန်နှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ထူထောင်ရန်အတွက် တရုတ်ပြည်မကြီးရှိ ပြည်နယ်ကိုးခုမှ အကြီးအကဲများ၊ ဟောင်ကောင်နှင့် မကာအိုမှ ခေါင်းဆောင်များ တက်ရောက်သည့် ၂၀၁၇ ခုနှစ်၊ ပုလဲမြစ်ဝှမ်း ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး ညီလာခံကို ဟူနန်ပြည်နယ်၊ ချန်ရှတွင် ကျင်းပရာ ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် Carrie Lam Yuet-ngor က သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါညီလာခံတွင် ပြည်နယ်နှင့်အထူးအုပ်ချုပ်ခွင့်ရဒေသခေါင်းဆောင်များမှ ပုလဲမြစ်ဝှမ်းဒေသအားလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းအသင်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်နှင့် ဒေသတွင်းအကောက်ခွန်နှင့် စာရင်းရှင်းလင်းရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့ကြကြောင်းလည်း သိရှိရပါသည်။

အဆိုပါသဘောတူစာချုပ်အရ ဟောင်ကောင်နှင့် မကာအိုဒေသတွင်း နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း စည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်းနှင့် လုပ်ငန်းယန္တရားတစ်ရပ် ထူထောင်ရေးနှင့်အတူ ဒေသတွင်းခရီးသွားလုပ်ငန်းအတွက် ကျန်ပြည်နယ်များနှင့် နီးကပ်စွာ အတူအကွ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဟောင်ကောင်အား ပြည်နယ် ကိုးခုဖြစ်သည့် ဖူကျန့်၊ ကျန်းရှီး၊ ဟူနန်၊ ကွမ်တုံ၊ ကွမ်ရှီး၊ ဟိုင်နန်၊ စီချွမ်း၊ ကွေ့ကျိုးနှင့် ယူနန်တို့နှင့် နယ်စပ်ဖြတ်ကျော်ခြင်း လုပ်ငန်းအစီအစဉ်များ အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခေါင်းဆောင်များအနေဖြင့်လည်း ဟောင်ကောင်၊ မကာအိုနှင့် တရုတ်ပြည်မကြီးကြား ချိတ်ဆက်မှု တိုးမြှင့်ရန်၊ ဟောင်ကောင်-ကျူးဟိုင်-မကာအိုတံတား၊ ကွမ်ကျိုး-ရှန်းကျန့်- ဟောင်ကောင်မီးရထားလမ်းတည်ဆောက်ရေး အရှိန်မြှင့်တင်ရန်နှင့် Liantang နယ်စပ်ထိန်းချုပ်ရေးဇုန်တို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# တရုတ်နိုင်ငံထုတ် သံမဏိချောင်းအချို့ တင်သွင်းမှုအပေါ် တန်ပြန်စုပုံခွန်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို အိန္ဒိယအစိုးရက စတင်ပြုလုပ်မည်

ပြည်တွင်းလုပ်ငန်းရှင်များ၏ တိုင်ကြားချက်များကြောင့် တရုတ်နိုင်ငံမှ သံမဏိချောင်းများ တင်သွင်းမှု အပေါ် Anti-dumping ဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို အိန္ဒိယအစိုးရက စတင်ပြုလုပ်လျက်ရှိကြောင်း Press Trust of India ၏ စက်တင်ဘာလ ၂၅ ရက်သတင်းတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံရှိ JSW Steel၊ Sunflag Iron and Steel၊ Usha Martin နှင့် Gerdau Steel India တို့အပါအဝင် ပြည်တွင်းသံမဏိထုတ်လုပ်သည့် ကုမ္ပဏီခြောက်ခုက တရုတ်နိုင်ငံမှ တင်သွင်းလာသည့် အဆိုပါကုန်ပစ္စည်းများအပေါ် တန်ပြန်စုပုံခွန်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးပါရန်နှင့် အခွန်စည်းကြပ်ကောက်ခံပေးပါရန် DGAD သို့ လျှောက်ထားတင်ပြခဲ့ကြသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးခဲ့ကြရာ ပုံမှန်အောက်လျော့နည်းသည့်ဈေးဖြင့် တင်သွင်းသည့် အထောက်အထားများကိုလည်း တွေ့ရှိထားသည်ဟုဆိုထားကြောင်း သိရှိရပါ သည်။

အဆိုပါကုန်ပစ္စည်းများမှာ မော်တော်ကား၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံများ၊ သင်္ဘောတည်ဆောက်ခြင်း လုပ်ငန်းများ၊ ရထားလမ်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ အပါအဝင် ကဏ္ဍများစွာ၌ အသုံးပြုနေသည့် ပစ္စည်းများဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါစုံစမ်းစစ်ဆေးမှုတွင် DGAD က Dumping ဖြစ်ပေါ်မှု ပကတိအခြေအနေ၊ အတိုင်းအတာ၊ သက်ရောက်မှုပမာဏတို့ကို စိစစ်ဆုံးဖြတ်ကာ တန်ပြန်စုပုံခွန်စည်းကြပ်ရမည့် အခွန်နှုန်းထားကို အကြံပြုမည်ဖြစ်ကြောင်း၊ ယင်းအခွန်နှုန်းထားသည် ပြည်တွင်းလုပ်ငန်းရှင်များအပေါ် ထိခိုက်မှုဖယ်ရှားနိုင်သည်အထိ လုံလောက်သည့်ပမာဏကို သတ်မှတ်မည်ဖြစ်ကြောင်း၊ DGAD က စိစစ်အကြံပြုသည့် အခွန်နှုန်းထားအတိုင်း ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်စည်းကြပ်ကောက်ခံလေ့ရှိကြောင်း သိရှိရပါသည်။

၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် အိန္ဒိယမှ တရုတ်သို့ ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ ဘီလီယံသာရှိခဲ့ပြီး အိန္ဒိယနိုင်ငံသို့ ဝင်ရောက်တင်သွင်းသည့် တရုတ် ကုန်စည်များမှာ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၂၈ ဘီလီယံထိရှိခဲ့ကြောင်း၊ တရုတ်သွင်းကုန်များ တိုးမြင့်လာခြင်းနှင့် ပုံမှန်ဈေးနှုန်းအောက် လျော့နည်းသည့် (Dumping) ကုန်ပစ္စည်းများ ဝင်ရောက်လာခြင်းတို့မှာ အိန္ဒိယကုမ္ပဏီများအတွက် အမြဲစိုးရိမ်ပူပန်နေရသည့် ကိစ္စရပ်တစ်ခုဖြစ်နေကြောင်း၊ DGAD သည် ဓာတုပစ္စည်းကဲ့သို့သော သွင်းကုန်များစွာအပေါ်တွင်လည်း တန်ပြန်စုပုံခွန်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ အိန္ဒိယသည် အလယ်အလတ်တန်းလွှာလူဦးရေများစွာရှိနေရာ ကမ္ဘာ့ထုတ်လုပ်သူများအတွက် ဆွဲဆောင်မှုအလွန်ကောင်းသည့် ဈေးကွက်များအနက် တစ်ခုအဖြစ် တည်ရှိနေကြောင်း ဖော်ပြထားပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အာဟာရဓာတ်စုံ ပဲစင်းငုံ

|မင်းဆွေ (ပဲခူး)|



လွန်ခဲ့သည့် ဩဂုတ်လက အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုဆိုင်ရာ သွင်းကုန်မူဝါဒ ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံအတွင်း ပဲကုန်သည်များနှင့် ပဲစင်းငုံ၊ မတ်ပဲစိုက်တောင်သူများတွင် အနည်းငယ်လှုပ်ခတ်မှုများ ရှိသကဲ့သို့ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ စီးပွားရေးတို့ကို တာဝန်ယူရသော ဌာနများအနေဖြင့်လည်း လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သည်။

နိုင်ငံစိုက်ပျိုးရေးသီးနှံများ၏ ၃၄ ရာခိုင်နှုန်းသည် စပါးသီးနှံဖြစ်ပြီး ၂၁ ရာခိုင်နှုန်းသည် ပဲမျိုးစုံစိုက်ပျိုးခြင်းဖြစ်၍ ဒုတိယ အများဆုံး စိုက်ပျိုးသီးနှံဖြစ်ပါသည်။ သီးနှံထွက်ကုန်များ၏ ပြည်ပပို့ကုန် ၄၀ရာခိုင်နှုန်းကျော်သည် ပဲမျိုးစုံ တင်ပို့မှုဖြစ်သည့်အတွက် နိုင်ငံတော်၏ အရေးပါသော စိုက်ပျိုးသီးနှံဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုန်သည်အသင်းအဖွဲ့များ ပူးပေါင်း၍ ပဲစိုက်တောင်သူများ၏ အကျိုးစီးပွားကာကွယ်ရေးအတွက် ရေတို၊ ရေရှည် ဆောင်ရွက်ရမည့် အချက်များကို ဖော်ထုတ်ပြီး အဆိုပါဖော်ထုတ်ချက်များကို အလျင်အမြန် အကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ရေတို၊ ရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် ပဲဝယ်ယူရေးအတွက် အစိုးရ၊ ပုဂ္ဂလိက တို့ပါဝင်သော လှည့်ပတ်ရန်ပုံငွေ ( Revolving Fund) တစ်ရပ်ပူးတွဲထူထောင်ဆောင်ရွက်ရန်၊ သီးနှံပြောင်းလဲ စိုက်ပျိုးရေးနှင့် ပြောင်းလဲစိုက်ပျိုးသည့် သီးနှံများအတွက် ဈေးကွက်ဖော်ဆောင်ရေးပူးပေါင်းကော်မတီတစ်ရပ် (Coordinating Committee) ဖွဲ့စည်းဆောင်ရွက်ရန်နှင့် မတ်ပဲ၊ ပဲစင်းငုံ ပြည်တွင်းစားသုံးမှုတိုးတက်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန် အချက်တို့လည်း ပါဝင်ပေသည်။

ပဲဝယ်ယူရေးအတွက် လှည့်ပတ်ရန်ပုံငွေကိစ္စ ၊ သီးနှံပြောင်းလဲစိုက်ပျိုးရေးနှင့် ဈေးကွက်ဖော်ထုတ်ရေးကိစ္စတို့သည် အဆိုပါသီးနှံအား ထိတွေ့ကိုင်တွယ်ဆောင်ရွက်နေသည့် ဌာနဆိုင်ရာ၊ လူပုဂ္ဂိုလ်၊ အသင်းအဖွဲ့များနှင့်သာ သက်ဆိုင်သော်လည်း ပြည်တွင်းစားသုံးမှုတိုးတက်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန် လုပ်ငန်းသည် ပြည်သူအားလုံးနှင့် သက်ဆိုင်ပေသည်။

မြန်မာနိုင်ငံအတွင်း ပဲစားသုံးမှုအနေဖြင့် အရပ်ဒေသ၊ ပဲစိုက်ပျိုးထွက်ရှိရာဒေသအလိုက် စားသုံးမှုပုံစံများ ကွဲပြားကြပါသည်။ ပြုတ်၍လည်းကောင်း၊ ပဲခြမ်းကြော်၊ ပဲလှော်၊ ပဲရေပွကြော် စသည်ဖြင့်လည်းကောင်း၊ ပဲမှုန့်များပြုလုပ်၍လည်းကောင်း စားသုံးမှုပုံစံများ အမျိုးမျိုးရှိကြသလို ဒေသထွက်ကုန်များ အနေဖြင့် ထုတ်လုပ်ရောင်းချမှုများလည်း ရှိပါသည်။ (ဥပမာ - ရှမ်းပြည်နယ်၊ တောင်ကြီး ပဲပုပ်စေ့လှော်၊ ပဲပုပ်ပြား၊ တောင်ငူ ပဲလှော်၊ အထက် အညာဒေသ ပဲမျိုးစုံနှစ်ပြန်ကြော်၊ ပဲခြမ်းကြော်)

အထက်ဖော်ပြပါ စားသုံးမှုပုံစံများအပြင် ဟင်းလျာချက်ပြုတ်စားသောက်သည့် ဟင်းလျာအမယ် အမျိုးမျိုးလည်း ရှိပါသည်။ ကုလားပဲဖြင့် ဘယာကြော် ပြုလုပ်စားသောက်ခြင်း၊ မတ်ပဲဖြင့် မတ်ပဲကြော် ပြုလုပ်စားသောက်ခြင်း၊ ပဲကြာဆန်၊ ပဲပင်ပေါက်၊ ပဲပြား၊ အချို့မှုန့်များပြုလုပ်ခြင်း၊ ပဲငါးပိပြုလုပ်ခြင်း၊ ဟင်းချိုချက်ပြုတ်ခြင်း၊ သီးစုံကုလားပဲဟင်း ချက်ပြုတ်ခြင်း၊ ပဲတောင့်အနုများအား ပြုတ်တို့ခြင်း၊ အချို့အရပ်ဒေသများတွင် ဆန်ဖြင့်ရော၍ ပဲထမင်းများ ချက်ပြုတ်စားသောက်ခြင်း စသည်ဖြင့် ပဲအမျိုးအစားအလိုက် အရပ်ဒေသအလိုက် ချက်ပြုတ်မှုပုံစံများ ကွာခြားမှု ရှိပါသည်။

မြန်မာနိုင်ငံအတွင်း ပဲမျိုးစုံစားသုံးမှုအနေဖြင့် ပုံစံအမျိုးမျိုး အသွင်သဏ္ဍာန်အမျိုးမျိုးတို့ဖြင့် ချက်ပြုတ်၊ ကြော် လှော် စားသောက်နေကြသော်လည်း ၎င်းတို့တွင် ပါဝင်သော အာဟာရဓာတ် ပေါကြွယ်ဝမှုကို သိရှိသူနည်းပါးပါသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးသောပဲမျိုးစုံ အချို့တွင်ပါဝင်သော အာဟာရဓာတ် ပေါကြွယ်ဝမှုအား အောက်ပါအတိုင်း လေ့လာသိရှိနိုင်ပါသည်။

| ပဲအမျိုးအစား | ကယ်လိုရီ | ပရိုတင်း | အဆီဓာတ် | ကစီဓာတ် |
|---|---|---|---|---|
| ပဲစင်းငုံ | ၃၅၁ | ၂၂. ၂၀ | ၁. ၅၀ | ၆၂. ၃၀ |
| မတ်ပဲ | | ၂၀. ၃၀ | ၀. ၉၁ | |
| ပဲတီစိမ်း | | ၁၉. ၇၉ | ၁. ၃၉ | |
| ကုလားပဲ | | ၁၈. ၆၄ | ၅. ၃၀ | |
| မြေထောက်ပဲ | ၃၃၅ | ၁၆. ၀၀ | ၁. ၉၀ | ၆၆. ၀၀ |
| ထောပတ်ပဲ | ၃၃၅ | ၁၆. ၀၀ | ၁. ၉၀ | ၆၆. ၀၀ |
| မြေပဲ | ၅၄၈ | ၂၃. ၄၀ | ၄၅. ၃၀ | |

မြန်မာနိုင်ငံသားများအနေဖြင့် ပဲနှင့်ပတ်သက်သော ဟင်းလျာများ ချက်ပြုတ်စားသောက်ရာတွင် ကုလားပဲကိုသာ အသုံးများသော်လည်း အိန္ဒိယဖွားများအနေဖြင့် ပဲစင်းငုံအား အသုံးပြုမှုများကြောင်း တွေ့ရှိရသလို အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံအား အထူးပင် နှစ်နှစ်ခြိုက်ခြိုက် စားသုံးကြကြောင်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံ ပဲစင်းငုံတင်ပို့မှု၏ ၉၁ ရာခိုင်နှုန်းကျော်သည် အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါသည်။ အထက်တွင် ဖော်ပြထားသည့် ဇယားပါ အချက်အလက်များအရ ပဲစင်းငုံသည် မြေပဲပြီးလျှင် ကယ်လိုရီ၊ ပရိုတင်းဓာတ်များ ဒုတိယအများဆုံးပါဝင်ပြီး မြေပဲထက် အဆီဓာတ်များစွာ လျော့နည်းသည့်အတွက် ကျန်းမာရေးကို အထောက်အကူ ပြုစေသည်။

၁၉၆၀ ပြည့်နှစ်တွင် ထုတ်ဝေသော ဇီဝဌာယီ ဆရာကြီး ဦးစံလှ၏ နာနာနယအာဟာရစွယ်စုံကျမ်း၌ ပဲစင်းငုံနှင့်ပတ်သက်၍ ပဲစင်းခုန်ဟူ၍လည်းကောင်း၊ အချို့အရပ်ဒေသများတွင် ပဲရင်ချောင်ဟူ၍လည်းကောင်း ယခင်က ခေါ်ဆိုခဲ့သည်ကိုလည်း လေ့လာသိရှိခဲ့ရပါသည်။ ဖော်ပြပါဆရာကြီး၏ နာနာနယအာဟာရစွယ်စုံကျမ်းတွင် ပဲစင်းငုံနှင့်ပတ်သက်၍ မြန်မာ့ဆေးကျမ်းများအလိုအရ ဖော်ပြပါ အချက်များကိုလည်း အောက်ပါအတိုင်း လေ့လာတင်ပြအပ်ပါသည်။ ( မှတ်ချက် - စာလုံး၊ သတ်ပုံများအား ဇီဝဌာယီ ဆရာကြီး ဦးစံလှ၏ နာနာနယ အာဟာရစွယ်စုံကျမ်းပါအတိုင်း ဖော်ပြအပ်ပါသည်။)

**မြန်မာ့ဆေးကျမ်းများအလို**

ပဲစင်းခုန်(ပဲစင်းငုံ) ကြီးသည် သလိပ်-သည်းခြေနာကို ပျောက်တတ်ခြင်း၊ စဉ်းငယ်ဖန်ခြင်း၊ လေကို လွန်စွာ မယူတတ်ခြင်း သတ္တိရှိ၏။ ပဲစင်းခုန်(ပဲစင်းငုံ) ငယ်သည် သလိပ်-သည်းခြေနာကို ဖျောက်တတ်ခြင်း သတ္တိရှိ၏။ (ဓာတုရသ လေးစောင်တွဲကျမ်း )

ပဲစင်းခုန်(ပဲစင်းငုံ)သည် ဆိမ့်၏။ စဉ်းငယ်ဖန်၏။ ဇေ၏။ အဆီသြဇာရှိ၏။ ကြေလွယ်၏။ ဝမ်းချုပ်၏။ လေကို ပျက်စေတတ်၏။ အရုပ်အဆင်းကိုကောင်းစေတတ်၏။ သွေး ၊ သည်းခြေ၊ သလိပ်ကို နိုင်၏။ (ဥတုဘောဇနသင်္ဂဟကျမ်း)

ပဲစင်းခုန်(ပဲစင်းငုံ) သည် ဆိမ့်၏။ အတန်ငယ် ဖန်၏။ ဓာတ်ဆီသြဇာရှိ၏။ အထူးကျေနပ်နောအောင် ချက်၍စားလျှင် သွေးကိုလည်းကောင်း၊ သုတ်ကိုလည်းကောင်း အထူးပွားစေတတ်၏။ ဆီးဝမ်းတို့ အထူး မချုပ်စေတတ်၊ မသွားစေတတ်။ ရှည်မြင့်စွာ စားလျှင် လေသွားလမ်းကို ပိတ်ဆို့တတ်၍ ဒူးနာစေတတ်သောကြောင့် အရှည်အကြာစားလိုသောသူတို့သည် မဆလာကိုသော်လည်းကောင်း၊ မန်ကျည်းမှည့် အနှစ်ကိုသော်လည်းကောင်း သင့်လျော်စွာ ထည့်သွင်း၍ စားရမည်။ (ဇီဝိတဝပုန ဆေးကြမ်း)

ပဲစင်းခုန်(ပဲစင်းငုံ) ကား ကြံ့သော နှာအင်၊ ခိုင်မာလျှင်လည်း၊ လျှင်လျှင်ပေးလေ၊ ဆင်းနူးကြေလိမ့်၊ လေရက္ခပိတ်၊ နာဂကြိတ်လည်း၊ ဆို့ပိတ်ကမြစ်၊ ပယ်ထွန်းလှစ်၍၊ ဓါတ်သစ်ရသာ၊ ပြီုပျက်ရာသည်။ (ဓာတုရသလေးစောင်တွဲကျမ်း)

**ဓာတ်သဘော**

(၁)အကြောင်းသီတငြိမ်းရန်။ ဥဏှာတေဇောဓါတ်စာ။ ပူဆိမ့် (ဥဏှပထဝီဓါတ်စာ)။ အရသာဆိမ့်ချို၊ အကျိုးသွား ဓာတ်သက်၊ လေသက်။(သဘာဝဓမ္မအလင်းပြကျမ်း)

(၂)အအေး- ပထဝီ - အတက် (ဓါတုဩသဓရာသီ)

လူကိုယ်ခန္ဓာအတွက် လိုအပ်သော အာဟာရဓါတ်များကို အသား၊ ငါးများမှ ရသကဲ့သို့ အသီးအနှံ၊ အစေ့၊ အရွက်များမှ လည်း ရရှိနိုင်ပေသည်။

မြန်မာနိုင်ငံတွင် ချက်ပြုတ်နည်းအမျိုးမျိုး၊ ပုံသဏ္ဍာန် အမျိုးမျိုးဖြင့် ချက်ပြုတ်စားသောက်သော ပဲအမျိုးအစားများအနက် ပဲစင်းငုံသည် အာဟာရဓာတ်များစွာ ပါဝင်သည့်အတွက် စားသုံးရန် အသင့်တော်ဆုံးဟု ဆိုနိုင်ပါသည်။ တာဝန်ရှိသူများအနေဖြင့် ပြည်တွင်း၌ ပဲစားသုံးမှု အလေ့အကျင့်ကောင်းများ ရှိလာစေရေး၊ ပြည်တွင်းစားသုံးမှုတိုးတက်လာစေရေးတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိရာ အာဟာရဓါတ်များစွာ ပါဝင်သည့် ပဲစင်းငုံကို ဦးစားပေးအမယ်သစ်အနေဖြင့် ဆောင်ရွက်စေချင်ပါသည်။ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့်လည်း တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်၍ လည်းကောင်း၊ စားသုံးမှုပုံစံနည်းစနစ်အသစ်များ လွယ်ကူရှင်းလင်းသော နည်းစနစ်များအဖြစ် တီထွင်ဖော်ထုတ်၍လည်းကောင်း၊ စားသုံးသူပြည်သူများ လက်လှမ်းမီရာဈေးကွက်များသို့ အရောက်ပို့ပေးစေချင်ပါသည်။ စားသုံးသူပြည်သူများအနေဖြင့်လည်း ပဲစင်းငုံနှင့် ပတ်သက်သော စားသောက်ကုန်အမယ်သစ်များအား ထိတွေ့စမ်းသပ် မြည်းစမ်းလျက် ပြည်တွင်းပဲစားသုံးမှုမြင့်မားရေးအတွက် ပူးပေါင်းပါဝင်ကြပါရန် နှိုးဆော်တိုက်တွန်း တင်ပြလိုက်ရပါသည်။

## ဟီတာချီစိုးလျှပ်စစ်ထံမှ Distribuion Transformer အလုံးရေ ၅၄၀၀ ခန့်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက မှာယူ

ဟီတာချီစိုးလျှပ်စစ် (Hitachi Soe Electric & Machinery Co., Ltd.) ထံမှ Distribution Transformer အလုံးရေ ၅၄၀၀ ခန့်ကို ဝယ်ယူရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကအမှာစာများ ပေးပို့ထားကြောင်း ဟီတာချီစိုးလျှပ်စစ်၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ အမှာစာစုစုပေါင်း၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ သန်းရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရသည် ၂၀၁၆ ခုနှစ်က လျှပ်စစ်ပေးဝေနိုင်မှုအချိုးအစား ကို ၃၇ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်တွင် ရာနှုန်းပြည့်လျှပ်စစ်ပေးဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့စီစဉ်ဆောင်ရွက်ရာတွင် ကာလလတ်၊ ကာလရှည်အထိ ရည်မှန်းချက်များထားရှိပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံအစိုးရသည် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကမ္ဘာ့ဘဏ်၏ ထောက်ပံ့မှုဖြင့် နိုင်ငံအနှံ့ လျှပ်စစ်စွမ်းအား ဖြန့်ဝေရေးစနစ်မှ တစ်ဆင့် မြန်မာနိုင်ငံရှိ အိမ်တိုင်းလျှပ်စစ်ရရှိစေရန် ရည်ရွယ်သည့် Myanmar National Electrification Project(NEP)ကို ဖော်ဆောင်လျက်ရှိသည်။

အဆိုပါ NEP ကို ဖော်ဆောင်ရန်အတွက် ပထမဆုံးအကြိမ် ပုံမှန်လေလံ ခေါ်ယူခဲ့ရာ ဟီတာချီစိုးလျှပ်စစ်အနေဖြင့် Distribution Transformer အလုံးရေ ၅၄၀၀ ခန့် ပေးပို့ရန် အမှာစာကို လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

ဟီတာချီစိုးလျှပ်စစ်အနေဖြင့် ၂၀၁၇ ခုနှစ်အောက်တိုဘာလမှစတင်၍ Distribution Transformer များကို စတင်ပေးပို့မည်ဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ၅၀ ရာခိုင်နှုန်းခန့်အထိ လျှပ်စစ်စွမ်းအား တိုးမြှင့်ပေးဝေနိုင်မည့်အစီအစဉ်ကို ပြည့်မီစေရန်ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟီတာချီစိုးလျှပ်စစ်အနေဖြင့် မြန်မာနိုင်ငံတွင် တည်ငြိမ်သောလျှပ်စစ် စွမ်းအင်ကို ထောက်ပံ့ပေးနိုင်ရန် Electrical Transformer များကို အဓိကထားလျက် စွမ်းအင်ပို့ဆောင်ခြင်းဆိုင်ရာ နှင့် ဖြန့်ဖြူးခြင်းဆိုင်ရာကိရိယာများ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အူရီဒူးမြန်မာက မိုဘိုင်းငွေကြေး ဝန်ဆောင်မှု M-ပိုက်ဆံကို မြန်မာနိုင်ငံတွင် စတင်ဝန်ဆောင်မှုပေးပြီ




အူရီဒူးမြန်မာသည် မြန်မာနိုင်ငံရှိ မိုဘိုင်ဖုန်းသုံးစွဲသူများအတွက် ချက်ခြင်း ပိုက်ဆံလွှဲခြင်းနှင့် ငွေပေးချေမှုများကို ခလုပ်ဖုန်း(သို့မဟုတ်)စမတ်ဖုန်းမှတစ်ဆင့် အဆင်ပြေချောမွေ့စွာ လုပ်ဆောင် နိုင်သော လူနေမှုဘဝပုံစံကို ပြောင်းလဲပေးနိုင်သည့် မိုဘိုင်းငွေကြေး ဝန်ဆောင်မှု M-ပိုက်ဆံကို စတင်မိတ်ဆက်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

လုံခြုံမှုရှိပြီး ယုံကြည်စိတ်ချနိုင်သော ငွေကြေးဝန်ဆောင်မှုဖြစ်သည့် M-ပိုက်ဆံသည် အဆင့်အမြင့်ဆုံးနည်းပညာ၊ သုံးစွဲသူများအတွက် အဆင့်မြင့်လုံခြုံရေးဆိုင်ရာဝန်ဆောင်မှု၊ လွယ်ကူရိုးရှင်းစွာ အသုံးပြုနိုင်မှုနှင့် ၂၄ နာရီခုနစ်ရက်ပတ်လုံး အချိန်ပြည့်ဖြင့် သုံးစွဲသူအား နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးမှုတို့ကို မိုဘိုင်းဖုန်း သုံးစွဲသူများအတွက် ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

ထို့ပြင် မကြာမီကာလအတွင်း အူရီဒူးအနေဖြင့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား ဝယ်ယူရာတွင် ငွေပေးချေမှုများအတွက် QR Code စနစ်၊ အိမ်၏အထွေထွေအသုံးစရိတ်များနှင့် စည်ပင်သာယာရေးဝန်ဆောင်ခများ စသည့်စရိတ်စက ပေးဆောင်ရန်အတွက် ဝန်ဆောင်မှုကို ပိုမိုပြည့်စုံကောင်းမွန်စေမည့် လုပ်ဆောင်ချက်များဖြင့် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

M-ပိုက်ဆံသည် အူရီဒူးသုံးစွဲသူများအတွက် ရည်ရွယ်ဆောင်ရွက်ထားသည့် မိုဘိုင်း Wallet မှ လည်းကောင်း သို့မဟုတ် M-ပိုက်ဆံ ဝန်ဆောင်မှုအတွက် မှတ်ပုံတင်ထားခြင်းမရှိသည့် သုံးစွဲသူများအနေဖြင့် အူရီဒူးစတိုးမှတစ်ဆင့်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ မိုဘိုင်းဖုန်းအသုံးပြုသူများအကြား ငွေကြေးလွှဲပြောင်းခြင်းများ ကိုလုံခြုံစိတ်ချသေချာစွာဖြင့် ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

ထို့ပြင် M-ပိုက်ဆံဝန်ဆောင်မှုကို အသုံးပြုသူများအား အသုံးပြုသူ၏ ဘဏ်စာရင်း(CB ဘဏ်)နှင့် မိုဘိုင်း ငွေကြေးအကြား ငွေသွင်းငွေထုတ်များ ပြုလုပ်နိုင်သည့်အပြင် အချိန်နှင့်တစ်ပြေးညီ ငွေအဝင်အထွက် စစ်ဆေးနိုင်သောစနစ်ကို ကမ်းလှမ်းပေးထားသည့် တစ်ခုတည်းသော မိုဘိုင်းငွေကြေး ဝန်ဆောင်မှုဖြစ်ကြောင်း သိရသည်။

မိုဘိုင်းဖုန်း သုံးစွဲသူများအနေဖြင့် အူရီဒူးမြန်မာ၏ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ပဲခူးနှင့် တောင်ကြီးမြို့တို့ရှိ M-ပိုက်ဆံကိုယ်စားလှယ်ပေါင်း ၂၄၀၀ ထံတွင် ငွေကြေးလွှဲပြောင်းထုတ်ယူနိုင်ကြောင်း သိရသည်။

ငွေကြေး အလွယ်တကူ လွှဲပြောင်းထုတ်ယူနိုင်ခြင်းကို အထောက်အပံ့ပေးနိုင်ရန်အတွက် အူရီဒူးက အခြားကိုယ်စားလှယ် ၇၅၀၀ အား ကျေးလက်ဒေသနှင့် မဖွံ့ဖြိုးသေးသည့်ဒေသများတွင်ပါ ထပ်တိုးပြီး မကြာမီကာလအတွင်း ကိုယ်စားလှယ်များကို ထပ်မံတိုးချဲ့ပြီး ဝန်ဆောင်မှုများ ပေးအပ်သွားမည်ဖြစ်ပြီး ဝန်ဆောင်မှု အသုံးပြုသူများအနေဖြင့် ယင်း M-ပိုက်ဆံကိုယ်စားလှယ် များထံတွင် ငွေသွင်းခြင်း၊ ငွေထုတ်ခြင်းနှင့် ငွေကြေးလွှဲပြောင်းခြင်း ဝန်ဆောင်မှုများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# Toyota Aye & Son ကုမ္ပဏီက ကျောင်းကားစနစ်၏ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မော်တော်ယာဉ်များကို အရစ်ကျစနစ်ဖြင့် ရောင်းချသွားမည်



မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ဆုံး ကားကုမ္ပဏီကြီးတစ်ခုဖြစ်သည့် TTAS (Toyota Aye & Son)ကုမ္ပဏီ က ကျောင်းကားစနစ်၏ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မော်တော်ယာဉ်များကို အရစ်ကျစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းကားများကို စနစ်သစ်ဖြင့် ပြေးဆွဲရမည်ဖြစ်ရာ အဆိုပါပြေးဆွဲမည့်ကျောင်းကားများအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အချက်(၁၂)ချက်ကို ထုတ်ပြန်သတ်မှတ်ခဲ့ပြီး ယင်းအချက်များနှင့်ကိုက်ညီသည့် မော်တော်ယာဉ်များကို TTAS ကုမ္ပဏီက အရစ်ကျစနစ်ဖြင့် ရောင်းချသွားရန် စီစဉ်လျက်ရှိပြီး ယင်းအစီအစဉ် အား သက်ဆိုင်ရာအဖွဲ့အစည်းများထံ တင်ပြထားကြောင်း သိရသည်။

"နောက်နှစ်တွေမှာ ပညာရေးမူဝါဒအရ သက်ဆိုင်ရာမြို့တွေမှာပဲ ကျောင်းအပ်ကြရမှာဖြစ်တဲ့အတွက် ကျောင်းသားတွေက လမ်းလျှောက်တာမျိုး၊ ဒါမှမဟုတ် လမ်းကြားတွေထဲအထိ သွားကြိုရမှာတွေ ရှိလာမှာ ဖြစ်တာကြောင့် ကားအကြီးတွေနဲ့ အဆင်မပြေနိုင်ဘူးလို့ ကျောင်းဖယ်ရီ မောင်းသူတွေဆီက သိရပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီမှာ School Bus အတွက် ချမှတ်ထားတဲ့ အချက်(၁၂)ချက်နဲ့ ကိုက်ညီတဲ့ပြီး လမ်းကြားထဲအထိဝင်လို့ ရတဲ့ကားတွေ ရှိပါတယ်။ ဒီကိစ္စကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေဆီ တင်ပြထားတယ်" ဟုTTAS ကုမ္ပဏီမှ တာဝန်ရှိသူ အထွေထွေမန်နေဂျာ ဦးမျိုးအေးဇော်က ဆိုသည်။

TTAS ကုမ္ပဏီအနေဖြင့် ကျောင်းကားစနစ်သစ်အတွက် သတ်မှတ်ချက်များနှင့်ကိုက်ညီသော(ကျောင်းသား ကျောင်းသူ ၁၆ယောက်အထိ စီးနင်းနိုင်သည့်)ကားများကို အမေရိကန်ဒေါ်လာသုံးသောင်းသုံးထောင်ဝန်းကျင်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အရစ်ကျ ရောင်းချမည့်စနစ်အတွက် ဘဏ်များနှင့် ချိတ်ဆက်ထားကြောင်း သိရသည်။ အရစ်ကျစနစ်အတွက် ကားတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ကနဦးပေးသွင်းရမည်ဖြစ်ပြီး ငါးနှစ်အထိ အရစ်ကျရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီက စက်တင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ရှစ်သန်းကျော် ခွင့်ပြုပေးခဲ့

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် စက်တင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၆၃ သန်းကိုခွင့်ပြုပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၉၃၇ ခုကို ခွင့်ပြုပေးနိုင်ခဲ့ကြောင်းရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၃/၂၀၁၇ အစည်းအဝေးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုနှင့် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ စုစုပေါင်း သုံးခုတို့အား အတည်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းသုံးခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၃၃ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၈၇ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလကုန်အထိ စက်မှုကဏ္ဍတွင် စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဟောင်ကောင်တို့မှ စုစုပေါင်း လုပ်ငန်းငါးခုအား အတည်ပြုမိန့်ထုတ်ပေးခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၆၃ သန်းနှင့် အလုပ်အကိုင် အခွင့်အလမ်း ၉၃၇ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသူများအနေဖြင့် မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ငါးသန်း (သို့) ကျပ်သန်း ၆၀၀၀ အထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အတည်ပြု လျှောက်ထားလွှာများ ကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံး၊ အမှတ် (၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ တယ်လီဖုန်းအမှတ် ၉၅-၀၁-၆၅၇၈၉၂ သို့ ဆက်သွယ် မေးမြန်းလျှောက်ထားနိုင်ကြောင်း သတင်းရရှိပါသည်။

**မယ်သီတာ**

# MPT အချင်းချင်း ဖုန်းခေါ်ဆိုခြင်းအတွက် တစ်မိနစ်လျှင် ၁၀ ကျပ်သို့ ပြောင်းလဲသတ်မှတ်

MPT အနေဖြင့် မြန်မာနိုင်ငံအတွင်း ဖုန်းခေါ်ဆိုရာတွင် MPT အချင်းချင်းဖုန်း ခေါ်ဆိုပါက တစ်မိနစ်လျှင် ၁၀ ကျပ်နှုန်းသာ ကျသင့်မည်ဖြစ်ကြောင်း MPT ၏ သတင်း ထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအစီအစဉ်တွင် စာတိုပေးပို့ ခြင်းအတွက် တစ်စောင်လျှင် ၁၅ ကျပ်ကျသင့်မည်ဖြစ်ပြီး အင်တာနက်ဒေတာများ အသုံးပြုခြင်းအတွက် တစ်မီဂါဘိုက်လျှင် ရှစ်ကျပ်သာ ကျသင့်မည်ဖြစ်ကြောင်း၊ အခြားအော်ပရေတာများသို့ ဖုန်းခေါ်ဆိုပါက တစ်မိနစ် လျှင် ၂၄ ကျပ်ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို ယခုအောက်တိုဘာလမှစတင်ကာ အသုံးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

MPT-KGSM Joint Operations မှ Chief Commercial Officer ဖြစ်သူ Mr. Reizo Umeda က "မြန်မာနိုင်ငံက မိုဘိုင်းလ် ဖုန်းသုံးစွဲသူတွေ မျှော်လင့်နေကြတဲ့ ဈေးအသက်သာဆုံး ဖုန်းခေါ်ဆိုခ၊ စာတိုပေးပို့ခြင်းနဲ့ အင်တာနက် အသုံးပြုခတွေ ပါဝင်မယ့် နှုန်းထားအစီအစဉ်သစ်တစ်ခုကို မိတ်ဆက်ပေးဖို့ ကျွန်တော်တို့ စီစဉ်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးဈေးကွက်ဟာ မနားတမ်း တိုးတက်ပြောင်းလဲနေသလို MPT ကလည်း တန်ဖိုးထားရတဲ့ အသုံးပြုသူတွေ အတွက် အကျယ်ပြန့်ဆုံးနဲ့ အမြန်ဆုံး ကွန် ရက်ပေါ်ကနေ အရင်နဲ့မတူတဲ့ အကောင်းဆုံး အတွေ့အကြုံတွေကို ထောက်ပံ့ပေးဖို့ အရေးကြီးတယ်ဆိုတာကို နားလည်သိရှိထားပြီးဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

## တရုတ်နိုင်ငံသို့ သကြားပိုမိုတင်ပို့သလို ထိုင်းနိုင်ငံမှလည်း သကြားပိုမိုတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၂၃ရက်မှ ၂၉ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၉၄သန်းတန်ဖိုးရှိ Re-export သကြား ၂၃၅၂၉တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန်၁၇၈၁၀ ကျော်နဲ့ နှိုင်းယှဉ်ပါက ၅၇၁၈တန် ပိုမို တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၁၉ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း သကြားတစ်တန်လျှင် ကျပ် ၇၅၄၈၀၀ရှိရာမှ စက်တင်ဘာ ၂၃ရက်မှ ၂၉ရက်အထိ သီတင်းပတ်တွင် ကျပ် ၇၉၁၈၄၀သို့ဆက်လက်မြင့်တက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၃၉၂၀ရှိကြောင်း၊ မူဆယ်နဲ့ ချင်းရွှေဟော်မှ စက်တင်ဘာလတစ်လလုံး သကြားတန်ချိန် ရှစ်သောင်းကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၈၈သန်းတန်ဖိုးရှိRe-export သကြား တန် ၃၀၁၆၀ ကို မြန်မာနိုင်ငံသို့တင်သွင်းခဲ့ရာ ယခင်တစ်ပတ်ကတင်သွင်းခဲ့တဲ့ တန် ၂၇၉၀ နဲ့နှိုင်းယှဉ်ပါက တန် ၂၇၃၇၀ ပိုမိုတင်သွင်းခဲ့ကြောင်း၊ စက်တင်ဘာလအတွင်း မြဝတီမှ Re-export သကြား တန်ချိန်လေးသောင်းနီးပါးကို မြန်မာနိုင်ငံသို့ ပြန်လည်တင်သွင်းလာခဲ့ကြောင်းသိရပါတယ်။ **မော်မော်အောင်**

## တာချီလိတ်ကုန်သွယ်ရေးစခန်းရဲ့ ကုန်သွယ်မှုတန်ဖိုး စက်တင်ဘာလတွင် အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပိုမိုတင်ပို့

တာချီလိတ်ကုန်သွယ်ရေးစခန်းရဲ့စက်တင်ဘာလအတွင်း ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၉၅၄သန်းရှိပြီး သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၁၆သန်းဖြစ်၍ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၇၀ သန်း ဆောင်ရွက်ခဲ့ပါတယ်။ တာချီလိတ်ကုန်သွယ်ရေးစခန်းရဲ့စက်တင်ဘာလ ကုန်သွယ်မှုကို အနီးစပ်ဆုံးကာလဖြစ်တဲ့ ဩဂုတ်လကုန်သွယ်မှုနဲ့ နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၃ ဒသမ ၁၄၁သန်း ပိုမိုခဲ့သလို ယမန်နှစ်ကာလ တူဖြစ်တဲ့ စက်တင်ဘာလ ကုန်သွယ်မှုထက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၇၇ သန်း ပိုမိုခဲ့တာတွေ့ရပါတယ်။

ယခုကဲ့သို့ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှု ပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် သစ်တောထွက်ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စု၊ စက်မှုကုန်ချောပစ္စည်းအုပ်စုတို့ ပိုမိုခဲ့သလို သွင်းကုန်ပိုင်းတွင်လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စုတွင် ဘိလပ်မြေ၊ မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ သတ္တုကုန်ချော ဆောက်လုပ်ရေးပစ္စည်းများ၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ အခြားရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်သော သုတ်ဆေး၊ ပေါလစ်များ၊ အခြားစက္ကူများ၊ သွပ်ပြားများ၊ လူသုံးကုန်ပစ္စည်းများဖြစ်သောအချိုမှုန့်၊ ချည်ထည်များ၊ ချုပ်ပြီး အဝတ်အထည်များ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ **ခင်မိုးသူ**

## ထိုင်းနယ်စပ်မှ လက်ဖက်ခြောက်ပိုမိုတင်ပို့ပြီး တရုတ်နယ်စပ်မှ လက်ဖက်ခြောက် လျော့နည်းတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၅၅၁၃ တန်ဖိုးရှိ လက်ဖက်ခြောက်တန် ၄၀ နီးပါးကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တာချီလိတ်မှ လက်ဖက်ခြောက်တင်ပို့မှုမရှိတဲ့အတွက် ယခုတစ်ပတ်မှာတန် ၄၀ နီးပါးပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူမြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၂၄၈ တန်ဖိုးရှိလက်ဖက်ခြောက်လေးတန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ ၁၁ တန်နဲ့ မူဆယ်မှ ၄၁ တန် စုစုပေါင်း ၅၂တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တရုတ်နယ်စပ်မှ လက်ဖက်ခြောက် ၄၈တန်လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။စက်တင်ဘာတစ်လလုံးအနေနဲ့ တရုတ်နိုင်ငံသို့ မူဆယ်မှလက်ဖက်ခြောက် တန် ၁၀၀ နီးပါးနဲ့ ချင်းရွှေဟော်မှ ၁၅ တန်တင်ပို့ခဲ့ပြီး တာချီလိတ်မှ လက်ဖက်ခြောက် တန် ၆၀ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

သဘာဝလက်ဖက်ခြောက်အရသာလေးတွေမှာ စံပယ်ပန်းရနံ့လေးတွေနဲ့ စမ်းသပ်ထုတ်လုပ်လာသလို ကောက်ညှင်းနံ့အရသာရှိတဲ့အရွက်နဲ့လည်း ထုတ်လုပ်လာကြောင်း၊ နိုင်ငံတကာမှမြန်မာ့ထွက်ကုန်ကို လွယ်လွယ်ကူကူ ထိတွေ့နိုင်ရန်နှင့် မြန်မာ့လက်ဖက်သဘာဝ အရသာများကို မိတ်ဆက်ခွင့်ရရှိစေရန် မြန်မာ့လက်ဖက်အသင်းမှဦးဆောင်၍ နိုင်ငံခြားသားများ အများဆုံး အဝင်အထွက်ပြုလုပ်တဲ့နေရာများမှာ မြန်မာ့လက်ဖက်ရည်ကြမ်းဝိုင်းဖြင့် ဝန်ဆောင်မှုပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာလက်ဖက်အသင်းအစုအဖွဲ့မှ သိရပါတယ်။ **မော်မော်အောင်**

## မြဝတီကုန်သွယ်ရေးစခန်းရဲ့စက်တင်ဘာလကုန်သွယ်မှု ယခင်နှစ်ကာလတူထက်ပိုမိုဆောင်ရွက်

စက်တင်ဘာလအတွင်း မြဝတီကုန်သွယ်ရေးစခန်းရဲ့ ကုန်သွယ်မှုမှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၆၉ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၇၀၂ သန်းဖြစ်ရာ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၈၂ ဒသမ ၇၇၁သန်းဆောင်ရွက်ခဲ့ပါတယ်။ စက်တင်ဘာလကုန်သွယ်မှုကို ယခင်နှစ်ကာလတူနဲ့နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၆၆ သန်းပိုမိုဆောင်ရွက်ခဲ့တယ်လို့သိရပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ယခင်နှစ်ကာလတူထက်ယခုကဲ့သို့ ပိုမိုဆောင်ရွက်နိုင်ခြင်းမှာ သွင်းကုန်ပိုင်းတွင် မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ ဘိလပ်မြေ၊ ဓာတုပစ္စည်းများ၊ စားအုန်းဆီတို့ တင်သွင်းမှုလျော့နည်းခဲ့သော်လည်း ပို့ကုန်ပိုင်းတွင် မြေပဲဆန်၊ ကုလားပဲ၊ နနွင်းတက်၊ သီဟိုဠ်စေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ နွယ်ချို၊ ငါးမျိုးစုံ၊ ငါးရှဉ့်၊ အခြားရေထွက်ပစ္စည်း၊ သားရေစိမ်းနှင့် သားရေချော၊ ချုပ်ပြီး အထည်နှင့်အခြားပစ္စည်းများ တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့် ကာလတူထက် ကုန်သွယ်မှုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်ရဲ့စက်တင်ဘာလအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ မြေပဲဆန်၊ ချုပ်ပြီး အထည်၊ငါးမျိုးစုံ၊သီဟိုဠ်စေ့၊ငရုတ်သီးခြောက်၊ကဏန်း၊ ပုစွန်၊ နှမ်းနက်၊ သားရေစိမ်းနှင့်သားရေချော၊ ချင်းခြောက်၊ ကြက်သွန်နီ၊ မြေပဲဆန်(အခွံပါ)၊ မတ်ပဲ၊ ငါးရှဉ့်တို့ဖြစ်ပြီးအများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ မော်တော်ဆိုင်ကယ်၊ ယာဉ်ယန္တရား၊ သကြား၊ အချိုရည်၊ ဓာတ်မြေသြဇာ၊ ချည်ထည်ပိတ်စများ၊ တာယာနှင့်ကျွတ်များ၊ ဆေးဝါးပစ္စည်း၊ ကားအပိုပစ္စည်း၊ ကြွေပြားဖိနပ်၊ ဓာတ်ဆီတို့ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## စစ်တွေကုန်သွယ်ရေးစခန်းရဲ့စက်တင်ဘာလအတွင်း ကုန်သွယ်မှုပမာဏ ရာခိုင်နှုန်း ၇၀၀ ကျော် ဆောင်ရွက်နိုင်ခဲ့

စစ်တွေကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာလအတွင်း ပို့ကုန်လျာထားချက်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၂သန်း၊ သွင်းကုန်လျာထားချက်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ၀၅သန်းဖြစ်၍ ကုန်သွယ်မှုပမာဏ လျာထားချက်မှာ အမေရိကန် ဒေါ်လာ သုည ဒသမ ၂၅သန်းဖြစ်ပါတယ်။ သို့သော် စက်တင်ဘာလအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၈ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၁သန်းဖြစ်၍ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၉သန်းဆောင်ရွက်နိုင်ခဲ့ရာလျာထားချက်ထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅သန်းကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၇၀၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာလကုန်သွယ်မှုသည် အနီးစပ်ဆုံးကာလထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၈သန်း ပိုမိုဆောင်ရွက်ခဲ့သလို ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆၃သန်း ပိုမိုဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ ယခုကဲ့သို့ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ပြီး စက်မှုကုန်ချောပစ္စည်းနှင့်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတို့ကို ပိုမိုတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

စက်တင်ဘာလအတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ အများဆုံးတင်ပို့ခဲ့တဲ့ ကုန်ပစ္စည်းများကတော့ ဧည့်မထ ၂၅မှတ်ဆန်၊ ငါးမြစ်ချင်း၊ ဆီးယိုထုပ်၊ မန်ကျည်းစေ့၊ ချင်း(အစို)၊ ဆီးသီးခြောက်၊ ငါးခေါင်းပွ၊ ဆီးဖတ်၊ ပဲကြီး၊ ငါးသလောက်၊ ငါးစုံလေးခြောက်တို့ဖြစ်တယ်လို့သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၂၃ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၇၉သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၇၆၃တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၇၂၃တန်နဲ့နှိုင်းယှဉ်ပါက တန်၄၀ ပိုမိုတင်ပို့ခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၈သန်း ပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်အတွင်း ကဏန်း၊ ငါးရှဉ့်၊ ငါးစီဖောင်း၊ ငါးလေးခြောက်၊ ငါးဆားနယ်နဲ့ အခြားရေထွက်ပစ္စည်းများလည်း ပိုမိုတင်ပို့နိုင်ခြင်းကြောင့်လည်းကောင်း၊ ပုစွန်ခြောက်အကျိုးတင်ပို့လာခြင်းကြောင့်လည်းကောင်း တန်ချိန်ရော တန်ဖိုးပါပိုမိုရခြင်းဖြစ်ပါတယ်။ စက်တင်ဘာလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းတန်ချိန် ၆၀၀၀ခန့် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## ကော့သောင်းကုန်သွယ်ရေးစခန်းရဲ့ ကုန်သွယ်မှုစက်တင်ဘာလအတွင်း လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်

စက်တင်ဘာလအတွင်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်အမေရိကန်ဒေါ်လာ ငါးသန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ခုနစ်သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂ သန်းလျာထားချက်ရှိရာ လျာထားချက်အပေါ် အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၇၄၅ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၄၈သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၉၃ သန်းဆောင်ရွက်ခဲ့သဖြင့် လျာထားချက်အပေါ် ၁၃၈ ဒသမ ၂၇၅ ရာခိုင်နှုန်းဆောင်ရွက်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းအနေဖြင့် စက်တင်ဘာလအတွင်း ယခုကဲ့သို့ လျာထားချက်ထက်ကျော်လွန်ဆောင်ရွက်နိုင်သလို အနီးစပ်ဆုံးကာလဖြစ်တဲ့ ဩဂုတ်လထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၂၇ သန်းနဲ့ ယခင်နှစ် ကာလတူဖြစ်တဲ့ စက်တင်ဘာလထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၃ သန်းပိုမိုဆောင်ရွက်နိုင်တယ်လို့သိရပါတယ်။

ယခုကဲ့သို့ လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်နိုင်ခြင်းမှာ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ပစ္စည်းဖြစ်တဲ့ ရေထွက်ပစ္စည်းများ ပိုမိုတင်ပို့ခဲ့သလို သွင်းကုန်ပိုင်းတွင်လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ အခြားပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခြင်းကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းတွင် စက်တင်ဘာလအတွင်း အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဘိလပ်မြေ၊ ဆေးဝါးပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ ငါးဖမ်းပိုက်ကွန်များ၊ ဆပ်ပြာမှုန့်၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ ဓာတ်မြေသြဇာများတို့ဖြစ်ပြီး အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်ပစ္စည်း၊ ပုစွန်၊ ကဏန်း၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်၊ ဆီအုန်းကြိတ်ဖတ်ကုန်ကြမ်းတို့ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ပဲစင်းငုံစိုက်တောင်သူ၊ ကုန်သည်များရဲ့အသံများ

မျိုးသီတာ(မြင်းခြံ)

မြင်းခြံခရိုင်ဟာ စိုက်ပျိုးရေးလုပ်ငန်းအနေနဲ့ ပဲမျိုးစုံအများအပြားစိုက်ပျိုးထွက်ရှိရာဒေသဖြစ်ပါတယ်။ နှမ်းဆိုရင်လည်း မန္တလေးတိုင်းဒေသကြီးတွင် အများအပြားစိုက်ပျိုးတဲ့အတွက် မြင်းခြံဟာ မန္တလေးတိုင်းဒေသကြီးရဲ့ဆီအိုးကြီးဖြစ်သလို ပဲမျိုးစုံအများအပြားထွက်ရှိရာခရိုင်လည်းဖြစ်ပါတယ်။ မတ်ပဲအနည်းငယ်စိုက်သော်လည်း ပဲစင်းငုံစိုက်ဧကဟာတစ်ခရိုင်လုံးအနေနဲ့ဧက ၁၈၀၀၀၀ ခန့်ရှိပါတယ်။ ပဲစင်းငုံဟာ မန္တလေးတိုင်းဒေသကြီးမှာ အများဆုံးစိုက်ပျိုးပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ပဲစင်းငုံစိုက်ဧက ၁၈၀၀၀၀ ကျော်မှာအထွက်တင်းပေါင်း ၂၂သိန်းကျော်ထွက်ရှိခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာတော့ ပဲစင်းငုံစိုက်ဧက ၁၇၈၀၀၀ ကျော် စိုက်ခဲ့ပြီး ဒီဇင်ဘာလလောက်မှ ပဲသစ်တွေ ထွက်ရှိမှာဖြစ်ပါတယ်။

ဒါကြောင့် မြင်းခြံခရိုင်မှာရှိတဲ့ ပဲစင်းငုံစိုက်တောင်သူတွေဟာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လလယ်မှာ အိန္ဒိယနိုင်ငံအနေနဲ့ ပဲတင်သွင်းမှုဆိုင်ရာသွင်းကုန်မူဝါဒအရ ပဲစင်းငုံ၊မတ်ပဲနဲ့ပဲတီစိမ်းတင်သွင်းမှုကိုကန့်သတ်လိုက်တဲ့အခါမှာမြင်းခြံခရိုင်မှာရှိတဲ့ ပဲစင်းငုံစိုက်တောင်သူတွေအနေနဲ့ စိုးရိမ်ကြတဲ့အတွက် တောင်သူတွေရဲ့ အသံနဲ့တောင်သူတွေရဲ့ အတွေးအမြင်ကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

ပဲစင်းငုံစိုက်တောင်သူများအနေနဲ့ကတော့ နှစ် ၃၀ လောက် စိုက်လာတဲ့ ပဲစင်းငုံကိုပစ်ပယ်ပြီး ကျန်တဲ့သီးနှံကိုမစိုက်ချင်ကြပါဘူး။ နည်းနည်းဖြစ်ဖြစ်စိုက်ချင်ကြပါတယ်။ ပဲစင်းငုံကြောင့် အကျိုးရှိခဲ့တာများပါတယ်။ ပဲစင်းငုံက မိုးခေါင်တဲ့ဒဏ်၊ရေငတ်တဲ့ဒဏ်လည်းခံနိုင်ပြီး မြေမကောင်းတဲ့ဒဏ်ကိုလည်းခံနိုင်ပါတယ်။ဒါကြောင့် ဘာသီးနှံမှ စိုက်မရလည်း ပဲစင်းငုံက အရင်းလောက်တော့ ကျေပါတယ်။ ပဲစင်းငုံကိုတန်းကြား စိုက်ပြီးကြားမှာ နှမ်းဖြစ်ဖြစ်မြေပဲဖြစ်ဖြစ် ထည့်စိုက်ကြပါတယ်။ အများအားဖြင့် ၁၂တင်း လောက်တော့ထွက်ပါတယ်။မြေမကောင်းတဲ့နေရာတွေမှာဆိုရင် ကြပက်စိုက်တာတောင် တစ်ဧကသုံးလေးတင်းလောက်တော့ထွက်ပြီး မြေဩဇာက ပဲစင်းငုံအတွက်သီးသန့်ကျွေးတာမျိုးမဟုတ်ဘဲ သီးညှပ်စိုက်တဲ့ နှမ်း၊ မြေပဲတွေအတွက် ကျွေးတတ်ပါတယ်။မြေညံ့လို့ကြဲစိုက်တဲ့အခင်းကတော့ ဘာမြေဩဇာမှ မကျွေးဘူး။ ရသမျှ အမြတ်ဆိုပြီးစိုက်ကြပါတယ်။ ပဲစင်းငုံက အစေ့၊ အဆန်တင်ရတာမဟုတ်ဘဲ အရိုးကိုလည်း ထင်းစိုက်ပြီး အရွက်ကိုလည်း နွားကျွေးပါတယ်။ ပစ်လိုက်ရတာမရှိပါဘူး။ တစ်ဧကေကုန်ကျစရိတ်ကတော့ ထွန်ယက်စရိတ်၊ အရိုးခုတ်တဲ့စရိတ်၊ ခြွေတဲ့ စရိတ်ပဲရှိပါတယ်။ အလွန်ဆုံးကျပ်တစ်သိန်းကျော် ကျပ်တစ်သိန်းခွဲလောက်ပဲကုန်ကျပြီး ခြွေတဲ့စရိတ်ကတော့ လက်စားလိုက်ကြတာပါ။ နောက်ပိုင်း ဈေးကောင်းလာတော့ သူ့ထက်ငါ လုပ်သားခေါ်ကြတဲ့အတွက် ဈေးကောင်းလာပြီးလုပ်သားခဈေးတက်လာပါတယ်။ တစ်တင်းကို ကျပ်တစ်သောင်းဈေးနဲ့တွက်ရင် ဆယ်တင်းလောက်ရရင်ကို အရင်းကျေပါတယ်။ သီးညှပ်စိုက်တာများတဲ့သီးနှံနှစ်မျိုးလုံးပေါင်းပြီးကုန်ကျစရိတ်နဲ့ရတဲ့ဝင်ငွေပေါင်းတွက်မှ အကျိုးအမြတ် ရှိ/မရှိ သေချာသိရတာပါ။

မြင်းခြံမှာတော့ ပဲစင်းငုံအရောင်းအဝယ်က အပြင်မထွက်ဘဲ မိမိဒေသအတွင်းမှာ အနည်းငယ်ပဲဖြစ်ပါတယ်။ မြင်းခြံခရိုင်မှာ ပဲစင်းငုံအများဆုံးစိုက်ပျိုးတဲ့ နွားထိုးကြီးမြို့နယ်က တောင်သူတစ်ဦးကတော့ မိမိစိုက်ထားတဲ့ ပဲစင်းငုံဧကရဲ့လေးပုံ တစ်ပုံကိုဖျက်ပြီး နှမ်းကြီးစိုက်ပျိုးထားပြီး ကျန်တဲ့ ပဲစင်းငုံစိုက်ဧကသုံးပုံကိုတော့ မြေပဲခြောက်တန်၊ ပဲစင်းငုံတစ်တန် စိုက်ပျိုးထားကြောင်း၊ အရင်က ပဲစင်းငုံတစ်တင်းကျပ် ၅၀၀၀၀ လောက်ရပြီး ယခုနောက်ဆုံးဩဂုတ်လအစောပိုင်းမှာ တစ်တင်းကျပ် ၁၅၀၀၀ လောက်သာရခဲ့ပါကြောင်း၊ ယခုလက်ရှိစိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေဟာလည်း ကောင်းနေတဲ့အတွက် ဆက်ထားရမှာဖြစ်ကြောင်း၊ ထွက်လာရင်လည်း လက်ထဲမှာသိမ်းမထားဘဲ ကုန်သည်ဆီရတဲ့ ဈေးနဲ့ရောင်းမှာဖြစ်ကြောင်း၊ တစ်ဧကကိုတော့ အထွက် ၁၂တင်းလောက် ခန့်မှန်းထားကြောင်းပြောပါတယ်။

ငါန်းဇွန်မြို့နယ်ဟာလည်း ပဲစင်းငုံအဓိကထွက်တဲ့မြို့လည်းဖြစ်ပါတယ်။ ပဲစင်းငုံကို ပျဉ်းလှတောအုပ်စု၊ သရက်ကန်အုပ်စု၊ ရွှေတောင်အုပ်စုမှာ စိုက်ပျိုးကြပြီးတောင်လယ်တောအုပ်စု မှာရှိတဲ့ တောင်သူလက်ထဲမှာ တောင်သူတစ်ဦးရဲ့ ပဲစင်းငုံလက်ကျန်ဟာ ၂၀၊ ၂၅တင်းထက်မပိုပါဘူး။ သဲကုန်းအုပ်စု၊ မကျည်းအုပ်စု၊ တမာပင်အုပ်စုမှာရှိတဲ့ ကုန်သည်၊ ပွဲစားတွေလက်ထဲမှာတော့ တင်း ၂၀၀ မှ ၃၀၀ လောက်ပဲကျန်ရှိနေပါတယ်။ တောင်သူလက်ထဲမှာ ပဲစင်းငုံလက်ကျန်ဘာလို့မရှိသလဲဆိုရင် တောင်သူတွေမှာချေးငွေ သုံးမျိုးလောက်ရှိတဲ့အတွက် ရောင်းလိုက်၊ ဆပ်လိုက်နဲ့ သံသရာလည်နေတဲ့အတွက် သီးနှံကို သိမ်းမထားချင်တာကြောင့် လက်ကျန်မရှိတာဖြစ်ပါတယ်။ ငါန်းဇွန်ဘက်က တောင်သူကြီးတစ်ဦးကတော့ ပဲစင်းငုံအဟောင်းကိုလည်းဆက်ကိုင်ထားသလို အသစ်ထွက်ပေါ်လာရင်လည်းရှုံးမယ့် အတူတူတော့ အရှုံးမခံဘဲဆက်ပြီးသိုလှောင်ထားမယ်လို့ ဆိုပါတယ်။ ငါန်းဇွန်မြို့နယ်မှ တောင်သူတွေကတော့ ပဲစင်းငုံ ထွက်လာရင် တံတားဦး၊ ကျောက်ဆည်၊ မန္တလေးဘက်က ပွဲရုံတွေမှာအပ်ထားပြီးကြိုက်ဈေးရမှ ဈေးဖြတ်လေ့ရှိကြပေမယ့် ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်မဖြစ်သလောက်ရှိနေတယ်လို့ ဆိုပါတယ်။

တောင်သာမြို့နယ်မှာလည်းပဲစင်းငုံလက်ကျန်ဟာအပြောင်းအလဲမရှိသလို အရောင်းအဝယ်လည်း မဖြစ်ဘူးလို့ ဆိုပါတယ်။ ဒေသတွင်း ပဲစင်းငုံလက်ကျန် အနည်းငယ်ရှိတဲ့သူကငွေလိုလို့ ရောင်းတဲ့သူနဲ့ တစ်ပိဿာ ကျပ် ၆၀၀ ဈေးလောက်နဲ့ ရောင်းတဲ့သူအနည်းငယ်ရှိတယ်လို့လည်းသိရှိရပါတယ်။ ကျောက်ပန်းတောင်းမြို့မှာတော့ ပဲစင်းငုံ တစ်တင်း ကျပ် ၁၁၀၀၀ မှ ကျပ် ၁၂၀၀၀လောက်နဲ့ ဈေးမကြိုက်တဲ့အတွက် အနည်းငယ်သာအရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ကျောက်ပန်းတောင်းမြို့မှာတော့ ပဲစင်းငုံကိုအခွံချွတ်ပြန်ခွဲပြီး ကုလားပဲအစားထိုးအဖြစ် မုန့်ဟင်းခါး၊ ပဲစာဥ ကျော်အဖြစ် သုံးကြတာကိုလည်းတွေ့ရပါတယ်။ ကျောက်ပန်းတောင်းက ပဲစင်းငုံကုန်သည်တစ်ဦးကတော့ အရင်ကပဲစင်းငုံအဟောင်းလက်ကျန်လည်းရှိသလို ယခုပေါ်လာမယ့်အသစ်ကိုလည်း အခုချိန် ဈေးချိုမှာဖြစ်တဲ့အတွက် ဝယ်ပြီးသိုလှောင်မယ်။ Export လည်း လုပ်မယ်။ တွက်ချေကိုက်မယ်လို့ မျှော်လင့်တယ်လို့ဆိုပါတယ်။ သူ့အနေနဲ့ ယခုလက်ထဲမှာရှိတဲ့ ပဲစင်းငုံကို ကြိတ်ခွဲပြီး ကုန်ချောအဖြစ် ကုလားပဲအစားထိုးသီးနှံအဖြစ် ခွဲခြမ်းတစ်ပိဿာ ကျပ် ၁၅၀၀ လောက်ရမယ်လို့ ခန့်မှန်းထားတယ်လို့ဆိုပါတယ်။ ကုလားပဲတစ်ပိဿာ ကျပ် ၃၀၀၀ ဈေးလောက်ရှိတဲ့အတွက် ပဲစင်းငုံဈေးသက်သာလာရင် ပဲစင်းငုံဘက်ကို ပြောင်းလဲစားသုံးလာကြလိမ့်မယ်လို့ဆိုပါတယ်။ ပဲစင်းငုံက အရသာခါးသက်သက်နှင့် စားကောင်းသလို ကျန်းမာရေးအတွက်လည်း ကောင်းတဲ့အတွက် ပြည်တွင်းမှာ ပိုမိုတွင်ကျယ်အောင် ဆောင်ရွက်မယ်လို့လည်း သိရပါတယ်။ ကျောက်ပန်းတောင်းမြို့က အချို့သော ပဲစင်းငုံစိုက်တောင်သူတွေကတော့ ယခုအချိန်မှာ နှမ်းနဲ့ရောစိုက်ထားပေမယ့် နောင်နှစ်မှာတော့ ပဲစင်းငုံအစားထိုးပဲတီစိမ်း၊ ပဲနောက်တို့ကို ပြောင်းလဲစိုက်ပျိုးမှာဖြစ်သလိုယခုလက်ရှိရွာတဲ့မိုးအနေနဲ့ကတော့ အပင်ကိုပိုမိုကောင်းစေတယ်လို့ဆိုပါတယ်။

အချုပ်အားဖြင့် မြန်မာနိုင်ငံမှာပဲစင်းငုံကိုစားလေ့မရှိဘဲ ပို့ကုန်သီးနှံအနေနဲ့ တောင်သူတွေက စိုက်ပျိုးကြတာဖြစ်ပါတယ်။ အိန္ဒိယက ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းတင်သွင်းခွင့်ပိတ်လိုက်တဲ့အခါ တောင်သူအကြားမှာကြီးမားတဲ့ဂယက်ကြီးတစ်ခုဖြစ်ခဲ့ပါတယ်။ ပြည်တွင်းမှာ ပဲရာဇာနဲ့ ကုလားပဲများကို အများဆုံးစားလေ့ရှိကြတဲ့အတွက် အဲဒီပဲတွေအစား အရသာလည်းကောင်း၊ ကျန်းမာရေးနှင့်လည်းညီညွတ်တဲ့ ပဲစင်းငုံကိုတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် နိုင်ငံခြားကိုတင်ပို့ရုံသာမကပြည်တွင်းမှာလည်းကျယ်ကျယ်ပြန့်ပြန့်စားသုံးတတ်အောင် တွေးဆကြံဆောင်ရန် လိုအပ်ပါကြောင်းနှင့် ပဲစင်းငုံကို စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်နေကြတဲ့ တောင်သူ၊ ပွဲစား၊ ကုန်သည်တွေရဲ့အသံကိုစုစည်းတင်ပြလိုက်ရပါတယ်။

## Commerce ကာတွန်း




## မော်လမြိုင်မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဆွေးနွေးခြင်းနှင့် မတ်ပဲ စိုက်ပျိုးသည့် နေရာတွင် တောင်သူတွက်ခြေကိုက်သည့် ဈေးကွက်ဝင်သီးနှံများ အစားထိုးစိုက်ပျိုးရေး ပညာပေးဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်နှင့် ဝန်ထမ်းများ၊ ပဲမျိုးစုံနှင့် နှမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် အောက်တိုဘာ ၂ ရက်တွင် မော်လမြိုင်မြို့နယ်၊ ကော့ပေါက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းမြစိုးနှင့်အတူ တောင်သူ ၁၀၀ ဦးနှင့်လည်းကောင်း၊ ကော့တွန် ကျေးရွာ ရွာလယ်ဘုန်းတော်ကြီးကျောင်း ၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ညွန့်နှင့် တောင်သူ ၅၀ဦးတို့အားလည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဆွေးနွေးခြင်းနှင့် မတ်ပဲစိုက်ပျိုးသည့်နေရာတွင် တောင်သူတွက်ခြေကိုက်သည့် ဈေးကွက်ဝင် ပဲတီစိမ်း (ရွှေဝါ)၊ ပဲပုပ်၊ နှမ်းနက်တို့ အစားထိုးစိုက်ပျိုးရေး ပညာပေးဆွေးနွေးပွဲများပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က စားသုံးသူရေးရာနှင့်ပတ်သက်၍ သိကောင်းစရာများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ သိကောင်းစရာများ၊ ကုန်စည်နှင့်ဝန်ဆောင်မှုများတွင် စားသုံးသူများ၏ ထိခိုက်နစ်နာမှုများအတွက် CICC ရုံးများ ဖွင့်လှစ်ထားရှိပြီး ဖြေရှင်းဆောင်ရွက်ပေးနေမှုအခြေအနေ၊ လက်ရှိပဲဈေးကွက်အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ပဲမျိုးစုံနှင့်နှမ်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးဦးက ဒေသနှင့်ကိုက်ညီသည့်ဈေးကွက်ရှိ ပဲမျိုးအကြောင်း၊ စိုက်ပျိုးသင့်သောမျိုးများနှင့်မျိုးလိုအပ်ပါက ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြမည့်အကြောင်းတို့ကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဦးမြမောင်က ပဲမျိုးစုံစိုက်ပျိုးနည်းအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တောင်သူများကလည်း မိမိတို့စိုက်ပျိုးလိုသောမျိုးများ/ နည်း ပညာများ/လိုအပ်ချက်များကို စိတ်ဝင်တစား ပြန်လည်ဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းမြတ်က စားသုံးသူအကာအကွယ်ပေးရေးသိကောင်းစရာ လက်ကမ်းစာစောင်များအား တက်ရောက်လာသော တောင်သူများသို့ ဝေငှခဲ့ကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေစာအုပ်များအား ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (စားသုံးသူ-မွန်)**

# မြန်မာ့ဆန်စပါးလောက၏ တစ်ကျော့ပြန်ရွှေခေတ်

|Eagle|

## အတိတ်ကာလကိုဆန်းစစ်ခြင်း

မြန်မာတို့သည်ဆန်စပါးကို အဓိကစားသုံးခဲ့ပြီး ရှေးမြန်မာမင်းဆက်အသီးသီးတို့က ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်ခဲ့ကြပါသည်။ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်တို့ အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီး ချိန်မှစ၍ မြေဩဇာကြွယ်ဝသော ဧရာဝတီမြစ်ဝကျွန်းပေါ်ကို အခြေပြု၍ ဆန်စပါးကို စီးပွားဖြစ်ထုတ်လုပ်ပြီး တင်ပို့ခဲ့ပါသည်။

မှတ်တမ်းများအရ ၁၉၃၄ ခုနှစ်တွင် တန်ချိန် ၃ ဒသမ ၅၉၉ သန်းတင်ပို့ခဲ့ပြီး ၎င်းပမာဏမှာ ထိုကာလက ကမ္ဘာ့ဆန်ကုန်သွယ်မှု၏ ၅၅ ရာခိုင်နှုန်းကို တင်ပို့ခဲ့ပါသည်။ ၁၉၆၀ ခုနှစ်နောက်ပိုင်း ထုတ်လုပ်မှု တစ်စတစ်စလျော့နည်းကျဆင်းခဲ့ပြီး ၁၉၇၀ ခုနှစ်၏ နောက်ပိုင်း ၁၉၉၆ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တွင် တန်ချိန်တစ်သန်းအား ပြန်လည်တင်ပို့ခဲ့ပါသည်။ သို့သော် ဗဟိုမှထိန်းချုပ်သော စနစ်များကြောင့် ဆန်စပါးတင်ပို့သည့် နိုင်ငံများစာရင်းမှ ပုံမှန်တင်ပို့နိုင်ခြင်းမရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ဆန်ကုန်သွယ်မှုဈေးကွက်တွင် ၂၀၀၂ ခုနှစ်အထိ မေ့လျော့ခံနိုင်ငံတစ်နိုင်ငံ အဖြစ်ရောက်ရှိခဲ့ပါသည်။

၂၀၀၃ခုနစ်တွင်မူဝါဒသစ်ချမှတ်ပြီး ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုကို ပုဂ္ဂလိကမှဆောင်ရွက်ခွင့် ပြုခဲ့သော်လည်း ၂၀၀၈ ခုနှစ်မတိုင်မီကာလအထိ လက်သင့်ရာဆန်ပို့ကုန်ပါမစ် ချပေးပြီး လက်ဝါးကြီးအုပ်စီးပွားရှာခဲ့သော ကာလဖြစ်ခဲ့သည်။ ၂၀၀၉-၂၀၁၀ ကာလတွင် ခွဲတမ်း (Quota) စနစ်ဖြင့်တင်ပို့ခဲ့ပြီး တန်ချိန် ငါးသိန်းမှ ရှစ်သိန်းကြားတင်ပို့ခဲ့သော ကာလတစ်ခုဖြစ်ခဲ့ပါသည်။ ဈေးကွက်စီးပွားရေးစနစ်ကို လွတ်လပ်စွာဆောင်ရွက်ပြီး မည်သူမဆို ပြည်ပတင်ပို့ရောင်းချခွင့်ကို ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲနောက်ပိုင်းတွင် ခွင့်ပြုခဲ့ပြီး နယ်စပ်မှတင်ပို့မှုကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

မှန်ကန်လာသော ဈေးကွက်ဖွင့်မူဝါဒအောက်တွင် ဆန်စပါးပြည်တွင်းပြည်ပကုန်သွယ်မှုသည် တဖြည်းဖြည်း ဖွံ့ဖြိုးလာခဲ့ပြီး ၂၀၁၂ ခုနှစ်မှစ၍ နှစ်စဉ်ဆန်တန်ချိန်တစ်သန်းကျော်တင်ပို့သော ပုံမှန်ဆန်တင်ပို့သော နိုင်ငံတစ်နိုင်ငံအဖြစ် ပြည်ပဆန်ဈေးကွက်တွင် ကုန်ဝယ်သူတို့၏ သတိပြုစရာဖြစ်ခဲ့ပါသည်။ နယ်စပ်တင်ပို့မှုသည် ဆန်တန်ချိန်တစ်သန်းခန့် ပုံမှန်တင်ပို့သည့်မောင်းနှင်အားတစ်ခုအဖြစ် တိုးတက်ဖွံ့ဖြိုးလာခဲ့ပါသည်။

**ဆယ်စုနှစ်အလိုက် ဆန်တင်ပို့မှုပမာဏ**

| ကာလ | ပျမ်းမျှ | အနည်းဆုံးပမာဏ | ဆုံးပမာဏ |
|---|---|---|---|
| ၁၉၁၁-၁၉၂၀ | 2222 | 1617 | 2946 |
| ၁၉၂၁-၁၉၃၀ | 2545 | 1281 | 3168 |
| ၁၉၃၁-၁၉၄၀ | 3079 | 2703 | 3599 |
| ၁၉၄၁-၁၉၅၀ | 747 | 0 | 281 |
| ၁၉၅၁-၁၉၆၀ | 1572 | 1151 | 2080 |
| ၁၉၆၁-၁၉၇၀ | 759 | 346 | 1676 |
| ၁၉၇၁-၁၉၈၀ | 459 | 87 | 759 |
| ၁၉၈၁-၁၉၉၀ | 541 | 168 | 874 |
| ၁၉၉၁-၂၀၀၀ | 272 | 29 | 1060 |
| ၂၀၀၁-၂၀၁၀ | 447 | 15 | 1035 |
| ၂၀၀၁-၂၀၁၇ | 1587 | 884 | 2500 |

## ၂၀၁၇ ဆန်စပါးရာသီ

**ကမ္ဘာ့ဆန်ဈေးကွက်၏ ၂၀၁၇ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲများနှင့် ရာသီဥတုဖောက်ပြန်မှုနှင့် အထွက်နှုန်း ကျဆင်းခဲ့မှုတို့ကြောင့် ဈေးကွက်ကို လှုပ်ခတ်စေခဲ့သော ကုန်ဝယ်သူ ၁၀ နိုင်ငံ၏ ဆန်ဝယ်ယူမှု (2017 Sep USDA ခန့်မှန်းစာရင်း)တန်ချိန်**


| | 2016 | 2017 |
|---|---|---|
| သီရိလင်္ကာ | ၃၀၀၀၀ | ၉၀၀၀၀၀ |
| ဘင်္ဂလားဒေ့ရှ် | ၃၅၀၀၀ | ၁၀၀၀၀၀၀ |
| မက်ဒါဂါစကား | ၂၂၀၀၀၀ | ၅၀၀၀၀၀ |
| ဖိလစ်ပိုင် | ၈၀၀၀၀၀ | ၁၈၀၀၀၀၀ |
| အီရန် | ၁၁၀၀၀၀၀ | ၁၆၀၀၀၀၀ |
| ယူအေအီး | ၆၇၀၀၀၀ | ၈၂၅၀၀၀ |
| တရုတ် | ၄၆၀၀၀၀၀ | ၅၂၅၀၀၀၀ |
| တောင်ကိုရီးယား | ၃၁၃၀၀၀ | ၄၁၀၀၀၀ |
| အီရတ် | ၉၃၀၀၀၀ | ၁၀၅၀၀၀၀ |
| ဆော်ဒီအာရေးဗီးယား | ၁၃၀၀၀၀၀ | ၁၄၅၀၀၀၀ |

၂၀၁၇ ခုနှစ် ဆန်စပါးရာသီတွင် ပုံမှန်တန်ချိန် တစ်သန်းခန့် တင်ပို့နေသည့် နယ်စပ်တင်ပို့မှုကို ယှဉ်ပြိုင်ရောင်းချမည့် ပုံမှန်ပင်လယ်ရေကြောင်း ကုန်သွယ်မှုဈေးကွက်သည် တစ်ဟုန်ထိုးဖွံ့ဖြိုးလာခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ပထဝီအနေအထားအရ ဆန်လိုအပ်ချက် ရုတ်တရက်မြင့်မားလာသော သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့၏ ဝယ်လိုအားကြောင့် ဈေးကွက်အလျင်အမြန် လှုပ်ခတ်ခဲ့ပြီး ပြည်ပတင်ပို့မှုတွင်လည်း ၁၉၄၀ နောက်ပိုင်း အမြင့်ဆုံးတင်ပို့ခဲ့သည့် စံချိန်အားလုံးကို ကျော်ဖြတ်ကာ ၂၀၁၇ ပြက္ခဒိန်နှစ်တွင် ဆန်တန်ချိန် ၂ ဒသမ ၅ သန်းကျော်ခန့် တင်ပို့နိုင်မည့် နှစ်တစ်နှစ်ဖြစ်လာပါမည်။

| ဘဏ္ဍာနှစ် | ပင်လယ်ရေကြောင်း | | | နယ်စပ် | | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | မက်ထရစ်တန် | တန်ဖိုး (US$ Million) | | မက်ထရစ်တန် | တန်ဖိုး (US$ Million) | | မက်ထရစ်တန် | တန်ဖိုး (US$ Million) |
| ၂၀၁၁-၂၀၁၂ | ၇၀၇၀၈၆ | ၂၆၇.၁၅၄ | ၈၄% | ၁၃၇၁၁၅ | ၅၇.၄၆၆ | ၁၆% | ၈၄၄၂၀၀ | ၃၂၄.၆၂၀ |
| ၂၀၁၂-၂၀၁၃ | ၆၀၈၈၂၅ | ၂၁၂.၆၇၉ | ၄၃% | ၈၁၄၈၇၆ | ၃၃၈.၂၀၂ | ၅၇% | ၁၄၂၃၇၀၁ | ၅၅၀.၈၈၁ |
| ၂၀၁၃-၂၀၁၄ | ၃၉၀၈၁၈ | ၁၃၃.၈၃၃ | ၃၁% | ၈၇၁၇၉၉ | ၃၄၁.၀၂၉ | ၆၉% | ၁၂၆၂၆၁၇ | ၄၇၄.၈၆၂ |
| ၂၀၁၄-၂၀၁၅ | ၄၆၁၁၂၄ | ၁၅၀.၇၉၇ | ၂၅% | ၁၃၇၉၄၆၃ | ၅၀၉.၉၇၂ | ၇၅% | ၁၈၄၀၅၈၇ | ၆၆၀.၇၆၉ |
| ၂၀၁၅-၂၀၁၆ | ၃၁၈၅၁၄ | ၁၀၂.၀၅၈ | ၂၁% | ၁၁၇၄၇၃၁ | ၄၂၃.၉၅၄ | ၇၉% | ၁၄၉၃၂၄၅ | ၅၂၆.၀၁၂ |
| ၂၀၁၆-၂၀၁၇ | ၆၉၁၀၀၀ | ၂၀၂.၃၄၉ | ၃၉% | ၁၀၅၉၀၀၀ | ၃၅၁.၆၁၃ | ၆၁% | ၁၇၅၀၀၀၀ | ၅၅၃.၉၆၂ |
| ၂၀၁၇-၂၀၁၈ | ၇၈၀၀၀၀ | ၂၁၉.၅၈၃ | ၅၁% | ၇၃၆၀၀၀ | ၂၂၈.၃၃၇ | ၄၉% | ၁၅၁၆၀၀၀ | ၄၄၇.၉၂၀ |
| (၂၀၁၇ စက်တင်ဘာ) | | | | | | | | |

**၂၀၁၇ ပြက္ခဒိန်နှစ်တွင် ဆန်အများဆုံးတင်ပို့သည့်နိုင်ငံများ (ခန့်မှန်းတန်ချိန်စာရင်း)**

| | |
|---|---|
| အိန္ဒိယ | ၁၁.၂ သန်း |
| ထိုင်း | ၁၀.၅ သန်း |
| ဗီယက်နမ် | ၆.၂ သန်း |
| ပါကစ္စတန် | ၃.၉ သန်း |
| အမေရိကန် | ၃.၅၅ သန်း |
| မြန်မာ | ၂.၅ သန်း |




Source: U.S. Dept. of Agriculture, Foreign Agricultural Service, Production, Supply and Distribution

## ၂၀၁၈ ဆန်စပါးရာသီကိုခန့်မှန်းကြည့်ခြင်း

၂၀၁၈ ဈေးတို့ကိုဖော်ဆောင်မည့် ၂၀၁၇ ဆန် စပါးစိုက်ပျိုးထုတ်လုပ်မှုခန့်မှန်းချက်အရ ၂၀၁၆ ရာသီထွက်ရှိမှုနှင့်နှိုင်းယှဉ်လျှင် အမေရိကန်၊ ကိုလံဘီယာ၊ အီဂျစ်၊ မက်ဒါဂါစကား၊ တောင်ကိုရီးယား၊ ဂီနီ၊ ဘစ်ဆောနိုင်ငံတို့တွင် အထွက်နှုန်းမှာ ငါးရာခိုင်နှုန်းနှင့် အထက်လျော့နည်းမည်ဖြစ်ပြီး ဆန်စပါးအများဆုံး ထုတ်လုပ်စားသုံးနေသည့် တရုတ်၊ အိန္ဒိယအပါအဝင် ဘင်္ဂလားဒေ့ရှ်၊ ရုရှား၊ ဂျပန်၊ ဖိလစ်ပိုင်၊ ဘရာဇီး၊ မာလီ၊ ဂီနီယာ၊ ဘီနင်၊ အင်ဒိုနီးရှား၊ မလေးရှား နိုင်ငံတို့တွင် သုည ဒသမ ၄ ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းကြား လျော့နည်းထွက်ရှိပါမည်။

မြန်မာအပါအဝင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အီးယူနိုင်ငံများ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ ပါကစ္စတန်၊ တူရကီ၊ အာဂျင်တီးနား၊ နိုင်ဂျာ၊ မက္ကဆီကို၊ ဘင်နီဇွဲလား၊ အီကွေဒေါ၊ ဩစတြေးလျနိုင်ငံတို့တွင် တစ် ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းကြားပိုမို ထွက်ရှိမည်ဟု ခန့်မှန်းထားပါသည်။ ထိုင်း၊ ပီရူး၊ ကိုလံဘီယာ၊ ချီလီ၊ ကာဂျစ်စတန်၊ ကင်ညာ၊ မိုဇမ်ဘစ်၊ မော်ရိုကို၊ ဆီနီဂေါနှင့် ဂါနာနိုင်ငံတို့တွင် ပုံမှန်ထက် ငါးရာခိုင်နှုန်း အထက် ပိုမိုထွက်ရှိပါမည်။ ကျန်နိုင်ငံများတွင် ပုံမှန်ထွက်ရှိမည်ဟု ခန့်မှန်းထားပါသည်။

**၂၀၁၈ တွင် ဖြစ်ပေါ်လာမည့် ကမ္ဘာ့ဆန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ လက်ရှိစာရင်းခန့်မှန်းချက် (တန်ချိန်သန်း)**

| | ထုတ်လုပ်မှု | ကုန်သွယ်မှု | လက်ရှိစာရင်း |
|---|---|---|---|
| ၂၀၁၅-၂၀၁၆ | ၄၇၁.၇၂ | ၄၀.၂၅ | ၁၁၆.၄၅ |
| ၂၀၁၆-၂၀၁၇ | ၄၈၆.၃၉ | ၄၄.၆၀ | ၁၂၀.၃၃ |
| ၂၀၁၇-၂၀၁၈ | ၄၈၃.၃၆ | ၄၄.၂၂ | ၁၂၃.၅၂ |
| (USDA - Sept ခန့်မှန်း) | | | |

## ၂၀၁၈ ရာသီ မြန်မာ့ဆန်ဈေးကွက်အားသာချက်နှင့် ပြုပြင်ရမည့်အကြံပြုချက်

လက်ရှိဆန်စပါးထွက်ရှိမည့်ခန့်မှန်းချက်များအရ မြန်မာ့အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ တရုတ်နိုင်ငံအပါအဝင် မြန်မာ့ဆန်ကို ဝယ်ယူနေကျနိုင်ငံများဖြစ်သည့် အာဖရိကမှ မာလီ၊ ဂီနီယာ၊ ဘီနင်၊ အာဆီယံနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှား၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့သည် ဆန်အထွက်နှုန်းလျော့နည်း၍ ယခင်နှစ်များကထက် ပိုမိုတင်သွင်းမည့် အလားအလာကောင်းတို့ကို မိမိရရ ဆုပ်ကိုင်၍ ဈေးကွက်ဖော်ဆောင်ရပါမည်။

၂၀၁၂-၁၃ ဘဏ္ဍာနှစ်မှစ၍ ဈေးကွက် အလားအလာကောင်းတစ်ခုဖြစ်သည့် ဥရောပဈေးကွက်မှ ပေးအပ်ထားသော GSP အထူးအခွင့်အရေးကို ကုန်ကြမ်းတင်ပို့သည့် အရေအတွက် ဈေးကွက်မှ အရည်အသွေးဈေးကွက်သို့ ဖော်ဆောင်ရပါမည်။

၂၀၁၈ ရာသီတွင် ဆုံးရှုံးသွားမည့် ပဲဈေးကွက်၏ ဂယက်ကြောင့် နွေစပါးတိုးချဲ့စိုက်ပျိုးလာနိုင်သည့်အတွက် ထွက်နှုန်းမြင့်မားလာမည့် ဆန်စပါးပမာဏကိုလည်း ကြိုတင်ဈေးကွက် (G to G & B to B) ရှာဖွေထားရပါမည်။ ကမ္ဘာ့လူသားများ၏ ပြောင်းလဲလာသော စားသုံးမှုပုံစံအရ တန်းနိမ့်ဆန်များ၏ ဈေးကွက်မှာ တဖြည်းဖြည်းကျဉ်းမြောင်းလာပြီး တန်းမြင့်ဆန်များကို ပြောင်းလဲစားသုံးလာသည့်အတွက်ကြောင့် တန်းမြင့်ဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်မည့် ဆန်စက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရပါမည်။ ပေါင်းဆန်ထုတ်လုပ်သူများအတွက်လည်း ယခင်ရရှိပြီးသော အရည်အသွေးမြင့် ဥရောပဈေးကွက်အပြင် ဝယ်လိုအားမြင့်မားလာမည့် ဘင်္ဂလားဒေ့ရှ်ဈေးကွက်၏ ဝယ်လိုအားကြောင့် ပိုမိုထုတ်လုပ် တင်ပို့ရောင်းချနိုင်မည့် ကာလတစ်ခုဖြစ်ပြီး၊ အလျင်အမြန်တိုးတက်လာမည့် ဆန်စပါးကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှုကဏ္ဍစုံ၌ လိုအပ်နေပြီး ရင်းနှီးမြှုပ်နှံသူများအတွက်လည်း အခွင့်အရေးနှင့် အကျိုးအမြတ်များကိုရရှိနိုင်မည့် အချိန်ကာလဖြစ်ပါသည်။

စာမျက်နှာ (၂၀)သို့ ➢




Go Further

CAPITAL AUTOMOTIVE

**YANGON SHOWROOM:**

No. (3), Ward (12), Insein Main Road, Hlaing Township, Yangon, Myanmar.
Ph : +95(0)1 521-959

**MANDALAY SHOWROOM:**

No. (55), Corner of 78th Street & 10th Street of Near Kywe Sel Kan, Pyi Gyi Tagon Township, Mandalay.
Ph : +95(0)2 56014~18

Ford-Myanmar.com | sales@ford-myanmar.com

Vol: 17, No.39 Monday October 9 2017

# ပုသိမ်မြို့တွင် ပြည်ပပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက် ရော်ဘာလုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးပွဲ ကျင်းပပြုလုပ်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ပပို့ကုန် ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အမီ ဈေးကွက်ဝင်ရော်ဘာများကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်၍ တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံ နှစ်ရှည်ပင်လုပ်ငန်း အုပ်ချုပ်မှု ဒါရိုက်တာ မြန်မာနိုင်ငံ အကြံပေးအဖွဲ့ဝင် ဦးလှမောင်၊ စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယ တိုင်းဦးစီးမှူး ဦးရဲဝင်းတို့နှင့်အတူ ဧရာဝတီတိုင်း ဒေသကြီး ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ မြို့နယ်များမှ ရော်ဘာစိုက်ပျိုးသူ ခြံရှင်များ၊ ရော်ဘာစိုက်ကုမ္ပဏီများ စုစုပေါင်း ၁၀၀ ဦးခန့်နှင့် ပုသိမ်မြို့ ပုသိမ်ဟိုတယ် အစည်းအဝေးခန်းမတွင် စက်တင်ဘာလ တတိယပတ်၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထိုသို့တွေ့ဆုံခဲ့ရာတွင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အုပ်ချုပ်မှု ဒါရိုက်တာ မြန်မာနိုင်ငံအကြံပေး အဖွဲ့ဝင် ဦးလှမောင်က ရော်ဘာစိုက်ပျိုးရာတွင် ရေခံမြေခံကောင်းမွန်ဖို့လိုအပ်ကြောင်း၊ ရေမရှိလျှင် ရေလောင်းရနိုင်သော်လည်း အပေါ်ယံမြေလွှာကို ကြည့်၍ စိုက်ပျိုးမြေကို ဆုံးဖြတ်လို့မရကြောင်း၊ အောက်မြေခံထိုးဖောက်နိုင်မှုအတွက် ထည့်သွင်းစဉ်းစားဖို့လိုကြောင်း၊ ခြံပြုပြင်ထိန်းသိမ်းဖို့လည်း အဓိကကျ၍ လစဉ်မိုးရေချိန်၊ နှစ်စဉ် မိုးရေချိန်၊ အနိမ့်ဆုံး အပူချိန်၊ အမြင့်ဆုံး အပူချိန်များလည်း သိရှိရန်လိုအပ်ကြောင်း၊ မြေချဉ်ငံကိန်း PH အဆင့်များ မြေပြုပြင်ခြင်းရည်ရွယ်ချက် NPK အချိုးအစားအစုံ ပါဝင်သော မြေဩဇာသုံးစွဲနည်းများ၊ ကြာရှည်ခံသီးနှံ ဂျင်းနှင့် နနွင်းခါးစိုက်ပျိုးခြင်းမှ ဝင်ငွေရရှိနိုင်သည့် နည်းလမ်းများအား အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဦးစီးမှူး ဦးရဲဝင်းကလည်း ရော်ဘာ ဈေးကျဆင်းနေခြင်း၊ အထွက်နှုန်းများ ကျဆင်းနေခြင်းတို့ကို ဖြေရှင်းနိုင်ရန် ရော်ဘာများကို သိပ္ပံနည်းကျစိုက်ပျိုးရေး၊ ရော်ဘာပင်များကြားတွင် သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိစေရန်နှင့် ပေါင်းရှင်းခြင်း၊ အစေးလှီးခြင်း၊ စနစ်တကျ ပြုပြင်ထိန်းသိမ်းနည်းတို့အပြင် ပြည်ပ ဝယ်လက်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဒေသအာဏာပိုင် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ခြံရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသော ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူတို့က ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ထွန်းမင်းလတ်၊ မင်းမင်းဦး(ပုသိမ်)**

## တရုတ်နယ်စပ်မှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ စခန်းစုံမှ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၂၇ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၂၇၅၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၉၉၉၁ တန်ကျော်၊ လွယ်ဂျယ်မှ ၁၉၁၄ တန်ခွဲ၊ ချင်းရွှေဟော်မှ ၇၉၃ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၆၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ၁၄၃၅၆ တန်တင်ပို့ခဲ့လို့ ၈၄၀၃ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၁၀၅၂၁ ကျပ်ရှိရာမှ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်မှာ ၂၉၄၉၄၉ ကျပ်သို့ ဈေးထပ်မံကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ပြောင်းကားစီးရေ ၁၀၄၅ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၂၆၇ စီးပိုမိုခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ် ၁၅၈၀ ရှိကြောင်း၊ စက်တင်ဘာလအတွင်း တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှာ ပြောင်းဖူးစေ့တန်ချိန် ခြောက်သောင်းကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ မန္တလေး-မူဆယ် သယ်ယူစရိတ်မှာ ပြောင်းတစ်ပိဿာကို ၅၄-၅၅ ကျပ်ရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## စက်တင်ဘာလအတွင်း ရော်ဘာတင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၅ သန်းတန်ဖိုးရှိရော်ဘာအဆင့်စုံ တန်ချိန် ၁၁၉၀ တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများဖြစ်သော မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS3 အမျိုးအစား ၄၉၁ တန်၊ RSS 5 အမျိုးအစား ၄၈၇ တန်၊ MSR 20 အမျိုးအစား ၁၁၈ တန်နဲ့ RSS1 အမျိုးအစား ၃၆ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS3 အမျိုးအစား ရှစ်တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေးတန်ချိန် ၅၀ တင်ပို့ခဲ့ပြီး စက်တင်ဘာလတစ်လလုံးမှာ အမေရိကန် ဒေါ်လာ ၅ ဒသမ ၂၂၉ သန်း တန်ဖိုးရှိ ရော်ဘာ ၄၃၅၅ တန် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဩဂုတ်လက ရော်ဘာ ၄၅၆၁ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုလရော်ဘာတင်ပို့မှု ၂၀၆ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS 3 တစ်တန်လျှင် ကျပ် ၁၉ ဒသမ ၉၅၉ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်လျှင် ၂၂၄၂၆ ကျပ်ဈေးကျကြောင်း သိရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေးမှာ RSS အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၅၀ ခန့်ဈေးကျပြီး MSR အမျိုးအစားမှာ အနည်းငယ်သာ ဈေးအတက်အကျရှိကြောင်း သိရပါတယ်။ နိုင်ငံတကာရော်ဘာဈေးကျတဲ့အတွက် မြန်မာ့ရော်ဘာဈေးလည်း RSS အမျိုးအစား တစ်တန် ဒေါ်လာ ၅၀ ဈေးကျပြီး MSR အမျိုးအစားမှာ ယခင်တစ်ပတ်




အတိုင်း ဈေးနှုန်းမပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်း ထုတ်ပြန်ချက်အရ သိရပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၅၀၀-၁၆၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| RSS 4 | တစ်တန်လျှင်၊ | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၁၉၅၀-၂၀၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၆၀၀-၁၇၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**

စာမျက်နှာ (၁၈) ➤➤➤ မြန်မာဆန်စပါးလောက၏ …… မှအဆက်


## ရွှေရောင်အနာဂတ်ကိုပုံဖော်မည့်သူများနှင့် ရည်မှန်းချက်




မှန်ကန်သော ဈေးကွက်စီးပွားရေး ကုန်သွယ်မှုအောက်တွင် သမားရိုးကျလုပ်ကိုင်နေသည့် ဆန်စပါးလုပ်ကိုင်နေသူများ သာမက ပြည်တွင်းနှင့်ပြည်ပတွင် ပညာသင်ယူလာသော ပညာတတ်လူငယ်များ ဈေးကွက်ထိုးဖောက် ဝင်ရောက်လုပ်ကိုင်လာခြင်းသည် ပို့ကုန်လုပ်ငန်းကို အလျင်အမြန်ဖွံ့ဖြိုးလာပြီး ဈေးကွက်လိုအပ်ချက်ကြောင့် ထုတ်လုပ်မှုကဏ္ဍသည်လည်း အတူဖွံ့ဖြိုးလာခဲ့ပါသည်။ လက်ရှိဆန်စပါးကဏ္ဍ၏ ၈၀ ရာခိုင်နှုန်းခန့်ကို အသက် ၂၅ နှစ်မှ ၄၀နှစ်ကြား လူငယ်များက ဦးဆောင်လုပ်ကိုင်နေခြင်းသည် အချိန်တိုကာလအတွင်း ဆန်စပါးကဏ္ဍ အလျင်အမြန် ဆက်လက်တိုးတက်မည့် အလားအလာကောင်းတစ်ရပ်ဟု ရှုမြင်မိပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၁၈-၁၉ တွင် ဆန်စပါးပို့ကုန် ရငွေ အမေရိကန်ဒေါ်လာတစ်ဘီလီယံပြည့်မီရေး၊ ၂၀၂၀-၂၁ တွင် ဆန်တန်ချိန် လေးသန်းခန့်နှင့် ကမ္ဘာ့ဆန် အများဆုံးတင်ပို့သည့် ငါးနိုင်ငံ (Top Five World Rice Exporter) စာရင်းဝင်နိုင်ငံအဖြစ် ရပ်တည်ရေး၊ ၂၀၂၅-၂၆ တွင် ဆန်တန်ချိန် ခုနစ်သန်းခန့်နှင့် ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့် သုံးနိုင်ငံ (Top Three World Rice Exporter) စာရင်းဝင်နိုင်ငံအဖြစ် ရပ်တည်ရေးတို့ကို ရည်မှန်းချက်ထား၍မြန်မာ့ဆန်စပါးလောက၏တစ်ကျော့ပြန်ရွှေခေတ်သို့ဖော်ဆောင်ကြပါစို့။

**မြန်မာလက်ရှိ ဆန်တင်ပို့သည့်ပမာဏနှင့်အနာဂတ်မျှော်မှန်းချက်**




ဤဆောင်းပါးဖြင့် ၂၀၁၇ပြက္ခဒိန်နှစ်တွင် ဆန်တန်ချိန်၂ ဒသမ ၅သန်းကျော် ခန့် တင်ပို့နိုင်သည့် သမိုင်းမှတ်တမ်းတစ်ခုကိုရေးထိုးနိုင်အောင် စိုက်ပျိုးပေးခဲ့သော တောင်သူလယ်သမားများ၊ ကာယလုပ်သားများ၊ လယ်ယာကဏ္ဍ ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၊ ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်ပွဲစားများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ကုန်စည်ပို့ဆောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့သော အစိုးရအဖွဲ့အစည်း များနှင့် ဆန်စပါးဆိုင်ရာအသင်းအဖွဲ့များအား ဂုဏ်ပြုအပ်ပါသည်။

**Reference: (Commerce,USDA Sept Report,Rice Index Report)**

# စားသုံးသူများဘေးဥပဒ်အန္တရာယ်ရှိ လူသုံး/အိမ်သုံးပစ္စည်းများနှင့်ပတ်သက်၍ အန္တရာယ်ရှိ ကုန်စည်၊ ဝန်ဆောင်မှုများကို မသုံးစွဲစေရန် သတင်းမျှဝေကာ နစ်နာမှုများကို တိုင်ကြားပါ

| နိုင်ဦး၊ မြင့်မြင့်ချို |

ယနေ့ကမ္ဘာကြီးသည် နေ့စဉ်နာရီ၊ မိနစ်၊ စက္ကန့်အတွင်းပြောင်းလဲဖြစ်ပေါ်တိုးတက်ဖွံ့ဖြိုးလျက်ရှိသလို မြန်မာနိုင်ငံသည်လည်း တဖြည်းဖြည်းတိုးတက်ဖွံ့ဖြိုးလျက်ရှိနေပါသည်။

စားသုံးသူများ၏ ဝယ်ယူမှုပုံစံများလည်း ပြောင်းလဲလာပြီး ခေတ်မီသော၊ ပို၍ခေတ်မီသော ပစ္စည်းများကို တောင်းဆိုလာကြသည်။ ကုန်စည် ထုတ်လုပ်သူများကလည်း စားသုံးသူများ၏ လိုလားချက်များနှင့်အညီ ကုန်စည်၊ ဝန်ဆောင်မှုအမျိုးအစားပေါင်းစုံကိုထုတ်လုပ်ဆောင်ရွက်လာကြသည်။

အလားတူပင် ယခင်ကမော်တော်ကားတစ်စီး ပိုင်ဆိုင်သူသည် လူချမ်းသာတစ်ဦးဟုပင်ခေါ်ဆိုနိုင်သည်။ ယနေ့တွင်မူ လူလတ်တန်းစားများပင် အလွယ်တကူဝယ်ယူစီးနင်းမောင်းနှင်လာကြသည်။ လမ်းမကြီးများတွင် ကမ္ဘာ့နိုင်ငံပေါင်းစုံမှ ထုတ်လုပ်သောမော်တော်ယာဉ်ပုံစံမျိုးစုံအရောင်အစုံအလင်များ ပျားပန်းခတ်မျှမြင်တွေ့နေရသည်။

ဆက်သွယ်မှု လွယ်ကူလာမှုများကို အသုံးပြု၍ သက်သက်သာသာဖြင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများကို အင်တာနက်တွင် ကြည့်ရှု၍လည်းကောင်း၊ ဖုန်းတစ်ချက်ဆက်ရုံဖြင့် လိုချင်သောပစ္စည်းများကို အလွယ်တကူ ရရှိလာနိုင်သည်။ ကုန်စည်၊ ဝန်ဆောင်မှုပြုသူ လုပ်ငန်းရှင်များမှလည်း သူ့ထက်ငါအပြိုင်အဆိုင် ဝန်ဆောင်မှုနှင့်မက်လုံးများပေးကာ စားသုံးသူများအား စည်းရုံးဆွဲဆောင်ရောင်းချလျက်ရှိသည်ကို တွေ့ရှိရပါသည်။

ငွေပေးချေရာတွင်လည်း Online စနစ်ကို အသုံးပြု၍ အီလက်ထရောနစ်ငွေပေးချေခြင်း၊ ကတ်စနစ်ကိုအသုံးပြုခြင်း၊ ဘဏ်စနစ်များကို အသုံးပြုခြင်းများကြောင့် အချိန်ကုန်သက်သာ လူပင်ပန်းမှုမရှိဘဲ စားသုံးသူများစိတ်ကျေနပ်မှု အပြည့်အဝနီးနီး ရရှိလာကြ၍ ကျယ်ပြန့်သော ဈေးကွက်ကြီးတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ လူဦးရေလွန်စွာများပြားပြီး ကျယ်ပြန့်သောမြေဧရိယာကို ပိုင်ဆိုင်ထားသော ဝယ်လိုအားအဆမတန်များပြားသော နိုင်ငံကြီးနှစ်နိုင်ငံကြားတွင် တည်ရှိနေမှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးကောင်း၊ အခြေအနေကောင်း၊ အားသာချက်ကြီးတစ်ခုအဖြစ် စီးပွားရေးပညာရှင်များက ဝမ်းသာအားရသုံးသပ်ကြခြင်းကို မစားရဝခမန်းကြားသိနေရသည်။ သို့သော် ပကတိအခြေအနေများမှာမူ စီးပွားရေးကျင့်ဝတ်များနှင့်အညီ မဆောင်ရွက်မလုပ်ကိုင်နိုင်ကြသော မိမိကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်သော၊ အကျိုးအမြတ်များများရရှိရေးကိုသာ ဦးတည်သော၊ ဘယ်သူသေသေငတေမာလျှင်ပြီးရောဆိုသည့် စိတ်ဖြင့်ဆောင်ရွက်ကြသော စီးပွားရေးလုပ်ငန်းရှင်အချို့ကြောင့် မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ လူအများစု စီးပွားရေးလုပ်ငန်းရှင်များ မျက်နှာပျက်ကြရသည်။ ပဲ၊ နှမ်းများတွင် ကျောက်ခဲရောခြင်း၊ တရားမဝင်ဓာတုဆေးများ အလွန်အကျွံ သုံးစွဲထားခြင်း၊ နိုင်ငံတကာစံနှုန်းများ လိုက်နာမှုအားနည်းခြင်းများကြောင့်ဖြစ်သည်ကို သတင်းစာ၊ ဂျာနယ်၊ မီဒီယာပေါင်းစုံတွင် တွေ့မြင်ကြားသိ နေရပါသည်။

> ” မြန်မာနိုင်ငံမှ ပို့ကုန်များကို ပြည်ပနိုင်ငံများမှ ဝယ်ယူရန် လက်တွန့်နေလျက်ရှိသော်လည်း အိမ်နီးနားချင်းနိုင်ငံများမှ တင်သွင်းသော စံမမီ ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများကိုမူ တရားမဝင် တင်သွင်းကြသည်။

မြန်မာနိုင်ငံမှ ပို့ကုန်များကို ပြည်ပနိုင်ငံများမှ ဝယ်ယူရန်လက်တွန့်နေလျက်ရှိသော်လည်း အိမ်နီးနားချင်းနိုင်ငံများမှ တင်သွင်းသောစံမမီ ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများကိုမူ တရားမဝင် တင်သွင်းကြသည်။ မြန်မာနိုင်ငံကိုစမ်းသပ်ဈေးကွက်ကြီးအဖြစ်သဘောထားကာ ဆောင်ရွက်ကြသည်။ ထိုစံမမီပစ္စည်းများကို မြန်မာနိုင်ငံရှိ ပြည်သူများ စားသုံးနေကြရသည်။ မလိုလားအပ်သောဘေးဥပဒ်အန္တရာယ်များနှင့် မကြားဖူးသော ရောဂါဆန်းများ ဖြစ်ပေါ်နေရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပို့ကုန်များတင်ပို့ရာတွင် စီးပွားရေးကျင့်ဝတ်များနှင့်အညီ၊ နိုင်ငံတကာ စံနှုန်းများနှင့်အညီ တင်ပို့နိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိသလို တင်သွင်းသောပစ္စည်းများနှင့်ပတ်သက်၍ စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက်လည်း အလားတူဆောင်ရွက်လျက်ရှိပါသည်။ ထုတ်ပြန်ထားသော ကျင့်ဝတ်စံနှုန်းများနှင့်အညီ လူအများစုက လိုက်ပါပူးပေါင်းဆောင်ရွက်လျက်ရှိကြသော်လည်း လူနည်းစုမှာ လိုက်နာဆောင်ရွက်မှုမရှိခြင်းကြောင့် ကုန်သွယ်မှု ပမာဏကွာခြားချက်များ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ထိုအခြေအနေများကို လျော့ပါးသက်သာစေရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)ကို ပြဋ္ဌာန်းကာ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ ပညာပေးဟောပြောဆွေးနွေးခြင်း၊ စစ်ဆေးပညာပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဈေးကွက်အတွင်း စံမမီကုန်ပစ္စည်းများကို သိမ်းဆည်း၊ ဖျက်ဆီးခြင်း၊ လုပ်ငန်းရှင်များအား အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ ပါဝင်သော စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီဖွဲ့စည်း၍လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဝန်ကြီးများဦးဆောင်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့်အဆိုပါအဖွဲ့အောက်တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးကော်မတီများကို ဖွဲ့စည်း၍လည်းကောင်း၊ စားသုံးသူများ၏နစ်နာဆုံးရှုံးမှုများကို အလွယ်တကူတိုင်ကြားနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် စားသုံးသူသတင်းအချက်အလက်နှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ(Consumer Information and Complaint Center - CICC) များကိုဖွင့်လှစ်၍လည်းကောင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လွှမ်းခြုံနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ထို့သို့ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် စားသုံးသူပြည်သူများသည် ကုန်စည်၊ ဝန်ဆောင်မှုများကို ဆင်ခြင်ကာ ဝယ်ယူသုံးစွဲတတ်သည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာသည်။ နစ်နာမှုများ၊ ဆုံးရှုံးမှုများကို တိုင်ကြားတတ်လာသဖြင့် အောင်မြင်မှုတချို့ရရှိပြီဟုဆိုနိုင်သည်။ သို့သော် ခက်ခဲသည်မှာ စားသုံးသူ၊ ကုန်စည်၊ ဝန်ဆောင်မှုများကို ထုတ်လုပ်သူ၊ တင်သွင်းသူ၊ ဖြန့်ဖြူးရောင်းချသူများသည် မိမိနိုင်ငံသားများဖြစ်၍ နှစ်ဦးနှစ်ဖက်လုံးအတွက် မိမိနိုင်ငံသားများသာ နစ်နာဆုံးရှုံးမှု ကြုံတွေ့နိုင်မည်ဖြစ်၍ အသိတရားလက်ကိုင်ထား၍ ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

စားသုံးသူရေးရာဦးစီးဌာနသည် ထုတ်ပြန်ကျင့်သုံးလျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ(၂၀၁၄) ပြဋ္ဌာန်းချက်များအရ တစ်ဖက်က စားသုံးသူများ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်၊ ဝန်ဆောင်မှုများ ရရှိသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသလို တစ်ဖက်မှလုပ်ငန်းရှင်များကိုလည်း ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိရေး၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရေးတို့ကို အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာ စားသုံးသူများဘေးအန္တရာယ်ကင်းရှင်း၍ ထုတ်လုပ်သူများလည်း ဈေးကွက်ယှဉ်ပြိုင်နိုင်ကာ စီးပွားရေးတိုးတက်လာမည် ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် စားသုံးသူများသည် ဘေးဥပဒ်အန္တရာယ်ရှိသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသောကုန်စည်၊ ဝန်ဆောင်မှုများကိုရယူသုံးစွဲမှုမပြုရေး၊ ထိုသို့မသုံးစွဲ၊ မရယူရေးအတွက် မိမိ၏မိသားစု၊ ဆွေမျိုးသားချင်းမိတ်ဆွေများထံ သတင်းအချက်အလက်များမျှဝေရေး၊ စားသုံးသူနစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်များရှိစားသုံးသူရေးရာဌာနများ၊စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ CICC များသို့စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ တိုင်ကြားကြရန်လွန်စွာ အရေးကြီးပါသည်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအောင်မြင်မှုရရှိစေရေးအတွက် ဌာနများမှဆောင်ရွက်ကြရုံဖြင့် မအောင်မြင်နိုင်၊ နှေးကွေးနေမည်ဖြစ်သည်။ ပြည်သူများပူပေါင်းပါဝင်ဆောင်ရွက်မှုသာ မြန်မာတစ်နိုင်ငံလုံးရှိစားသုံးသူပြည်သူများဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အိမ်သုံး၊ လူသုံးပစ္စည်းများ စားသုံးကြ၍ ကျန်းမာစွာဖြင့် အသက်ရှည်ရှည်ရပ်တည် နေထိုင်လာနိုင်ကြမည်ဖြစ်သည်။ မိမိဆောင်ရွက်သည့် လုပ်ငန်းများကို ပုံမှန်အတိုင်းဆောင်ရွက်လာနိုင်မည်။ မိမိ၏မိသားစုဝင်ငွေတိုးလာမည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုလာမည်ဖြစ်သည်။ အလားတူလုပ်ငန်းရှင်များသည်လည်း နိုင်ငံတကာစံနှုန်းများဖြင့် အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်သဖြင့် ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိသို့ထိုးဖောက်လာနိုင်မည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်။ ဈေးကွက်ချဲ့ထွင်လာနိုင်မည်။ နိုင်ငံခြားဝင်ငွေရရှိလာမည်။ နိုင်ငံတကာသို့ဝင်ဆန့်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကူညီရာရောက်မည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ ဈေးများ၊ ကျောင်းများ၊ ရပ်ကွက်/ကျေးရွာ၊ မြို့များတွင်လည်း စားသုံးသူအကာအကွယ်ပေးရေး အသင်းအဖွဲ့များ ဖွဲ့စည်းထားသလို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းထားသော စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များ များစွာပေါ်ပေါက်တိုးတက်ဖွဲ့စည်းနေခြင်းသည် များစွာအားရဖွယ်ကောင်းလှပါသည်။ စားသုံးသူရေးရာဦးစီးဌာနမှလည်း ထိုအသင်းအဖွဲ့များနှင့် ငွေကြေးကိစ္စမှလွဲ၍ ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း ဆောင်ရွက်၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ပြီးပြီးရော ဂျာအေးသူ့အမေရိုက်သလို ပွဲပြီးမီးသေ မဖြစ်စေရေးအတွက် တစ်နိုင်ငံလုံး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လက်ခံဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် တိုးတက်လာသောခေတ်နှင့်အညီ ပေါ်ပေါက်လာသော လူသုံး၊ အိမ်သုံးပစ္စည်းများနှင့် ပတ်သက်၍ စားသုံးသူပြည်သူများမှ အသိတရား လက်ကိုင်ထား၍ သတိထား၍ ဝယ်ယူသုံးစွဲကြပါရန်၊ ဘေးဥပဒ်အန္တရာယ်ရှိသောပစ္စည်းများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော ပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်းမပြုကြပါရန်၊ မိမိကြုံတွေ့ရသော နစ်နာမှုများကို မိမိမိသားစုသာမက မိတ်ဆွေ၊ အပေါင်းအသင်း၊ ဆွေမျိုးသားချင်းများကို သတင်းအချက်အလက်များ မျှဝေဖြန့်ဝေပေးကြပါရန်၊ စားသုံးသူအခွင့်အရေး အပြည့်အဝမရရှိခြင်း၊ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်များရှိစားသုံးသူရေးရာဦးစီးဌာနများ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ CICC များတွင် အလွယ်တကူ တိုင်ကြားကြပါရန် မှန်ကန်သောသစ္စာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❑

# ထားဝယ်မြို့ ပြည်သူ့ဆေးရုံခန်းမ၌ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဟောပြောဆွေးနွေးပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ထားဝယ်မြို့၊ ပြည်သူ့ ဆေးရုံခန်းမ၌ စက်တင်ဘာ ၁၃ ရက်တွင် ထားဝယ်ခရိုင်အတွင်းရှိ စားသောက်ကုန် ထုတ်လုပ်ရောင်းချသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဟောပြောဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် တိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မင်းလတ်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေတွင်ပါရှိသော စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးများ၊ တာဝန်များ၊ တားမြစ်ချက်များကို လိုက်နာရမည် ဖြစ်ကြောင်း၊ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် မိမိတို့ထုတ်လုပ်သော ကုန်ပစ္စည်းနှင့်သက်ဆိုင်သည့် အချက်အလက်များ ထည့်သွင်းဖော်ပြရမှာဖြစ်ကြောင်းနှင့် စားသုံးသူကို အလေးထားသင့်ပါကြောင်း၊ စားသောက်ကုန်များကို အရည်အသွေး၊ စံချိန်စံညွှန်းကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချရန်လည်း လိုအပ်ပါကြောင်း၊ စားသုံးသူများ အမှန်တကယ် နစ်နာဆုံးရှုံးမှုများရှိလာပါက တိုင်းဒေသကြီး/ပြည်နယ်များရှိ စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC)များ ဖွင့်လှစ်ထားပြီးဖြစ်ရာ လာရောက်တိုင်ကြားမှုအပေါ် ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသောက်ကုန်များ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ စားသုံးသူများ ပူပေါင်း၍ ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒေါက်တာဟိန်းမင်းထက်အောင်က ထုပ်ပိုး အစားအသောက် အမှတ်တံဆိပ်ကပ်ရာတွင် လိုက်နာရမည့် အချက်များနှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**



# ကားဈေးတန်းပုံမှန်မြင့်တက်နေပြီး စလစ်ဈေးတန်းလည်း လိုက်ပါမြင့်မားလာ

ရန်ကုန်မြို့ ကားဈေးကွက်၏ အောက်တိုဘာလဆန်းပိုင်း အခြေအနေမှာ ဝါကျွတ်ပွဲတော်ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များရှိသဖြင့် ပွဲတော်ရက်မတိုင်မီကပင် အရောင်းအဝယ်များအေးကာ ဈေးတန်းလည်း ကျဆင်းခြင်းမရှိဘဲ အမြင့်ဈေးများဖြင့်ပင် ဈေးကွက်အေးနေကြောင်း သိရသည်။

အများအားဖြင့် ပြောဆိုကြသည်မှာ ဈေးကွက်အေးလာရခြင်းသည် လာမည့်နှစ်အတွက် မော်တော်ယာဉ်မူဝါဒ အပြောင်းအလဲထွက်ရှိလာမှုအပေါ် မူတည်၍ လက်ထဲတွင် ကားကိုင်ထားသူများကလည်း ကြိုက်ဈေးမရလျှင် မရောင်းသလို အဝယ်သမားများမှာလည်း ဈေးတန်းမြင့်တက်နိုင်ချေ ရှိသဖြင့် ဝယ်ယူကြခြင်းမျိုးဖြစ်ပြီး ဖြစ်ပေါ်လာသော သတင်းအခြေအမြစ်နှင့် အချိန်ကာလကိုတွက်ဆ၍ အဝယ်သမားများနေသော်လည်း အရောင်းသမားရှားနေခြင်းဖြစ်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က သုံးသပ်ပြောကြားသည်။

ကားအရောင်းအဝယ်မှာ အထက်ပါအကြောင်းရင်းများကြောင့်လည်းကောင်း၊ လာမည့်နှစ်တွင် မော်တော်ယာဉ်မူဝါဒ သည် ဘယ်မောင်းများသာ တင်သွင်းခွင့်ပြုလာနိုင်ကြောင်း သုံးသပ်ကြသဖြင့်လည်းကောင်း၊ ဈေးများဆက်တိုက်မြင့်တက်ကာ အရောင်းနဲ့ အဝယ်မှာ ခေါ်သည့်ဈေးတန်း မလိုက်နိုင်၍ အေးနေရခြင်းမျိုးဖြစ်ပြီး မူဝါဒတစ်ခု သတ်မှတ်ပြီးပါက ဈေးကွက် ပြန်လည်သက်ဝင်လာနိုင်ကြောင်း၊ မည်သို့ ဆိုစေကာမူ နှစ် ၂၀ အမည်ပေါက်စလစ်များမှာ ဈေးတန်းမြင့်လာပြီး ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက သုံးသပ်ကြသည်။

လတ်တလောဈေးကွက်ထဲတွင် အမည်ပေါက် 'နှစ် ၂၀ စလစ်' တစ်စောင်လျှင် ၁၂၂ သိန်းခန့်ဖြစ်ပေါ်နေပြီး အပ်ကားရှားပါးမှုကြောင့် ဆက်လက်မြင့်တက်နိုင်ကြောင်း၊ ယခုလက်ရှိပင် တစ်ပတ်လျှင် ကျပ်နှစ်သိန်းမှ လေးသိန်းထိတက်နေသည်ဟု ခန့်မှန်းရကြောင်း ၎င်းက ပြောသည်။ ယာဉ် အရောင်းအဝယ်အေးနေသော်လည်း ကားအရောင်းအဝယ်ဖြစ်သည်မှာ ရန်ကုန် လိုင်စင်ပေါက် အကွာရာအနိမ့်ကားဟောင်းများသာဖြစ်ပြီး ညာမောင်းများ ဈေးကွက်အသာရလာနိုင်သဖြင့် ယခုကဲ့သို့ ဈေးမြင့်တက်နေသော်လည်း ဝယ်စီးရောင်းသဘောထားပြီး ဝယ်ကောက်သမားများလည်း များလာကြောင်း၊ သို့ရာတွင် ဈေးကွက်ရှိသော ကားများဖြစ်သည့် ဟွန်ဒါဖစ်၊ ရှပ်တဲလ်၊ ရက်တစ်၊ ဆွဖ်၊ ဗဇ်စသည့် ကားလေးများနှင့် ဈေးကွက်ရစလစ်ကပ်ကားများ ဖြစ်သော ကလူဂျာ၊ အာလ်ဖတ်၊ ကရောင်း၊ ဆလွန်း၊ ပရာဒိုစသည်တို့မှာ အရောင်းအဝယ်နည်းသော်လည်း အမေးများကြောင်း သိရသည်။

**SN**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကလူဂျာ (၂၀၀၃) | G | ၃၄၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဟွန်ဒါဖစ်/ရှပ်တဲလ် (၂၀၁၂) | ယာယီ | ၂၆၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဟွန်ဒါဖစ်/ဂျီကေ (၂၀၁၃) | ယာယီ | ၂၅၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | နီဆန်း/ကတီယို (၂၀၁၂) | L | ၂၃၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ရက်တစ် (၂၀၁၁) | ယာယီ | ၂၀၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဝုရှ် (၂၀၁၁) | N | ၃၉၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ပရိုဘောက် (၂၀၁၂) | M | ၁၇၃ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ခရောင်းဆလွန်း (၂၀၀၄) | ယာယီ | ၄၅၅ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (၂၀ နှစ်) | | ၁၁၅ သိန်း | ကားကောင်း |

# တောင်ကြီးမြို့တွင် ထောပတ်စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် စီမံကိန်း စတင်ခြင်း အခမ်းအနား ကျင်းပ

တောင်ကြီးမြို့၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၂၉ ရက်က မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP) နှင့် ထောပတ်စိုက်တောင်သူများ တွေ့ဆုံ၍ ထောပတ်စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်စီမံကိန်းစတင်ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ဆီဆိုင်၊ ဟိုပုံး၊ ညောင်ရွှေ၊ တောင်ကြီး၊ ကျောက်တန်း၊ ဆိုက်ခေါင်၊ ဘုရားဖြူ၊ တောင်လေးလုံးဒေသများမှ ထောပတ်စိုက်တောင်သူများ တက်ရောက်ကြပါသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်နှင့် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်း၊ ရှမ်းပြည်နယ် သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးခင်အောင်တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ရှမ်းပြည်နယ် ထောပတ်စိုက်ပျိုးထုတ်လုပ်သူများအဖွဲ့မှ ဦးခွန်ထွန်းဦးက ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းခဲ့ရာ ဟိုပုံးမြို့နယ်သည် ထောပတ်သီး အများဆုံးစိုက်ပျိုးသော မြို့နယ်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်တွင် ထောပတ်စိုက်ဧက ၁၀၀၀၀ ကျော်ခန့်ရှိပြီဖြစ်ပါကြောင်း၊ ယခင်နှစ်က ထိုင်းနိုင်ငံသို့ ထောပတ်သီးတန်ချိန် ၁၇၀၀ တင်ပို့နိုင်ခဲ့ပါကြောင်း၊ ယခုနှစ် ဟိုပုံးမြို့နယ်ကျောက်တန်းမှ ထောပတ်မျိုးပင် လေးသိန်းဖြန့်ဖြူးရန် စီမံထားပါကြောင်း၊ အနီးအနားရှိ ရွာကြီး လေး၊ ငါးရွာမှ လက်ကြီးသမားသုံးဦး၏ အရောင်းအဝယ်ခန့်မှန်းစာရင်းအရပင် ငွေကျပ်သိန်းပေါင်း ၇၀၀၀ ကျော်ရှိပါကြောင်း၊ ပြီးခဲ့တဲ့နှစ်က ထိုင်းနိုင်ငံကုန်စည်ပြပွဲသို့ သွားရောက်ပြသခဲ့ရာ ထွက်ရှိသလောက်ကို ဝယ်ယူမည်ဟုပြောပါကြောင်း၊ ထောပတ်ဆီထုတ်လုပ်မည်ဟု သိရပါကြောင်း၊ လက်ရှိတွင် တရုတ်နိုင်ငံသို့ အမျိုးအစားခွဲပြီး ၁၅ တန်ပို့ထားပါကြောင်း၊ ထောပတ်သီးအရွယ်အစား ၂၅၀ မှ ၃၀၀ ဂရမ်ကို ပို့ရန်တောင်းဆိုရာတွင် မျိုးကွဲများစွာရှိ၍ တင်ပို့ရာတွင် အခက်အခဲဖြစ်ရပါကြောင်း၊ ထောပတ်မျိုး ၁၉၁ မျိုးထိရှိပါကြောင်း၊ ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံသို့ တစ်တန်လျှင် ကျပ် ၁၉ သိန်းဈေးဖြင့် နှစ်တန်တင်ပို့ခဲ့ပါကြောင်း၊ ဇုန်အလိုက် တစ်မျိုးတည်းသာ စိုက်ပျိုးရန်လိုအပ်ပါကြောင်း၊ မျိုးရွေးချယ်ပြီးပါက တောင်သူများ လက်ဝယ်သို့ ပို့ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားပါသည်။

ဆက်လက်၍ MFVP အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးက တောင်ပေါ်ဒေသများဖြစ်သော ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ထောပတ်စိုက်ပျိုးခြင်းဖြင့် ဒေသခံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန် အတွက် ထောပတ်စိုက်ပျိုးခြင်းစီမံကိန်းကို သုံးနှစ်အတွင်း စီမံ ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ဤစီမံကိန်းကို UKaid မှ ရန်ပုံငွေအကူအညီဖြင့် စီမံဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းမှာ ထောပတ်စိုက်ပျိုးတောင်သူများအား ကိုင်းကူးဆက်နည်းပညာများ၊ ပညာရှင်ဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်ပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ ခူးဆွတ်နည်း၊ ရိတ်သိမ်းသိုလှောင်နည်း၊ ထောပတ်သီးမှ စားသောက်ကုန်ထုတ်လုပ်ခြင်း၊ ဆပ်ပြာထုတ်လုပ်ခြင်း၊ ထောပတ်သီးအဆီထုတ်ခြင်း၊ အနှစ်ထုတ်ခြင်းများတို့ကို စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးသွားမှာဖြစ်ပါကြောင်း၊ ထုပ်ပိုးစက်ရုံများ ထူထောင်မှုကိုလည်း ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမှု အထောက်အကူအဖြစ် စက်ပစ္စည်းများလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ထောပတ်သီး အသီးဗီဇရရှိရေး မျိုးကအစ ဈေးကွက်ရောက်သည်အထိ MFVP မှ ထောပတ်အစုအဖွဲ့များ၊ ကုန်စည်ဒိုင်များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကိုလည်း သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

# ရေစကြိုမြို့ ရှစ်အိမ်တန်းကျေးရွာတွင် ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် ကြက်သွန်စိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးဦးသန်းဦး၊ ဦးဇော်မင်းဦးနှင့် ရေစကြိုမြို့နယ်တာဝန်ခံဦးမြတ်မင်းတို့ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၇ ရက်တွင် ရေစကြိုမြို့နယ် ရှစ်အိမ်တန်းကျေးရွာ၌ ကြက်သွန်စိုက်သောတောင်သူများနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် အသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ တောင်သူ ၄၃ ဦးတက်ရောက်ခဲ့ပါသည်။

ခရိုင်ဦးစီးမှူးဦးသန်းဦးက မိမိတို့လာရောက်ခြင်းသည် ပြည်တွင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပတ်သက်၍ ကြက်သွန်စိုက်တောင်သူများ မသိသေးသောအကြောင်းအရာများကို သိရှိရန် အသိပညာပေး လာရောက်ခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုဆိုတာ မိမိတို့စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများကို ပြည်တွင်းစားသုံးမှုပိုလျှံမှသာ ပြည်ပသို့တင်ပို့ရောင်းချခြင်း ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုနည်းသည့် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ အစရှိသည့် သီးနှံများကို အဓိကထား၍ တင်ပို့ခြင်းဖြစ်ကြောင်း၊ မတ်ပဲကို စိုက်ပျိုးရာတွင် နိုင်ငံခြားမှ လက်ခံနိုင်မည့် ပိုးသတ်ဆေးကြွင်း မရှိစေရန် ပိုးသတ်ဆေးနှင့်ပတ်သက်၍ သုံးစွဲမှုများ သိရှိလိုပါက စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ ကြက်သွန်နီနှင့်ပတ်သက်၍ ကြက်သွန်နီစိုက်ပျိုးရာတွင် ပျိုးထောင်သည်မှစ၍ ဥနုတ်သည်အထိ ပိုးသတ်ဆေး၊ ဟော်မုန်းဆေးများသုံးစွဲရာတွင် စနစ်တကျရှိရန် လိုအပ်ကြောင်း၊ ကြက်သွန်နီဖော်ပြီး တစ်ပတ်၊ ဆယ်ရက်ကြာမှ စားသုံးရန် ရောင်းချသင့်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း ဈေးကွက်၊ ဈေးနှုန်းသိရန် လိုအပ်ကြောင်း၊ ယခုနှစ်သီးနှံဈေးကောင်းရရင် အားလုံးလိုက်ပြီး စိုက်သည့်အတွက် အထွက်နှုန်းကောင်းအောင် ပိုးသတ်ဆေးများစွာ သုံးကြ၍ ဆေးကြွင်းဆေးကျန်များ ကျန်ရှိပြီး ဝယ်လိုအားမရှိဘဲ ဈေးကွက်ပျက်လျက်ရှိကြောင်း၊ ကြက်သွန်နီ စိုက်ရာတွင် မိမိစိုက်ခင်းမှ ထွက်သည့် ကြက်သွန်နီနှင့် အခြားစိုက်ခင်းထွက် ပစ္စည်းအရည်အသွေး ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်လိုအပ်ကြောင်း၊ လိုအပ်ပါက မိမိတို့ဌာနမှ အကူအညီပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ ကြက်သွန်နီစိုက်သည့် တိုင်းဒေသကြီးများမှာ မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတို့ဖြစ်ကြောင်း၊ မကွေးတိုင်းက ကြက်သွန်အထွက်နှုန်းပိုများသည့်အတွက် မြန်မာနိုင်ငံအရှေ့၊ အနောက်၊ တောင်၊ မြောက်အနှံ့ရောင်းဝယ်ဖောက်ကားခြင်းအပြင် ပြည်ပသို့လည်းတင်ပို့လျက်ရှိကြောင်း၊ နှစ်ရှည်ပင်ဖြစ်သည့် လျှော်ဖြူပင်သည် မိုးရေချိန် ၃၀ လက်မနှင့် ၄၀ လက်မရရှိပါက စိုက်ပျိုးနိုင်ကြောင်း၊ မိမိဒေသရှိ မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုး၍ ငါးနှစ်သာ ဂရုတစိုက်ပြုစုပါက အစေး ထုတ်ယူ၍ရပြီး အနှစ် ၄၀ ထိထုတ်ယူ နိုင်သည့် နှစ်ရှည်ပင်မျိုးဖြစ်သောကြောင့် စိုက်ပျိုးစေချင်ကြောင်း၊ ကြယ်ပဲကိုလည်း ပြည်ပသို့တင်ပို့ ရောင်းချနိုင်ရန်အတွက် စိုက်ပျိုးစေလိုကြောင်း၊ မျိုးစေ့အသစ်များ ပြောင်းလဲစိုက်ပျိုးရန် မျိုးကောင်းမျိုးသန့်နှင့် အထွက်ကောင်းသည့်မျိုးလိုအပ်ပါက ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ FDA ထောက်ခံချက်မရှိသော ရေသန့်လုပ်ငန်း ၂၄ ခုအား အရေးယူဆောင်ရွက်ထား

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ရေသန့်လုပ်ငန်း ၂၄ ခုအား ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ FDA ၏ထောက်ခံချက်မရှိဘဲ ထုတ်လုပ်နေသည်ကို စစ်ဆေးတွေ့ရှိရ၍ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်းအား တားမြစ်ကာ ယာယီပိတ်သိမ်းရန် ညွှန်ကြားထားကြောင်း ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA မှ သိရသည်။

လုပ်ငန်းများရပ်နားထားစဉ် FDA ထောက်ခံချက်လျှောက်ထားနိုင်ပြီး သတ်မှတ်ထားသော အရည်အသွေးပြည့်မီ၍ ထောက်ခံချက်ရရှိမှသာ ရေသန့်လုပ်ငန်း ဆက်လက်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ FDA ထောက်ခံချက်မရှိသည့် ရေသန့်လုပ်ငန်းများကို စစ်ဆေးအရေးယူမှုမှာ ပထမအဆင့်ဖြစ်ပြီး FDA ထောက်ခံချက်ရရှိပြီးပါက စက်ရုံများ၌ ကျန်းမာရေးဆိုင်ရာ အရည်အသွေးပြည့်ဝခြင်းရှိ မရှိ ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိမှာ ထောက်ခံချက်မဲ့ ရေသန့်တွေကို အရေးယူဆောင်ရွက်လျက်ရှိချိန်တွင် တစ်ဖက်မှာလည်း ထောက်ခံချက်ရှိသော ရေသန့်လုပ်ငန်းမှ နမူနာများကို ပုံမှန်ဈေးကွက်ထဲမှ နမူနာကောက်ယူ၍ စစ်ဆေးလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာပြည့်ဖြိုးက ပြောပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်း၊ အင်းအိုင်ပေါများသော်လည်း မြေအောက်ရေအများစုတွင် အာဆင်းနစ်များစွာပါဝင်ခြင်း၊ မြေအောက်ရေမရရှိခြင်းကြောင့် မြို့ပြနှင့်ကျေးလက်ဒေသအချို့တွင် သောက်ရေသန့်များကို ဝယ်ယူသုံးစွဲလျက်ရှိကြောင်း ဈေးကွက်မှသိရသည်။ **မင်းမင်းဦး(ပုသိမ်)**

# ဟသ်ာတမြို့ မြို့ပေါ်ရပ်ကွက်လေးခုမှ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့ဝင်များအား စားသုံးသူအကာအကွယ်ပေးရေး သင်တန်းပို့ချ

ဟသ်ာတခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကြည်ဟန်နှင့်အဖွဲ့သည် စက်တင်ဘာလ ၂၈ တွင် ဟသ်ာတမြို့ ညောင်ပင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ညောင်ပင်ရပ်ကွက်၊ တာငါးဆယ် တောင်ရပ်ကွက်၊ တာငါးဆယ်မြောက်ရပ်ကွက်နှင့် ပျဉ်းမချောင်းရပ်ကွက်တို့မှ ရပ်ကွက် စားသုံးသူရေးရာအဖွဲ့ဝင်များအား စားသုံးသူအကာအကွယ်ပေးရေး သင်တန်းဖွင့်လှစ်ပို့ချခဲ့ပါသည်။



အဆိုပါသင်တန်းတွင် ညောင်ပင်ရပ်ကွက်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးဦးကြည်ဟန်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့်တာဝန်များ၊ မိမိတို့ရပ်ကွက်အတွင်းတွင်စားသုံးသူများအား ထိခိုက်နစ်နာစေမည့် ကုန်စည်များထုတ်လုပ်၊ ဖြန့်ဖြူး၊ သိုလှောင်ရောင်းချခြင်းများရှိပါက မိမိတို့ခရိုင်ရုံး တွင်ဖွင့်လှစ်ထားသော စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာတွင် တိုင်ကြားနိုင်ကြောင်းနှင့် နောက်ပိုင်းတွင် ရပ်ကွက်အလိုက် စားသုံးသူ တိုင်ကြားစာ လက်ခံပုံးများထားရှိသွားမှာဖြစ်ကြောင်းနှင့် တက်ရောက်လာသူများ၏ သိရှိလိုသောအချက်များကို ပြန်လည်ဖြေကြားခဲ့ပါသည်။ အဆိုပါ ရပ်ကွက်လေးခုမှ စားသုံးသူရေးရာအဖွဲ့ဝင် ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**

---

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၉-၁၀-၂၀၁၇ မှ ၁၅-၁၀-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အိမ်မြေကိစ္စများနှင့်ပတ်သက်၍စီးပွားဖြစ်မည်။ လုပ်ငန်းတွင်းငွေကြေးများရရှိမည်။ ပညာရေး တိုးတက်အောင်မြင်မည်။ မိသားစုအတွင်း လူမှုရေးကိစ္စနှင့် ပတ်သက်၍ ဖြေရှင်းလုပ်ဆောင်ပေးရတတ်သည်။ ကျန်းမာရေးတွင် အကြိတ်အဖုနှင့် ပတ်သက်သော ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ ခရီးယာယီသွားလာနေရတတ်သည်။ **ယတြာ။ ကျောင်း၊ ဇရပ်တို့တွင်ရေစစ်လှူပေးပါ။**



**တနင်္လာသားသမီးများအတွက်** လူမှုရေးအသင်းအဖွဲ့များကြောင့် အခက်အခဲများ ကြုံဆုံရတတ်သည်။ ငွေကြေးလာဘ်လာဘများ ဝင်မည်။ စီးပွားရေးလုပ်ငန်းတွင် ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပတ်သက်ပြီး ငွေကြေးများရရှိလာတတ်ပါသည်။ ရေထွက်ပစ္စည်း၊ ရေလုပ်ငန်းနှင့်ပတ်သက်သော စီးပွားရေးများဖြစ်ထွန်းလာပါလိမ့်မည်။ ကျန်းမာရေးတွင် ချူချာနေမှုများရရှိနေတတ်ပါသည်။ ကျန်းမာရေးဆိုင်ရာ ဆေးဝါးအထောက်အကူများ ရရှိလာပါလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ လူမှုရေးကိစ္စများ တွေ့ကြုံရမည်။ **ယတြာ။ ။ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများလှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးအကြံအစည်များ အောင်မြင်မည်။ ညီအစ်ကိုမောင်နှမလုပ်ဖော်ကိုင်ဖက်များ၏ လူမှုရေးကိစ္စများဖြေရှင်းပေးရတတ်သည်။ လူမှုရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် ကောင်းကျိုးများရရှိစေမည်။ တစ်ပိုင်းတစ်စဖြစ်နေသော လုပ်ငန်းများပြီးပြတ်မည်။ ပညာရေးတွင် အညံ့ရှိနေမည်။ ဆရာသမားများ၏ ငြိုငြင်မှုကိုခံရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းမှုများနှင့်သာ ကြုံဆုံနေရတတ်သည်။ ကျန်းမာရေးဂရုစိုက်ခြင်းကြောင့် ကြီးမားသော ဝေဒနာ မခံစားရတတ်ပါ။ **ယတြာ။ ။ဘာသာရေးကျောင်းများတွင် ကြမ်းခင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လူမှုရေးကိစ္စများကြောင့် သောကပူပန်မှုများဖြစ်ပြီး မိမိအကြံအစည်များပျက်မည်။ လုပ်ငန်းများတွင် မတော်တဆထိခိုက်မှုများရှိတတ်သည်။ ငွေကြေးလာဘ်လာဘများ ဝင်ငွေကောင်းနေတတ်ပါသည်။ စာအုပ်စာပေ၊ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း အောင်မြင်မည်။ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ရမည်။ ပညာရေးလုပ်ငန်းများ အမှတ်မထင်လုပ်ကိုင်ရပြီး အကျိုးအမြတ်ရရှိမည်။ အချစ်ရေး၊ လူမှုရေး၊ ကျန်းမာရေးများ ကောင်းကျိုးဖြစ်စေမည့် ကာလဖြစ်သည်။

**ယတြာ။ ။ဘုရားစင်သန့်ရှင်းရေးလုပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** နိုင်ငံခြားခရီးသွားရမည်။ အကြံအစည်များ အောင်မြင်မည်။ စီးပွားရှာဖွေရာတွင် လုပ်ငန်းရှင်များမှ အကူအညီပေးမည်။ ငွေကြေးများရမည်။ လူမျိုးခြား၊ ဘာသာခြားနှင့် ပတ်သက်၍ ငွေကြေးလာဘ်လာဘများဝင်မည်။ ပညာရေး အထောက်အပံ့ရရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ပြည့်စုံမှုရှိနေမည်။ ကျန်းမာရေးကံကောင်းနေတတ်ပါသည်။

**ယတြာ။ ။တရားထိုင်စရာအနေကထိုင်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် မြင့်မြတ်သောပုဂ္ဂိုလ်တို့၏ ကူညီပံ့ပိုးမှုများရရှိမည်။ လက်မှုပညာပန်းထိမ်လုပ်ငန်းအောင်မြင်မှုရရှိတတ်သည်။ ဝင်ငွေ၊ ထွက်ငွေမျှနေသည့်ကာလဖြစ်နေတတ်သည်။ ပညာရေးတွင် တိုးတက်အောင်မြင်မှုဖြစ်ပေါ်လိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိသားစုများ အတိုက်အခံရှိမည်။ ကျန်းမာရေးတွင် အဆုတ်အအေးမိသော ရောဂါဝေဒနာရရှိ ခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။အများသွားလာသောနေရာများတွင် အမှိုက်ပုံး၊ ခြေသုတ်ခုံလှူပါ။**



**စနေသားသမီးများအတွက်** ပညာရှင်အဖွဲ့အစည်းများ၏ ကူညီဆောင်ရွက်လုပ်ကိုင်ပေးသော လုပ်ငန်းများမှ ငွေကြေးအလုံးအရင်းနှင့်ရရှိတတ်သည်။ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရမည်။ အခြေအရံလက်အောက်ငယ်သားမြောက်များစွာဖြင့် လုပ်ရသော ပုံနှိပ်လုပ်ငန်း၊ ဝပ်ရှော့လုပ်ငန်း၊ ပွဲရုံလုပ်ငန်းများ အကျိုးရှိလာနိုင်ပါသည်။ စာပေပညာ တတ်မြောက်မှုအားကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ပျော်ရွှင်မှုများရရှိနေမည်။ ကျန်းမာရေးတွင် အပူကြောင့်သော်လည်းကောင်း၊ အအေးကြောင့်သော်လည်းကောင်း မညီမျှသောခံစားချက်ကြောင့် ဥပဒ်ရှိတတ်ပါသည်။ **ယတြာ။ ။ အကိုက်အခဲပျောက်ဆေး၊ ဆေးပလာစတာ လှူပါ။**

## အူရီဒူးမှ တစ်မိနစ်ပြောလျှင် တစ်ကျပ်လှူမည့်အစီအစဉ် ဧရာဝတီတိုင်းဒေသကြီးတွင် ပြုလုပ်

အူရီဒူးဖုန်း အသုံးပြုသူအချင်းချင်း တစ်မိနစ်ဖုန်းပြောပြီးပါက တစ်ကျပ်လှူဒါန်းမည့် အစီအစဉ်ကို ဧရာဝတီတိုင်းဒေသကြီးတွင် ပြုလုပ်နေပြီဖြစ်ကြောင်း အူရီဒူးမြန်မာမှ သိရသည်။

အူရီဒူးမြန်မာမှ 'မိနစ်များများပြောလေ အူရီဒူးက များများလှူပေးလေ' လူမှုအကျိုးပြုအစီအစဉ်သစ်ကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် စက်တင်ဘာ ၂၀ ရက်မှစတင်ကာ သုံးလကြာပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက ကမ္ဘာမှာ စပါးစိုက်ပျိုးမှု အများဆုံးဒေသတွေထဲက ဒေသတစ်ခုဖြစ်ပါတယ်။ ဆန်စပါးကို မြစ်ကြောင်းက တစ်ဆင့် ကူးသန်းရောင်းဝယ်ကြသလို စားသောက်ကုန်၊ ရေနံ၊ ဝါဂွမ်းနဲ့ အခြားလူသုံးကုန်ပစ္စည်းတွေကိုလည်း မြစ်ကြောင်းကနေတစ်ဆင့် ကူးသန်းရောင်းဝယ်ကြပါတယ်။ ဒီဒေသရဲ့အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းက လယ်ယာလုပ်ငန်းနဲ့ တံငါလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါတယ်။ ဒီဒေသက လူတွေရဲ့ဘဝတွေ ကောင်းမွန်လာဖို့၊ ဒေသခံလူထုတွေကနေ သူတို့ရဲ့ လူ့အဖွဲ့အစည်းကို ပြန်လည် ပံ့ပိုးပေးနိုင်ဖို့ ဧရာဝတီတိုင်းဒေသကြီးမှာ ကျွန်တော်တို့ ဆောင်ရွက်တာဖြစ်ပါတယ်" ဟု အူရီဒူးမြန်မာ၏ Acting CEO Mr.Vikram Sinha က ပြောသည်။

အူရီဒူးဝန်ဆောင်မှု ရယူထားသူများအနေဖြင့် လှူဒါန်းမှုအစီအစဉ်အတွက် မည်သည့် အပိုဝန်ဆောင်ခမျိုးထပ်မံပေးစရာမလိုသည့်အပြင် ဖုန်းလက်ကျန်ငွေထဲမှပေးရန် (သို့မဟုတ်) အသုံးပြုခွင့်ထဲမှ ထုတ်နုတ်ပေးရန်လည်းမလိုအပ်ကြောင်း သိရသည်။

အူရီဒူးမြန်မာမှ 'မိနစ်များများပြောလေ အူရီဒူးက များများလှူပေးလေ' လူမှုအကျိုးပြုအစီအစဉ်၏ ပထမဒေသအဖြစ် မကွေးတိုင်းဒေသကြီး၊ ဒုတိယဒေသအဖြစ် ဧရာဝတီတိုင်းဒေသကြီးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

၂၀၁၃ခုနှစ်တွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ခွင့်ပြုချက်ရရှိခဲ့သော အူရီဒူးမြန်မာသည် ၂၀၁၄ ခုနှစ် ဩဂုတ်လမှစတင်ကာ ဆက်သွယ်ရေးဝန်ဆောင်မှုများကို စတင်ပေးအပ်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် သုံးစွဲသူများကို 3G/4Gဝန်ဆောင်မှုများ ပေးနေကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ဟင်္သာတမြို့တွင် မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်းဆွေးနွေးပွဲ ကျင်းပ



ဟင်္သာတမြို့တွင် မြို့နယ်အဆင့် သန်းခေါင်စာရင်း အချက်အလက်များ အသိပညာပေးခြင်း လုပ်ငန်းဆွေးနွေးပွဲကို စက်တင်ဘာလ ၂၉ ရက်တွင် ဟင်္သာတ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲသို့ လွှတ်တော် ကိုယ်စားလှယ်များ၊ ဟင်္သာတမြို့မ(၂၁) ရပ်ကွက်မှအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များ၊ NGO အဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် ဟင်္သာတမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်စား ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဟုန်သန်းက အဖွင့် အမှာစကားပြောကြားပြီး ဆွေးနွေးပွဲ ပထမနေ့အဖြစ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ၊ သန်းခေါင်စာရင်းနောက်ခံအကြောင်းအရာ၊ လူဦးရေဆိုင်ရာ အချက်အလက်များ၊ ကိုးကွယ်သည့် ဘာသာဆိုင်ရာ အချက်အလက်များ၊ ပညာရေးဆိုင်ရာ အချက်အလက်များ ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲ၏ ဒုတိယနေ့တွင် မသန်စွမ်းမှုအကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်း အကြောင်းအရာများ၊ ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစားများ ဆန်းစစ်လေ့လာ အကဲဖြတ်ခြင်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ဆွေးနွေးပွဲကို ဟင်္သာတခရိုင်အတွင်းရှိဇလွန်၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ လေးမျက်နှာမြို့နယ်များတွင်လည်း ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **မောင်မောင်မြတ်နိုင်**

## ဘိုကလေးမြို့ စည်ပင်သာယာဈေးအတွင်း ဈေးကွက်စောင့်ကြည့်လေ့လာ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

ဘိုကလေးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မြို့နယ်စည်ပင်ဈေးအရာရှိ ဒေါ်သန္တာဦးနှင့် ဈေးစားသုံးသူရေးရာ အဖွဲ့ဝင်များ ပူးပေါင်း၍ စက်တင်ဘာ ၂၁ ရက်တွင် မြို့မစည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးဆိုင်များ၌ FDA မှ တရားဝင်တားမြစ်ထားသည့် အစားအသောက်များနှင့် ဓာတုဆေးများပါသော အစားအသောက်များ ရောင်းချခြင်း မရှိစေရေး ကွင်းဆင်းစစ်ဆေးခဲ့ကြတယ်လို့ သိရပါတယ်။

ပူးပေါင်းအဖွဲ့အနေဖြင့် ကွင်းဆင်း ဆောင်ရွက်ရာတွင် မြို့မစည်ပင်သာယာဈေးကြီးရှိ ဈေးနှင့် ဈေးတန်းမှ ဆိုင်ရှစ်ဆိုင်အား စစ်ဆေးခဲ့ကြပြီး ကုန်စုံဆိုင်အချို့တွင် FDA မှ စားသုံးရန်မသင့် တားမြစ်ထားသည့် ဂျယ်လီနှင့် ဝေဖာ လုံးချောင်းများ ရောင်းချနေခြင်းအား တွေ့ရှိရ၍ ပူးပေါင်းအဖွဲ့အနေဖြင့် မျက်မြင်အရ စားသုံးရန် မသင့်၊ လုံခြုံ စိတ်ချရမှုမရှိဟု သုံးသပ်၍ ပြန်လည်သိမ်းဆည်းစေခဲ့ပြီး ရောင်းချခြင်းမပြုရန် တားမြစ်ခဲ့တယ်လို့ သိရပါတယ်။

ထို့နောက် ဘိုကလေးမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် အန္တရာယ်ရှိ အစားအသောက်များ အကြောင်းနှင့် (Rhodamine B, Auramine O) ခွင့်မပြုဆိုးဆေးများ၏ ဘေးဥပဒ်အန္တရာယ်များအကြောင်းကို အသိပညာပေး ဆွေးနွေးခဲ့ပြီး စားသုံးသူများအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် တားမြစ်ထားသည့် အစားအသောက်နှင့် ခွင့်မပြုဓာတ်ဆိုးပါ အစားအသောက်များ မရောင်းချရန်၊ လိုက်နာခြင်းမရှိက စားသုံးသူရေးရာဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မောင်ဇော် (ဘိုကလေး)**

# ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြည်တွင်းမှ အလုပ်အကိုင်များကို ပြန်လည်ရှာဖွေလာကြ

ပြည်ပရောက်မြန်မာနိုင်ငံသားများအနေဖြင့် ပြည်တွင်းမှအလုပ်အကိုင်များကို ပြန်လည်ရှာဖွေလာကြကြောင်း သိရသည်။

ယင်းကဲ့သို့အလုပ်အကိုင်ပြန်လည် ရှာဖွေနေသည့် ထိပ်တန်းဆယ်နိုင်ငံမှာ အိန္ဒိယ၊ စင်ကာပူ၊ အမေရိကန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဩစတေးလျ၊ ယူကေ၊ ဂျပန်နှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး အဆိုပါနိုင်ငံရောက် မြန်မာနိုင်ငံသားများမှ အလုပ်အကိုင်အများဆုံး ရှာဖွေနေကြကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်စပြုလာသော စီးပွားရေးအခြေအနေများနှင့်အတူ လူ့စွမ်းအားအရင်းအမြစ်ပိုင်းဆိုင်ရာကိစ္စများကို အလေးထားလုပ်ဆောင်လာသောကြောင့် ပြည်ပရှိ Professional များ ပြည်တွင်းသို့ပြန် လည်ဝင်ရောက်၍ အလုပ်အကိုင်များ ရှာဖွေလာခြင်းဖြစ်ကြောင်း JobNet.com.mm ၏ စစ်တမ်းအရ သိရသည်။

"အရင်က နိုင်ငံခြားမှာသွားလုပ်ခဲ့တယ်ဆိုတာက ပြည်တွင်းမှာတင် တိုးတက်အောင်လုပ်ဖို့ အခွင့်အလမ်းက မရှိခဲ့ဘူး။ အခုချိန်မှာတော့ မြန်မာနိုင်ငံမှာ အရင်ထက်စာရင် ရင်းနှီးမြှုပ်နှံသူတွေလည်း အများကြီးဝင်လာသလို အလုပ်အကိုင်တွေလည်း အများကြီးပေါ်ပေါက်လာတယ်။ တကယ်လုပ်နိုင်တဲ့သူတွေအတွက်လည်း နေရာတွေရှိလာတယ်။ နောက်ပြီး ပြည်တွင်းမှာပဲအများကြီး သင်ယူလို့ရလာသလို ကိုယ့်ကိုကိုယ် တိုးတက်အောင် လုပ်ဆောင်နိုင်မယ်ထင်လို့ ပြန်လာတာပါ" ဟု ပြည်ပနိုင်ငံမှ ပြန်လာသူ မသီတာက ပြောသည်။

မြန်မာနိုင်ငံရှိ ကုမ္ပဏီများ၏ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍအပေါ် အလေးထား ဆောင်ရွက်မှုများကြောင့် ပြည်တွင်းရှိကုမ္ပဏီများ အောင်မြင်မှုရရှိလာသလို အဆိုပါကုမ္ပဏီများတွင် လုပ်ကိုင်နေသူများအနေဖြင့်လည်း အနာဂတ်တွင် ပိုမိုတိုးတက်လာနိုင်သည်ဟု ယုံကြည်လာကြကြောင်း သိရသည်။

ဒါ့အပြင် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများ၏ လူ့စွမ်းအားအရင်းအမြစ်ကို အလေးထားမှု၊ လုပ်ငန်းခွင်အနေအထားနှင့် အလုပ်သမားအခွင့်အရေး လေးစားလိုက်နာမှုတို့ကို ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်မှ ဒိုင်ချုပ်အဖြစ် ဆောင်ရွက်၍ ပြည်တွင်း၊ ပြည်ပ ဒိုင်လူကြီး ၁၁ ဦးတို့မှ ဆုံးဖြတ် ဆုပေးအပ်မည့် Myanmar Employer Award ကိုလည်း JobNet.com.mm က ဦးဆောင်ကျင်းပရန် စီစဉ်နေကြောင်း သိရသည်။

# ပြည်တွင်းမှ ၁၀ တန်းပြီးဆုံးသော ကျောင်းသားများအနေဖြင့် အမေရိကန် Webster တက္ကသိုလ်၏ ပညာသင်ဆုများကို လျှောက်ထားနိုင်

ပြည်တွင်းမှ တက္ကသိုလ်ဝင်တန်းပြီးဆုံးသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အမေရိကန် Webster တက္ကသိုလ်၏ ပညာသင်ဆုများကို လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာသင်ဆုများကို GCE 'O' Level, IGCSE နှင့် ၁၀ တန်းပြီးဆုံးသော ကျောင်းသားတိုင်း လျှောက်ထားနိုင်ပြီး ရာနှုန်းပြည့်၊ ၅၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်းနှင့် 30 Asian Bursary အစရှိသည့် ပညာသင်ဆုများကိုလျှောက်ထားနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ တိုက်ရိုက်ကျောင်းခွဲ တစ်ခုဖြစ်သည့် Webster တက္ကသိုလ်မှာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် Campus နှစ်ခုဖြင့် ရပ်တည်လျက်ရှိပြီး အဆိုပါ တက္ကသိုလ်တွင် ဘွဲ့ဒီဂရီနှင့် ဘွဲ့လွန်တန်းများအတွက် ပညာသင်ဆုနှင့်အတူ လုပ်ငန်းခွင်အတွေ့အကြုံများအတွက်ကိုပါ ပူးတွဲသင်ယူနိုင်မည့် အခွင့်အလမ်းများလည်းရှိကြောင်း သိရသည်။

ဒါ့အပြင် Main Campus အပါအဝင် ကျောင်းခွဲ Capus ၈ ခုဖြစ်သော အမေရိကန်၊ ယူကေ၊ ဆွစ်ဇာလန်၊ ဩစတြီးယား၊ နယ်သာလန်၊ တရုတ်၊ ဂရိ၊ ဂါနာ နိုင်ငံတို့သို့ သွားရောက် သင်ကြားလိုပါကလည်း အသွား၊ အပြန် လေယာဉ် လက်မှတ်အခမဲ့ အပြင် Thailand Campus တွင် သင်ကြားနေသော ကျောင်းလခဖြင့် ပညာသင်နှစ်ဝက် (သို့မဟုတ်) ပညာသင်တစ်နှစ်တာ သွားရောက် သင်ကြားနိုင်ကြောင်း သိရသည်။

အဆိုပါပညာသင်ဆုကို ၁၀ တန်းပြီးဆုံးသူများမှစရွေး မည်သူမဆို ရမှတ်အလိုက်လျှောက်ထားနိုင်ပြီး ကုန်ကျစရိတ်သက်သာစွာဖြင့် Double Major များကိုသင်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

လျှောက်ထားလိုသူများ အနေဖြင့် Webster တက္ကသိုလ်မှ တိုက်ရိုက်အသိအမှတ်ပြုထားသည့် Myanmar Search International (MSI) နိုင်ငံခြားပညာရေးဝန်ဆောင်မှုအေဂျင်စီတွင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

# ရန်ကုန်မြို့တွင်းရှိ အဝေးပြေးကားဂိတ်များသို့ သွားရာလမ်းများ၌ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေ

သီတင်းကျွတ်ပိတ်ရက်အတွင်း မွေးရပ်မြေပြန်မည့်သူများ များပြားနေသည့်အတွက် အဝေးပြေးဂိတ်များသို့ သွားရာလမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေကြောင်း သိရသည်။

ယင်းကဲ့သို့ ယာဉ်ကြောပိတ်ဆို့ရခြင်းမှာ မနေ့ကမနက်ကတည်းက ဖြစ်ပေါ်နေခြင်းဖြစ်ပြီး အဝေးပြေးဂိတ်များသို့သွားရာလမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

"နယ်က မိဘဆီပြန်မှာမို့လို့ မနက် ၇ နာရီလောက်ထဲက သမိုင်းကနေထွက်တာ ၁၀ နာရီထိုးတဲ့အထိ လှိုင်သာယာအဝေးပြေးဂိတ်ကို မဖြတ်နိုင်သေးဘူး။ ကားလမ်းပိတ်တာက အရင်နှစ်တွေထက်ဆိုးတယ်"ဟု ဧရာဝတီတိုင်း၊ ကျုံပျော်မြို့ကိုပြန်မည့် အသက် ၃၀ အရွယ် ကိုကျော်က ပြောသည်။

ယာဉ်လမ်းကြောင်း ပိတ်ဆို့မှုများ ဖြစ်ပေါ်နေသည့်အတွက် အဝေးပြေး ယာဉ်လိုင်းများအနေဖြင့်လည်း အနည်းငယ် စောင့်ဆိုင်းမှုများ ပြုလုပ်ပေးကြကြောင်း သိရသည်။

"ဒီနှစ်လမ်းပိတ်တာကတော့ အရင်နှစ်တွေထက် ဆိုးတယ်။ ကျွန်တော်တို့ ကယ်ရီသမားတွေလည်း လမ်းကြားတွေထဲကနေ ရှောင်မောင်းရတယ်။ အဲဒီလိုမှ မမောင်းဘဲ လမ်းမကြီးအတိုင်း သွားမယ်ဆိုရင် ခရီးသည်တွေ ကားမီမှာတောင်မဟုတ်ဘူး။ ဒီလိုအခါကြီး ရက်ကြီးမှာတော့ ကယ်ရီခတွေက ပုံမှန်ထက် စျေးတက်တယ်။ ကျွန်တော်တို့လည်း ဒီအချိန်လေးပဲ မြိုးမြိုးမြက်မြက် ရတာပါ။ တစ်နေ့ကို သုံးသောင်းလောက်တော့ ရတယ်"ဟု မြောက်ဥက္ကလာမှ အောင်မင်္ဂလာအဝေးပြေးဝင်းအထိ ဆိုင်ကယ်ကယ်ရီဆွဲသူ ကိုဖြိုးက ပြောသည်။

ယခုနှစ် သီတင်းကျွတ်ပိတ်ရက်တွင် မွေးရပ်ဇာတိပြန်သည့်သူများအပြင် အပန်းဖြေခရီးသွားသူများလည်း ရှိသည့်အတွက် ယာဉ်သွားလာမှုများပြား၍ ယာဉ်လမ်းကြောင်း ပိတ်ဆို့မှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ယာဉ်လမ်းကြောင်း ပိတ်ဆို့ခြင်းမှာ သီတင်းကျွတ်လပြည့်နေ့အထိဖြစ်ပေါ်နိုင်ကြောင်း ဆိုင်ကယ်ကယ်ရီသမားတချို့က သုံးသပ်ပြောသည်။

# သီတင်းကျွတ်ကာလအတွင်း မွေးရပ်မြေပြန်မည့်သူ အယောက်တစ်ထောင်အား အိုဗာတင်းမှ ပို့ဆောင်ပေးခဲ့



သီတင်းကျွတ်ကာလအတွင်း မွေးရပ်မြေသို့ပြန်မည့် ကံထူးရှင် တစ်ထောင်ဦးအတွက် ရန်ကုန်မြို့မှ ထွက်ခွာခြင်း အခမ်းအနားကို အောင်မင်္ဂလာ အဝေးပြေးကားဂိတ်တွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားမှာ 'အိုဗာတင်းရဲ့ မေတ္တာလက်ဆောင် ဝါကျွတ်အိမ်ပြန်ခရီးစဉ်' အစီအစဉ်အရ ဇာတိမြေသို့ ပြန်မည့်သူများအတွက် အခမဲ့ အိမ်ပြန်ခရီးစဉ်နှင့် ပိတ်ရက်အပြီး ရန်ကုန်အပြန်ခရီးစဉ်တို့ကို စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။

အိုဗာတင်း၏ ဝါကျွတ်အိမ်ပြန်ခရီးစဉ်တွင် ပါဝင်သူကိုထွဋ်ခေါင်က "ကျွန်တော်က မန္တလေးကို ပြန်မှာပါ။ မပြန်ဖြစ်တာလည်း တော်တော်ကြာပါပြီ။ အခုလည်း အိုဗာတင်းက လုပ်တဲ့ အစီအစဉ်နဲ့ ကြုံတာနဲ့ ဝင်ပြီးကံစမ်းရင်း အခွင့်အရေးရခဲ့တာပါ။ အိုဗာတင်းကပေးတဲ့ အခွင့်အရေးကိုသုံးပြီး သီတင်းကျွတ်မှာ မိသားစုနဲ့အတူ ဖြတ်သန်းသွားမှာပါ"ဟု ပြောသည်။

အဆိုပါပွဲတွင် အိုဗာတင်းမြန်မာ၏ Consumer Marketing Manager Mr. Win Suthirachartkul က လိုက်ပါပို့ဆောင်ပေးမည့် မော်တော်ယာဉ်မှူးများအား ကားသော့အပ်နှံခဲ့ပြီး ကံထူးရှင်များအတွက် နံနက်စာနှင့် အိုဗာတင်းတို့ကို တိုက်ကျွေးခဲ့သည်။

ရန်ကုန်အပြန်ခရီးစဉ်အတွက် ကားလက်မှတ်ကိုလည်း အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်နေ့များတွင် စီစဉ်ပေးထားပြီး ကံထူးရှင်များအနေဖြင့် မိမိအဆင်ပြေမည့်နေ့ကို ရွေးချယ်လိုက်ပါနိုင်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အတွက် စက်တင်ဘာလ ၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့ရှိ ရှော့ပင်းမောလ်များတွင် အိုဗာတင်းထုတ်ကုန်များ ဝယ်ရန်မလိုဘဲ အခမဲ့ကံစမ်းခွင့်များ စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။

# MEGA Expo 2017 ပြပွဲကို အောက်တိုဘာလ ၅ ရက်နေ့တွင် ကျင်းပမည်

အိမ်ခြံမြေနှင့် လူ့အသုံးအဆောင်ပစ္စည်းအရောင်းပြပွဲ-၂၀၁၇ ကို ယခုလ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းပေါ်ရှိ တပ်မတော် ခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို House.com.mm နှင့် Creation Strength ကုမ္ပဏီတို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ထားသည့် အိမ်ရာတိုက်ခန်းများ၊ အိမ်ရာနှင့် ပတ်သတ်သည့် အသုံးအဆောင်ပစ္စည်းများကို ပြသရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

ဒါ့အပြင် လူ့အသုံးအဆောင်ဆိုင်ရာ ပစ္စည်းပြခန်းများ၊ ကားပြပွဲနှင့် အခြားသော စိတ်ဝင်စားစရာပြခန်းများ ပါဝင်မည်ဖြစ်ကြောင်းလည်း သိရသည်။

လာရောက် လေ့လာသူများအတွက် လည်း စိတ်ဝင်စားစရာကောင်းသည့် Lucky Draw များ မဲဖောက်ပေးမည့် အစီအစဉ်ရှိကြောင်း သိရသည်။

ပြပွဲတွင် Ywar Taw International Trading Co.,Ltd. မှ KDK အမှတ်တံဆိပ်များကို အထူးပရိုမိုးရှင်း ပေးသွားမည်ဖြစ်ပြီး KDK အမှတ်တံဆိပ် Fan အမျိုးအစား အစုံအလင်ကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ချောစု စုစည်းတင်ပြသည်။

Vol: 17, No.39 Monday October 9 2017

# ရိုးမဘဏ်အိမ်ရာချေးငွေဖြင့် Golden City အဆင့်မြင့်ကွန်ဒိုအိမ်ခန်းများ ဝယ်ယူနိုင်

ရိုးမဘဏ်အိမ်ရာ ချေးငွေဖြင့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိ Golden City အဆင့်မြင့်ကွန်ဒိုတွင် အိမ်ခန်းများ စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။




Golden City အဆင့်မြင့်ကွန်ဒိုကို တာဝန်ယူ တည်ဆောက်နေသည့် Golden Land Real Estate Development ကုမ္ပဏီနှင့် ရိုးမဘဏ်တို့ပူးပေါင်း၍ ၁၅ နှစ်အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူလိုသူများအနေဖြင့် ဝယ်ယူမည့် အခန်းတန်ဖိုး စုစုပေါင်းကျသင့်ငွေ၏ ၇၀ ရာခိုင်နှုန်းအထိ ချေးငွေလျှောက်ထားကာ ကွန်ဒိုအိမ်ခန်းဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

"Golden City အနေနဲ့ ရိုးမဘဏ်ရဲ့ အိမ်ရာချေးငွေအစီအစဉ်နဲ့ ပထမဦးဆုံး အခန်း ၃၀ ကို ရောင်းချသွားမှာဖြစ်ပါတယ်။ Golden City အဆင့်မြင့်ကွန်ဒိုတိုက်ခန်းကို ရိုးမဘဏ်အိမ်ရာချေးငွေနဲ့ ဝယ်ယူမယ်ဆိုရင် တကယ့်ပေးရမယ့်အတိုးနှုန်းဟာ တစ်နှစ်ကို ၁ ဒသမ ၅ ရာခိုင်နှုန်းလောက်ပဲ ပေးရမယ့် အနေအထားထိကို လျှော့ဈေးအထူးပရိုမိုး ရှင်းပေးသွားမှာဖြစ်ပါတယ်" ဟု Golden Land Real Estate Development ကုမ္ပဏီ၏ ဥက္ကဋ္ဌ Mr. Zhu Xiao Lin က ပြောသည်။

Golden City အဆင့်မြင့်ကွန်ဒို၏ အိပ်ခန်းတစ်ခန်းပါ တိုက်ခန်း (၅၁၇ စတုရန်းပေ)အတွက် အမေရိကန်ဒေါ်လာ တစ်သိန်းခွဲမှ အိပ်ခန်းလေးခန်းပါ တိုက်ခန်း (၁၉၈၀ စတုရန်းပေ) အတွက် အမေရိကန်ဒေါ်လာ ခြောက်သိန်းအထိ တန်ဖိုးရှိကြောင်း သိရသည်။

"ရိုးမဘဏ်အနေနဲ့ အခုလို Golden City နဲ့လက်တွဲပြီး ရိုးမဘဏ်အိမ်ရာချေးငွေအစီအစဉ်ကို တင်ပြခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။Golden City အိမ်ရာကို ဝယ်မယ့်သူတွေလည်း ရိုးမဘဏ်ကအဆင်ပြေလွယ်ကူပြီး လိုက်လျောညီထွေရှိတဲ့ ငွေပေးဆပ်မှုပုံစံတွေကို ထားရှိပေးလို့ ကျေနပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ရိုးမဘဏ်၏ Chief Performance Officer ဖြစ်သူ Mr.Murray Mac Dougall က ပြောသည်။

Golden City အဆင့်မြင့်ကွန်ဒို အိမ်ရာစီမံကိန်းကို အမေရိကန်ဒေါ်လာ သန်း ၂၉၀ ရင်းနှီးမြုပ်နှံပြီး ၂၀၁၄ ခုနှစ်၊ မတ်လကစတင်ခဲ့ကာ ကမ္ဘာ့အဆင့်မီ ဗိသုကာမြောက် လူနေအဆောက်အအုံဒီဇိုင်းအပြင် ရေကူးကန်တစ်ခု၊ အားကစားခန်းမတစ်ခုနှင့် ကလေးကစားကွင်းတစ်ခု အပါအဝင် အခြားသော အဆင့်မြင့်ဝန်ဆောင်မှုများ ပါဝင်ကြောင်း သိရသည်။

# စာတိုက်များ၌ ငွေစုဆောင်းခြင်းစနစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား

စာတိုက်များတွင် ငွေစုဆောင်းခြင်းလုပ်ငန်း (Postal Saving) ကို နိုင်ငံတွင်းရှိ စာတိုက်များတွင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်ကပြောကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၈ ရက်က နေပြည်တော်ရှိ မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်)၌ ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှ ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

"စာတိုက်များတွင် သမားရိုးကျကို ကျော်လွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Financial Services များ၊ Online Shopping များအား ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ စာတိုက်လုပ်ငန်းသည် Community Center များဖြစ်ရန် ဆောင်ရွက်နိုင်ကြောင်း၊ သုံးစွဲသူပြည်သူမှလည်း စာတိုက်လုပ်ငန်းအား ယုံကြည်စွာသုံးစွဲလာရန် အတွက် ဆောင်ရွက်နိုင်မှသာ တိုးတက်လာမည် ဖြစ်ကြောင်း၊ Postal Saving လုပ်ငန်းအားလည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း"ဟု ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောကြားသည်။

Postal Saving လုပ်ငန်းဆိုသည်မှာ ဘဏ်စနစ်ဖြင့် မရင်းနှီးသော ဝင်ငွေနည်းပြည်သူများအတွက် လုံခြုံစိတ်ချစွာဖြင့် ငွေစုဆောင်းနိုင်သော လုပ်ငန်းအမျိုးအစားတစ်ခုဖြစ်ပြီး ငွေစုဆောင်းခြင်းအလေ့အထကို မြှင့်တင်နိုင်ရန် စာတိုက်အပါအဝင် ဘဏ်လုပ်ငန်းအမြောက်အမြားကို နိုင်ငံတကာတွင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

# ဖရဲ၊သခွါးသီးနှံ အမျိုးသားအဆင့် စံချိန်စံညွှန်းသတ်မှတ်နိုင်ရေး သစ်သီးဝလံအသင်း ဆောင်ရွက်

ဖရဲ၊သခွါးသီးနှံအတွက် အမျိုးသားအဆင့် စံချိန်စံညွှန်းသတ်မှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

"အမျိုးသား စံချိန်စံညွှန်းကော်မတီနဲ့ ညှိထားပြီးတော့ ဦးတို့ကစပြီးတော့ ဖရဲသခွားကို စံချိန်စံညွှန်းရေးဆွဲဖို့ပြင်ဆင်နေပြီ။ မူဆယ်မှာ ဝယ်တဲ့သူတွေနဲ့ ရောင်းတဲ့တောင်သူတွေ၊ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူအသင်းသားများ အားလုံး စံချိန်စံညွှန်းနဲ့ပတ်သက်ပြီး ဆွေးနွေးပြီးတော့ ဝယ်သူဘက်က ဘာတွေလိုချင်လဲဆိုတာတွေကို သွားမေးထားတယ်။ ရောင်းတဲ့သူဘက်က လိုအပ်ချက်တွေ၊ အားလုံးတွေ့ဆုံပြီးတော့ စံချိန်စံညွှန်းအတွက်ကို ပြင်ဆင်ပြီးပြီ။ အဲဒါကို အမျိုးသားစံချိန်စံညွှန်း ကော်မတီကိုတင်ပြပြီးတော့ နိုင်ငံတော်ကနေ သတ်မှတ်တဲ့ စံချိန်စံညွှန်း ဖြစ်လာအောင် ဆောင်ရွက်နေပါတယ်" ဟု မြန်မာနိုင်ငံသစ်သီးဝလံပန်းမန် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောသည်။ စံချိန်စံညွှန်းရေးဆွဲရခြင်း ရည်ရွယ်ချက်မှာ ရောင်းသူနှင့်ဝယ်သူအကြား ကုန်ပစ္စည်းနှင့်ပတ်သက်၍ အငြင်းပွားမှုများလျှော့ချရန်၊ ထုတ်ကုန်ပစ္စည်းများ၏ပိုမိုတန်ဖိုးမြှင့်၍ဈေးကောင်းရရှိစေရန် စသည်တို့ဖြစ်ကြောင်းသိရသည်။

"ဖရဲကတော့ ဈေးလည်းကောင်းသလို အရောင်းအဝယ်လည်း ကောင်းနေပါတယ်။ လက်ရှိ ဖရဲမိုးသီးနှံအနေအထားနဲ့ဆိုရင် ဈေးမဆိုးဘူးလို့ ပြောလို့ရပါတယ်။ ခါတိုင်းမိုးသီးကဒီလောက်ဈေးမရဘူး။ ကုန်ကျစရိတ်နည်းပေမယ့် ဈေးရနေလို့ မဆိုးဘူးလို့ ပြောလို့ရပါတယ်"ဟု တရုတ်နိုင်ငံသို့ ဖရဲတင်ပို့ရောင်းချနေသူတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံတွင် သစ်သီးဝလံပန်းမန် အမျိုးအစားပေါင်း ၇၀ ကျော်ရှိပြီး ပြည်ပသို့တင်ပို့နေသည်မှာ ၂၅ မျိုးခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းကို ၂၀၀၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီး နှင့် ပြည်နယ် ၁၀ ခုတွင် အသင်းခွဲများကို ဖွဲ့စည်းတည်ထောင်ထားသည်။

# အခွန်တံဆိပ်မကပ်ခြင်းနှင့် တရားမဝင် တင်သွင်းသည့် အဖျော်ယမကာ၊ စီးကရက်များ ရှာဖွေအရေးယူမည်

အခွန်အမှတ်တံဆိပ် မကပ်ထားသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းလာသော ဘီယာအမျိုးမျိုးတို့အား ဈေးကွက်အတွင်းမှ ရှာဖွေသိမ်းဆည်းအရေးယူသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သတင်းရရှိသည်။

အထူးကုန်စည်ခွန်ဥပဒေအရ အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးတို့အား အထူးကုန်စည်အဖြစ်သတ်မှတ်ထားပြီး အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီးမှသာရောင်းချရန် ညွှန်ကြားထားကြောင်း၊ သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းလာသော ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချကြောင်း စစ်ဆေးတွေ့ရှိရပါက အထူးကုန်စည်ခွန်ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သိမ်းဆည်းခံရသည့် အထူးကုန်စည်ကို လက်ဝယ်ထားရှိရောင်းချပါက အထူးကုန်စည် တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ငွေ အဖြစ် ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသော အထူးကုန်စည်များသည် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်ဖြစ်ပါက အဆိုပါကုန်စည်ထုတ်လုပ်သူမှ ယင်းအထူးကုန်စည်တန်ဖိုး၏ ၅၀ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင် တင်သွင်းလာသော ဘီယာအမျိုးမျိုးတို့ကို ရှာဖွေသိမ်းဆည်းရန် ဈေးကွက်အတွင်း ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းအား အထူးကုန်စည်ခွန်ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝယ်ယူရောင်းချခြင်းမပြုရန် ကြေညာထားကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းတင်ပြသည်။

# ကိုကာကိုလာမှ သီတင်းကျွတ် အထူးအချိုရည်ဗူးပုံစံသစ်များ ထုတ်လုပ်

ရင်းနှီးမှုကို ဖော်ကျူးပေးနိုင်မည့် မြန်မာနာမည် ၁၂ လုံးကို ရိုက်နှိပ်ထားသည့် သီတင်းကျွတ် အထူးအချိုရည်ဗူးပုံစံသစ်များကို ထုတ်လုပ်ရောင်းချနေကြောင်း ကိုကာကိုလာမြန်မာကုမ္ပဏီမှ သတင်းရရှိသည်။

'မေမေ၊ ဖေဖေ၊ ဖိုးဖိုး၊ ဖွားဖွား၊ ကိုကြီး၊ မမ၊ ဦးဦး၊ ဒေါ်ဒေါ်၊ သူငယ်ချင်း၊ အချစ်ဆုံး၊ ဆရာ၊ ဆရာမ' အစရှိသဖြင့် ရင်းနှီးမှုကို ဖော်ပြပေးနိုင်သော မြန်မာနာမည် ၁၂လုံးကို အချိုရည်ဗူးများတွင် သီတင်းကျွတ်ကာလအတွင်း အထူးရိုက်နှိပ်ဖော်ပြသွားမည်ဟု သိရသည်။

"ရင်းနှီးမှုကိုဖော်ပြပေးမယ့် ကိုကာကိုလာဗူးတွေကို ကိုယ့်ရဲ့မိဘ၊ အစ်ကို၊ မောင်နှမ၊ ဆရာတွေကို လက်ဆောင်ပေးခြင်းဖြင့် ချစ်ခြင်းမေတ္တာကို ဖော်ပြနိုင်ပါတယ်။ မြန်မာလူမျိုးတွေဟာ သူတို့ရဲ့ ချစ်မြတ်နိုးရသူတွေကို ရင်ထဲကပါ ဂရုစိုက်တန်ဖိုးထားလေ့ရှိတဲ့အတွက် မိသားစု၊ သူငယ်ချင်း၊ မိတ်ဆွေတွေနဲ့ နီးနီးကပ်ကပ်နဲ့ အချစ်ခံရတဲ့ ခံစားချက်လေးကို ပေးစွမ်းနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလိုအချိုရည်ဗူးသစ်လေးတွေ ထုတ်လုပ်ရခြင်းဖြစ်ပါတယ် "ဟု Coca-Cola Myanmar ၏ Marketing Director ဖြစ်သူ Mr. Akira Nopakunkajorn က ပြောသည်။

အဆိုပါနာမည်များပါဝင်သော ကိုကာကိုလာနှင့် Max+ တို့၏ 600 ml နှင့် 1.5ml PET အချိုရည်ဗူးများကို မြန်မာနိုင်ငံတစ်ဝန်းမှ စူပါမားကတ်နှင့် ကုန်စုံဆိုင်များတွင် စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

၂၀၁၇ခုနှစ် ဇူလိုင်လက ' Coke ကို မျှဝေလိုက်ပါ ' ကမ်ပိန်းနှင့်အတူ မျိုး၊ အောင် အစရှိသော မြန်မာလူမျိုးများ အမှည့်အများဆုံး နာမည် ၁၀၀ ကျော်ပါဝင်သည့် ကိုကာကိုလာအချို ရည်ဗူးများကို စတင်မိတ်ဆက်ခဲ့ကြောင်းသိရသည်။



## မြို့ကြီးများ၏ ၉-၁၀-၂၀၁၇ မှ ၁၃-၁၀-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၉-၁၀-၂၀၁၇) | အင်္ဂါ(၁၀-၁၀-၂၀၁၇) | ဗုဒ္ဓဟူး(၁၁-၁၀-၂၀၁၇) | ကြာသပတေး(၁၂-၁၀-၂၀၁၇) | သောကြာ(၁၃-၁၀-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၄၀% ၃၃°C/၉၁°F | ၇၀% ၃၃°C/၉၂°F | ၆၀% ၃၃°C/၉၁°F | ၅၀% ၃၂°C/၈၉°F | ၆၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၉၀°F | ၃၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၇°F |
| မန္တလေးမြို့ | ၄၀% ၃၃°C/၉၁°F | ၇၀% ၂၈°C/၈၂°F | ၅၀% ၃၂°C/၉၁°F | နေသာ ၃၂°C/၉၀°F | ၅၀% ၃၁°C/၈၈°F |
| မြစ်ကြီးနား | ၄၀% ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | ၄၀% ၃၂°C/၉၀°F | ၃၀% ၃၁°C/၈၈°F | ၅၀% ၂၉°C/၈၅°F |
| လားရှိုး | ၅၀% ၂၉°C/၈၅°F | ၄၀% ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | ၄၀% ၂၈°C/၈၃°F | ၅၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၄၀% ၂၉°C/၈၅°F | ၃၀% ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၇°C/၈၁°F |
| လွိုင်ကော် | ၃၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၃°F | ၃၀% ၂၈°C/၈၂°F | ၃၀% ၂၈°C/၈၂°F | ၆၀% ၂၇°C/၈၀°F |
| တောင်ကြီး | နေသာ ၂၂°C/၇၁°F | နေသာ ၁၈°C/၆၅°F | နေသာ ၁၇°C/၆၃°F | နေသာ ၁၆°C/၆၁°F | နေသာ ၁၆°C/၆၁°F |
| မော်လမြိုင် | ၆၀% ၃၁°C/၈၈°F | ၃၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F | ၃၀% ၃၁°C/၈၇°F | ၆၀% ၃၀°C/၈၆°F |
| ဘားအံ | နေသာ ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | ၄၀% ၃၂°C/၈၉°F | ၃၀% ၃၂°C/၈၉°F |
| တောင်ငူ | ၆၀% ၃၃°C/၉၂°F | ၇၀% ၃၃°C/၉၂°F | ၆၀% ၃၂°C/၉၀°F | ၄၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၇°F |
| မုံရွာ | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၃°F | တိမ်အသင့်အတင့် ၃၃°C/၉၃°F | နေသာ ၃၃°C/၉၁°F | ၅၀% ၃၂°C/၈၉°F |
| ပုသိမ် | ၈၀% ၃၁°C/၈၈°F | ၇၀% ၃၂°C/၈၉°F | ၅၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F |
| မြိတ် | ၆၀% ၂၉°C/၈၅°F | ၇၀% ၃၁°C/၈၇°F | ၄၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F | ၄၀% ၂၉°C/၈၅°F |
| စစ်တွေ | ၅၀% ၃၁°C/၈၇°F | ၄၀% ၃၂°C/၈၉°F | ၃၀% ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | ၅၀% ၃၀°C/၈၆°F |
| မကွေး | ၃၀% ၃၂°C/၉၀°F | ၆၀% ၃၃°C/၉၁°F | ၃၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၈၉°F |
| ဖလမ်း | ၆၀% ၂၂°C/၇၁°F | ၇၀% ၂၃°C/၇၄°F | ၆၀% ၂၃°C/၇၄°F | ၆၀% ၂၃°C/၇၄°F | ၆၀% ၂၃°C/၇၃°F |



# ကမ္ဘောဒီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွား

ကမ္ဘောဒီးယားနိုင်ငံတွင် ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်ကတည်းက မိုးများ ဆက်တိုက်ရွာသွန်းခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံ Banteay Meanchey ပြည်နယ်နှင့် Malai ခရိုင်တို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း ခမာတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။ လာမည့် အောက်တိုဘာ ၉ ရက်အထိ မိုးများဆက်လက်ရွာသွန်း နိုင်သဖြင့် ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုကြောင့် လူသေဆုံးခြင်းနှင့် ဒဏ်ရာရရှိမှုများ မရှိခဲ့ကြောင်း၊ ရေလွှမ်းမိုးခံရသည့် ဒေသများမှ ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားပြီးဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်ပေါင်း ၂၀၀ ကျော်နှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများအား လုပ်ဆောင်လျက်ရှိကြောင်း Banteay Meanchey ပြည်နယ်မှ ရဲတပ်ဖွဲ့မှူး ဆစ်လို့စ်က ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ အခုလို ရေလွှမ်းမိုးမှုကြောင့် ပြည်သူတစ်ဦး တစ်ယောက်ကိုမှ ဒဏ်ရာရတာတို့၊ သေသွားတာတို့ အဖြစ်မခံနိုင်ပါဘူး။ အခုဆိုရင် မိသားစုပေါင်း ၁၀၀ ကျော်ကို ရေဘေးမှလွတ်ရာကို ပို့ဆောင်ပေးထားပါပြီ"ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

ရေအရင်းအမြစ်နှင့် မိုးလေဝသဌာနက ပြည်သူများအနေဖြင့် မြစ်ချောင်းများ၊ ကမ်းစပ်များ၊ တောင်ကြားများသို့ ခရီးသွားလာရာတွင် သတိပြု၍ သွားလာကြရန် တိုက်တွန်းထားသည်။

ထို့ပြင် ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများလဲပြိုကျခဲ့ရာ တောတွင်းခရီးထွက်ခွာသူများအနေဖြင့် သစ်ပင်ကြီးများအောက်တွင် ရွက်ဖျင်တဲများ ထိုး၍ နေထိုင်ခြင်းများအား ရှောင်ကြဉ်ကြရန် ဒေသဆိုင်ရာအာဏာပိုင်များက နှိုးဆော်ထားသည်။

ထို့ပြင် ဒေသခံပြည်သူများ၊ ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းနေသည့် အချိန်တွင် တောင်ကျရေများ ကျဆင်းနိုင်သဖြင့် သတိပြု၍ သွားလာကြရန်လည်း နှိုးဆော်ထားသည်။

မိုးရွာသွန်းမှုသည် လာမည့် အောက်တိုဘာလ ၁၀ ရက်အထိ ဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသ ဌာနက သတင်းထုတ်ပြန်ထားသည်။

**မယ်သီတာ**

# အာသံပြည်နယ်တွင် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်ပွား

အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်တွင် အောက်တိုဘာ ၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ အဆိုးရွားဆုံးရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ရေလွှမ်းမိုးမှုများကြောင့် ဒေသခံပြည်သူပေါင်း ရှစ်သောင်းနီးပါးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း NDTV သတင်းတွင် ဖော်ပြထားသည်။

အာသံပြည်နယ်၏ အရှေ့မြောက်ပိုင်းဒေသအများအပြားတွင် ယခုနှစ်အတွင်း ရေလွှမ်းမိုးမှုများ မကြာခဏဆိုသလို ဖြစ်ပွားလျက်ရှိရာ မြေဧရိယာ ၁၀၆ ဧကမှာ ရေများဖုံးလွှမ်းလျက်ရှိသည်ဟုဆိုသည်။

ရေလွှမ်းမိုးမှုကြောင့် တောရိုင်းတိရစ္ဆာန်နှင့် သားစားတိရစ္ဆာန်ပေါင်း ၁၆၀၀၀ ကျော်မှာ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုသည်အာသံပြည်နယ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများသို့ပါ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း၊ အနည်းဆုံး ကျေးရွာပေါင်း ၈၆ ရွာမှာ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရဆဲပင်ဖြစ်ကြောင်း၊ အာသံနှင့် မက်ဟာလာရာနယ်စပ်ဒေသများမှာ အဆိုးရွားဆုံး ရေလွှမ်းမိုးမှုကို ခံစားနေကြရကြောင်း အာသံပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင်များကပြောကြားခဲ့သည်။

ဂိုလ်လာပါးဒေသတွင် လူပေါင်း ၄၂၀၀၀ နီးပါးနှင့် တောင်ပိုင်း ဆယ်လ်မာရာဒေသတွင် လူပေါင်းသုံးသောင်းနီးပါး ရေလွှမ်းမိုးမှုကို ခံစားနေရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဒေသဆိုင်ရာ အာဏာပိုင်များအနေဖြင့် ကယ်ဆယ်ရေးစခန်းပေါင်း ၁၈ ခုကို ဖွင့်လှစ်ထားရှိရာ အဆိုပါ ကယ်ဆယ်ရေးစခန်းများတွင် လူပေါင်း တစ်သောင်းနီးပါး ရောက်ရှိနေသည်ဟုဆိုသည်။

ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသည့် ရေဘေးဒုက္ခသည် များအတွက် အစားအစာများ၊ သောက်ရေများ၊ ကလေးငယ်များအတွက် အစားအစာများ၊ တိရစ္ဆာန်အစာမြက်ခြောက် များ၊ ဆေးဝါးအကူအညီများကို ထောက်ပံ့ပေးရန် ဗဟိုအစိုးရသို့ တောင်းခံထားကြောင်း အာသံပြည်နယ် ဝန်ကြီးချုပ် ဆာဘာနန္ဒါဆိုနိုဝဲလ်က ပြောကြားခဲ့သည်။

**မယ်သီတာ**

# မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင်ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၇) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၁ ရက်တွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ပါသည်။

ပထမဦးစွာ မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စားမော်လမြိုင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိဦးပြည့်ဖြိုးအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မော်လမြိုင်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဒေါ်ခင်နွဲ့မူဆွေဦးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ ၂၀၁၇ ခုနှစ် ဧပြီလ၊ မေလ၊ ဇွန်လ၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် မော်လမြိုင်ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့အစည်းအဝေး ၂/၂၀၁၇ ၏ အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က သောက်ရေသန့်များအား စစ်ဆေးရန် ဖွဲ့စည်းထားသောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးမှုအခြေအနေများ၊ ဩဂုတ် ၂၂ ရက်တွင် ကျင်းပသည့် စတုတ္ထကြိမ်မြောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအား ချပြရှင်းလင်းပါသည်။ မော်လမြိုင်ခရိုင် ဦးစီးမှူးရုံးအနေဖြင့် CICC ဖွင့်လှစ်ထားရှိမှု အခြေအနေများ၊ CICC သို့ တိုင်ကြားလာသည့် အခြေအနေများအား တင်ပြပါသည်။ မော်လမြိုင်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအနေဖြင့် အဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်မှုတွင် အခက်အခဲရှိပါက ဆွေးနွေးပေးပါရန် ဖိတ်ခေါ်ခဲ့ပါသည်။

မော်လမြိုင်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိဒေါက်တာ ဒေါ်စောယုနှင်းက မော်လမြိုင်ခရိုင်အတွင်း ကွင်းဆင်းစစ်ဆေးသည့်အခါ စားသုံးသူရေးရာ ဦးစီးဌာနအပါအဝင် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အဆင်ပြေပါကြောင်း ဆွေးနွေးခဲ့ပါသည်။ ခရိုင် ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က စီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့ကိုယ်တိုင်လိုက်နာရမည့်အချက်များကို သိရှိရန်လိုကြောင်း၊ စားသုံးသူများအနေဖြင့်လည်း မိမိတို့အခွင့်အရေးများကို တောင်းဆိုတတ်ဖို့လိုကြောင်း၊ ကွင်းဆင်းသည့်အခါ အသိပညာပေးမှုကို ထိထိရောက်ရောက် ဆောင်ရွက်ဖို့လိုကြောင်း၊ ထို့ပြင် လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များအား လက်ကမ်းစာစောင်များဖြင့် အသိပညာပေးဆွေးနွေးပေးရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးသို့ မော်လမြိုင်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိဦးပြည့်ဖြိုးအောင်၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များစုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ကြောင်းသတင်း ရရှိပါသည်။

**မိုးမိုး(မွန်)**

## ပခုက္ကူမြို့မဈေးတွင် အစားအစာဘေးကင်းလုံခြုံမှုရှိစေရန် FDA (နေပြည်တော်)မှ ရွေ့လျားဓာတ်ခွဲခန်းယာဉ် (Mobile Lab)ဖြင့် ကွင်းဆင်းစစ်ဆေး

ပခုက္ကူမြို့၊ မြို့မစည်ပင်ဈေးတွင် အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရန် နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ အစားအသောက်ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းဇော် ဦးဆောင်၍ ဝန်ထမ်းများအဖွဲ့၊ FDA ခရိုင်တာဝန်ခံ ဒေါက်တာဝင့်ဝါမျိုးနှင့် ဝန်ထမ်းများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ စည်ပင်သာယာရေး ကော်မတီ၊ ရဲတပ်ဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူးဦးမြင့်ဦးနှင့် ဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၂၁ ရက်တွင် ရွေ့လျားဓာတ်ခွဲခန်းယာဉ် (Mobile Lab)ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ကွင်းဆင်းစစ်ဆေးရာတွင် စစ်ဆေးရေးအဖွဲ့များသည် ထုတ်ကုန်လုံခြုံစိတ်ချမှုမရှိသော စားသောက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ မလိုလားအပ်သော ရောဂါအန္တရာယ်များ ကျရောက်မည်ဖြစ်သောကြောင့် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင်၊ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးဆိုင်၊ လက်ဖက်နှင့် အကြော်စုံဆိုင် စုစုပေါင်း ၁၂ ဆိုင်နှင့် စားသုံးဆီရောင်းဝယ်ရေးဆိုင် ရှစ်ဆိုင် စုစုပေါင်း ၂၀ ဆိုင်၊ ပခုက္ကူမြို့၊ စက်မှုဇုန်ရှိ နောင်ရိုးဆီစက်နှင့် "S"သုံးလုံး ဆီစက်တို့ကို ဝင်ရောက်စစ်ဆေးခဲ့ပြီး နမူနာပစ္စည်းအဖြစ် ဆီ၊ လက်ဖက်၊ ငါးပိ၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ ပဲပြား၊ မုန့်ဟင်းခါးဖတ်၊ ပန်းမုန်လာထုပ်တို့ကို ဝယ်ယူခဲ့ပြီး အစားအသောက်ဌာနမှ တာဝန်ရှိသူများက Mobile Lab ဖြင့် ဓာတ်ခွဲ စမ်းသပ်ခဲ့ပါသည်။

ဆက်လက်ပြီး ဓာတ်ခွဲစမ်းသပ်၍ ထွက်ရှိလာသော တာရှည်ခံဆေးနှင့် တားမြစ်ဓာတုဆိုးဆေးများပါသော စားသောက်ကုန်ပစ္စည်းများကို ပထမအကြိမ် စစ်ဆေးခြင်းဖြစ်သည့်အတွက် သတိပေး၍ ပညာပေးခြင်းသာဖြစ်ပြီး နောက်တစ်ကြိမ် ရှောင်တခင်စစ်ဆေး၍ တွေ့ရှိပါက အပြစ်ပေးအရေးယူသွားမည်ဖြစ်ကြောင်း FDA ဌာနမှ တာဝန်ရှိသူများက သတိပေးပြောကြားခဲ့ပါသည်။

ထို့နောက် ပူးပေါင်းအဖွဲ့သည် ဆီစက်များကို ဝင်ရောက်စစ်ဆေးခဲ့ရာ ဆီစက်အတွင်း၌ရှိသော ဆီကြေးများနှင့် သန့်ရှင်းမှုနည်းသော စက်ပစ္စည်းများကို သန့်ရှင်းရေးပြုလုပ်ရန်၊ ဆီကြိတ်ခွဲရန် ထားရှိသော ကုန်ကြမ်းများကိုလည်း အသန့်ရှင်းဆုံးထားရှိရန်၊ ဆီ၏ အရည်အသွေးကောင်းမွန်စေရန်၊ စေတနာထားရောင်းချရန် မှာကြားခဲ့ပြီး ဓာတ်ခွဲစမ်းသပ်ရန်အတွက် နမူနာပစ္စည်းအဖြစ် ဆီများကို ဝယ်ယူခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



ပြည်ထောင်စုနယ်မြေ နေပြည်တော် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၈ ရက်က နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် နေပြည်တော် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က ယခင်လတွင် ကျင်းပပြုလုပ်သော အစည်းအဝေး(၂/၂၀၁၇) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတွင် တင်ပြမည့် အမှာစာများကို ရှင်းလင်းတင်ပြရာတွင် စက်တင်ဘာ ၁၆ ရက်တွင် နေပြည်တော်၊ သပြေကုန်းဈေးသို့ ဌာနစုံဖြင့် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် လုပ်ငန်းရှင်သုံးဦးသို့ သတိပေး အကြောင်းကြားဆောင်ရွက်ထားရှိမှု၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ တာဝန်ယူမှု/ တာဝန်ခံမှုရှိစေရန်အတွက် အသိပညာပေးခြင်းလုပ်ငန်းများအား ပျဉ်းမနားမြို့၊ သပြေကုန်းဈေးနှင့် မြို့မဈေးတို့တွင် ဆောင်ရွက်မည့် အခြေအနေ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ အဖွဲ့ဝင်တစ်ဦး ဖြည့်စွက်ဖွဲ့စည်းမှု အခြေအနေတို့ကို အတည်ပြုမှတ်တမ်း တင်နိုင်ရေးအတွက် တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ အဖွဲ့ဝင်များမှ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဥတ္တရခရိုင်နှင့် ဒက္ခိဏခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌများက မိမိတို့ ခရိုင်အလိုက် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသော အဖွဲ့ဝင်များက တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တင်ပြသည့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အမှာစာပါလုပ်ငန်းစဉ်များအပေါ် အတည်ပြုပေးခဲ့ပါသည်။

ဆက်လက်၍ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန တာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းလင်းအောင်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဈေးများသို့ Mobile Lab ဖြင့် ကွင်းဆင်း၍ စားသုံးရန် သင့်/ မသင့် အစားအသောက်များကို စစ်ဆေးဆောင်ရွက်နေမှုအခြေအနေ၊ ရေသန့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်နေမှု အခြေအနေ၊ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်နေမှုအခြေအနေ၊ အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့နေပြည်တော် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် အဖွဲ့ဝင်များ၊ ဥတ္တရခရိုင်နှင့် ဒက္ခိဏခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန မှ ဝန်ထမ်းများ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဖြူဖြူလတ် (စားသုံးသူ)**

## ပုသိမ်မြို့ရှိ အောင်သီရိဈေးတွင်ရောင်းချလျက်ရှိသည့် ဆွေဆွေဝင်းအမှတ်တံဆိပ် ငရုတ်သီးမှုန့်တွင် ခွင့်မပြုဆိုးဆေးပါဝင်၍ FDA မှ အဖွဲ့စုံဖြင့် ခံဝန်ကတိလက်မှတ်ရေးထိုး

ပုသိမ်မြို့ပေါ်ရှိ အောင်သီရိဈေးတွင် စက်တင်ဘာလ ပထမပတ်က FDA မှ ပူးပေါင်းအဖွဲ့ဖြင့် ဈေးကွက်နမူနာများ ကောက်ယူခဲ့ရာ ပုသိမ်မြို့၊ ဥမ္မာဒန္တီ ၁၁ လမ်းရှိ 'ဆွေဆွေဝင်း' အမှတ်တံဆိပ်ငရုတ်သီးမှုန့်တွင် ခွင့်မပြုဆိုးဆေးပါဝင်ကြောင်းတွေ့ရှိရ၍ အတည်ပြုစစ်ဆေးနိုင်ရန် နေပြည်တော်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ပေးပို့ခဲ့သည်။ နေပြည်တော် FDA အစားအသောက်ဓာတ်ခွဲဌာနခွဲ၏ စစ်ဆေးချက်အဖြေအရ ၎င်းငရုတ်သီးမှုန့်တွင် အစားအသောက်များ၌ ခွင့်မပြုသောဆိုးဆေးများပါဝင်နေကြောင်း သိရှိရသည်။

ထို့ကြောင့် ဧရာဝတီတိုင်း FDA ၏ဦးဆောင်မှုဖြင့် ဌာနစုံပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၂၉ ရက်တွင် အဆိုပါဆွေဆွေဝင်းငရုတ်သီးမှုန့်လုပ်ငန်းသို့ သွားရောက်ခဲ့ကာ ခွင့်မပြုဆိုးဆေးများအား အသုံးမပြုရန် ခံဝန် ကတိပြုလက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိပါသည်။

**ထွန်းထွန်း(ပုသိမ်)**

# စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း အခြေခံပညာကျောင်း ၁၆ ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများ ကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင်ရှိ မြို့နယ် လေးမြို့နယ်မှ အခြေခံပညာကျောင်း ရှစ်ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခဲ့ရာ ကျောင်းသားကျောင်းသူ၊ ဆရာဆရာမ ပေါင်း ၁၀၂၃ ဦးနှင့် ပြည်သူ ၂၇၄ ဦး တက်ရောက်ခဲ့သည်။ ထို့အပြင် ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင်ရှိမြို့နယ် လေးမြို့နယ်မှ အခြေခံပညာကျောင်း ပေါင်း ရှစ်ကျောင်းကိုလည်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ခဲ့ရာ ကျောင်းသားကျောင်းသူ၊ ဆရာဆရာမ ပေါင်း ၁၉၉၆ ဦးနှင့် ပြည်သူ ၁၁၁ ဦး တက်ရောက်ခဲ့ပါသည်။ ဟောပြောပွဲများသို့ တက်ရောက်လာသူများအား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းနှင့် ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်နွယ်တို့ ဦးစီးသော ဌာနဆိုင်ရာအဖွဲ့အစည်းများသည် စက်တင်ဘာ ၁၈ ရက်တွင် ဇေယျာသီရိမြို့နယ်၊ ပြည်စံအောင်ဈေးအတွင်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ သက်တမ်းလွန်ဆေးမျိုးစုံ ခန့်မှန်းတန်ဖိုး ကျပ် ၁၂၀၀၀၊ ကျင်းထုံခြင်ဆေးခွေဖူး ၇၆ ဗူး၊ တန်ဖိုးငွေကျပ် ၃၈၀၀၀ နှင့် ပဲသွေး ၅၀ ခု၊ တန်ဖိုးငွေကျပ် ၂၅၀၀၊ စုစုပေါင်းတန်ဖိုး ကျပ် ၅၂၅၀၀ အား သိမ်းဆည်း၍ မီးရှို့ဖျက်ဆီးခဲ့ပါသည်။

လယ်ဝေးမြို့ သီရိရတနာဈေး၌ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ကွင်းဆင်းစစ်ဆေးခဲ့ရာ သက်တမ်းလွန် အရက်ပျံ လေးဗူး တန်ဖိုးငွေ ကျပ် ၄၀၀၊ မိုးသူဇာပေါင်မုန့် (မှိုတက်) လေးထုပ် တန်ဖိုးငွေကျပ် ၁၈၀၀၊ Day & Night Cream လေးဗူး တန်ဖိုးငွေ ကျပ် ၂၄၀၀၊ Quinil မျက်နှာလိမ်း Cream ခြောက်ဗူး တန်ဖိုးငွေကျပ် ၃၆၀၀ နှင့် ငါးပိငါးခြောက်ဆိုင်မှ အလေးချိန်မမှန်သော (တစ်ပိဿာဆိုသော်လည်း ၉၅ ကျပ်သားသာရှိသော အလေး) တစ်လုံး တန်ဖိုးငွေကျပ် ၈၀၀၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၉၀၀၀ အား သိမ်းဆည်း၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

**မြင့်နိုင်(နေပြည်တော်)**

# ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကျင်းပ

ကန့်ဘလူခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းပိုနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၈ ရက် တွင် ကျွန်းလှမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာ၊ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)နှင့် စက်တင်ဘာ ၁၂ ရက်တွင် ကြာတကန်ကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းများသို့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် ခရိုင် ဦးစီးမှူး ဦးသန်းပိုက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ဝန်ဆောင်မှုလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ ကျွန်းလှမြို့နယ် တာဝန်ခံ ဒေါ်ဝေဝေအောင်က အချိုမှုန့်နှင့် ကြက်သားမှုန့်တို့ကို သုံးစွဲခြင်းဖြင့် ဆိုးကျိုးများမှ ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ရောဂါများအကြောင်းကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူးရုံးမှ ဒေါ်အေးသီဂီစိုးက ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ ဝယ်ယူသည့်အခါ ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲ၊ ပါဝင်သည့်ပစ္စည်း၊ သက်ဆိုင်ရာဌာန၏ ထောက်ခံချက်အမှတ်တံဆိပ်နှင့် ထုတ်လုပ်သည့်နေရပ်လိပ်စာအပြည့်အစုံတို့ကို သေချာစွာကြည့်ရှုစစ်ဆေးပြီးမှသာ ဝယ်ယူသင့်ပါကြောင်း၊ ထိုကဲ့သို့ ပြည့်စုံစွာ ဖော်ပြထားသည့် ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲသည့်ကြားမှ အန္တရာယ်တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားနိုင်ပါကြောင်းကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူးရုံးမှ ဒေါ်ခင်မြိမ့်မြိမ့်သဲက ဆိုးဆေးပါ အန္တရာယ်ရှိစားသောက်ကုန်များအကြောင်းနှင့် ဓာတုပစ္စည်းပါ အလှကုန်ပစ္စည်းများအကြောင်းကိုလည်းကောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ကြပါသည်။ ဟောပြောပွဲသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆိုးဆေးပါမုန့်များအကြောင်း မေးမြန်းချက်များကိုလည်း ခရိုင်ဦးစီးမှူးဦးသန်းပိုက ပြန်လည် ဆွေးနွေးဖြေကြားခဲ့ပါသည်။

အဆိုပါဟောပြောပွဲသို့ ဆရာ၊ ဆရာမ ၂၀ ဦး၊ ကျောင်းသား၊ ကျောင်း သူ ၄၅၈ ဦးနှင့် လေ့လာသူ ၉၅ ဦး စုစုပေါင်း ၅၇၃ ဦးတက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**ခင်မြိမ့်(ကန့်ဘလူ)**

# မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ (၅/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ မွန်ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ (၅/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၂၈ ရက်တွင် ကျင်းပခဲ့ပါသည်။



အစည်းအဝေးသို့ မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး ဥက္ကဋ္ဌ (စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး)နှင့် အတွင်းရေးမှူး၊ အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ထို့နောက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက လုပ်ငန်းဆောင်ရွက်မှုများ၊ တိုင်ကြားလာသည့် ကိစ္စရပ်များ၊ တိုင်ကြားလာမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်မှုများ၊ ယခင်အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လမ်းညွှန်ချက်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြီး ယခုအစည်းအဝေးတွင် ဆုံးဖြတ်ရမည်များကို ဆွေးနွေးသုံးသပ်အကြံပြုကြစေလိုကြောင်း ပြောကြားခဲ့ပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးသုံးသပ်အကြံပြုကြကြောင်း သတင်း ရရှိပါသည်။

**နေဇင်(မွန်)**

# ဖောင်းကတာကျေးရွာရှိ မုန့်တီပင် ပြုလုပ်ရောင်းချသော လုပ်ငန်းရှင်အား ထုတ်ကုန် လုံခြုံ စိတ်ချရမှုရှိစေရန် တွေ့ဆုံဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် စက်တင်ဘာ ၂၀ ရက်တွင် ဆားလင်းကြီးမြို့နယ် ဖောင်းကတာကျေးရွာရှိ ရွှေစည်တော် မုန့်တီပင်စိမ်းပြုလုပ်ရောင်းချသော လုပ်ငန်းရှင်နှင့် သွားရောက်တွေ့ဆုံကာ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါတယ်။

အဆိုပါဆွေးနွေးပွဲတွင် မုန့်တီပင်ပြုလုပ်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ လုပ်ငန်းလိုင်စင်ရှိမရှိ၊ တာရှည်ခံဆေးများ၊ ချွတ်ဆေးများ အသုံးမပြုရန်၊ သန့်ရှင်းစွာထားသိုရန်တို့ကို ဆွေးနွေးပြောကြားခဲ့ပါတယ်။ ထို့နောက် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ အကြောင်း၊ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ တာဝန်များနှင့် စားသုံးသူများ နစ်နာလျှင် တိုင်ကြားနိုင်သော စားသုံးသူ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး စင်တာ (CICC)ကိုယင်းမာပင်ခရိုင် ဦးစီးမှူးရုံးတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း စသဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မိုးမိုးမြင့်(ယင်းမာပင်)**

# မုံရွာခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးကျင်းပ

မုံရွာခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၇) အစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၁၂ ရက်က ကျင်းပခဲ့ရာ အဖွဲ့ဝင်များစုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။

ယင်းအစည်းအဝေး၌ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးက အမှာစကားပြောကြားရာတွင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို မြို့နယ်အဆင့်ထိ ဖွဲ့စည်းထားခြင်း မရှိသည့်အတွက် ခရိုင်အတွင်းရှိမြို့နယ်များတွင် စားသုံးသူအငြင်းပွားမှုများ ပေါ်ပေါက်လာပါက ယခုအဖွဲ့မှ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စားသုံးသူများ၏ အသိပညာဗဟုသုတ မြင့်မားလာသည်နှင့်အမျှ အစားအသောက်များကို ရွေးချယ်စားသုံးတတ်လာခြင်းဖြင့် ဘေးအန္တရာယ်ရှိသောကုန်စည်နှင့် အာမခံချက် မပြည့်ဝသော ဝန်ဆောင်မှုများ တဖြည်းဖြည်း ပပျောက်သွားမည်ဖြစ်သဖြင့် အချိန်ယူရမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပမှ ထုတ်လုပ်သည့်အစားအသောက်များကို FDA က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသော်လည်း မိမိတို့မြို့နယ်အသီးသီးတွင် ဒေသထွက်အိမ်တွင်းမှုလုပ်ငန်းထုတ် စားသောက်ကုန်အများစုသည် ထုတ်ကုန်တစ်ခုတွင်ပါရှိရမည့် အချက်အလက်များ ပြည့်စုံစွာ မပါရှိခြင်းကြောင့် အဆိုပါလုပ်ငန်းများကို ကျန်းမာရေးနှင့် ညီညွတ်သော ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းများဖြစ်စေလို၍ အဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားရန် ပြောကြားပါသည်။

ဆက်လက်၍ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန မုံရွာခရိုင် ဦးစီးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ယခင်လလုပ်ငန်းဆောင်ရွက်မှု၊ နောက်လ ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအစဉ်များနှင့် အဖွဲ့က ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြပါသည်။ ထို့နောက် တက်ရောက်လာသည့် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး လုပ်ငန်းနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်ငါးချက်ကို ချမှတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရီလင်းထွန်း (မုံရွာ)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

■ သန်းသန်းနိုင်

ယခင်တစ်ပတ်မှအဆက်

(၈) နိုင်ငံတော်မှချမှတ်ထားသော ဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာ ဒေသမှထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို ဝန်ထမ်းများအတွက် ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ် စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည်ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။ ထို့အတွက် မြို့နယ်အဆင့် အလုပ်သမားရေးရာ ဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းအာမခံဦးစီးဌာနတို့မှ ထုတ်ပေးသည့် ထောက်ခံစာ ပါရှိရမည်။

(၉) ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်းနိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေနှင့်ငြိစွန်းနေသူမဖြစ်ရ။

(ခ) ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းရှင်

(၁)နိုင်ငံတော်မှ သတ်မှတ်ထားသော သတ်မှတ်ချက်နှင့်အညီ စက်မှုကုန်သွယ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော၊ သွင်းကုန်ပို့ကုန်လုပ်ငန်းလုပ်ကိုင်ခွင့်ရထားသော (သို့မဟုတ်) နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်းလုပ်ရန် မှတ်ပုံတင်ထားသော ဥပဒေအရ ကုမ္ပဏီပိုင်ဆိုင်သူမှာ(၃)နှစ် အထက်မှတ်ပုံတင်ထားသူဖြစ်ရမည်။

(၂) ကုမ္ပဏီမတည်ငွေမှာယွမ်သိန်း ၂၀၀ အထက်တွင် ရှိရမည်။ တရုတ်နိုင်ငံအနောက်ဘက် ဒေသရှိ ရောင်းဝယ်ဖောက်ကားရေးကုမ္ပဏီအတွက် မတည်ငွေ ယွမ်သိန်း ၅၀ အထက်တွင် ရှိရမည်။ (မှတ်ပုံတင်ထားသောမတည်ငွေမှာ အမိန့်စာကျသည့်နေ့ မတိုင်မီ အရေအတွက်ဖြစ်သည်။)

(၃) ၂၀၁၄ ခုနှစ်ပို့ကုန်ကိုတာရရှိထားသော ၂၀၁၁-၂၀၁၃ ခုနှစ်တွင် ခဲမဖြူတင်ပို့ထားသော(၂၀၁၄ ခုနှစ်တွင် တင်ပို့ခွင့်ကိုတာ စရသောကုမ္ပဏီအသစ်မပါ။)ကုမ္ပဏီများ၏ တင်ပို့မှုကို အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့်စာရင်းအတည်ပြုမည်။

(၄) ရောင်းဝယ်ဖောက်ကားသည့်ကုမ္ပဏီမှ ဝယ်ယူသောကုန်ပစ္စည်းများမှာ နိုင်ငံတော်မှချမှတ်ထားသည့် စံညွှန်းများနှင့်ကိုက်ညီရမည်ဖြစ်သလို တရားဝင်အထောက်အထားများလည်း ရှိရမည်။

(၅) အရည်အသွေးစစ်ဆေး အတည်ပြုချက်မှာ လုပ်ငန်းကဏ္ဍတွင်း သတ်မှတ်ချက်နှင့်ကိုက်ညီရမည် ဖြစ်သလို ISO9000 အရည်အသွေးအောင်လက်မှတ်လည်း ရရှိထားရမည်။ အရည်အသွေးစစ်ဆေးမှုများ ပြုလုပ်နေသည့်ကုမ္ပဏီအနေဖြင့် စစ်ဆေးမှုပြုနေကြောင်း ထောက်ခံစာပါရှိရမည်။

(၆) နိုင်ငံတော်မှ ချမှတ်ထားသောဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာ ဒေသမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို ဝန်ထမ်းများအတွက် ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ် စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည် ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။ ထို့အတွက် မြို့နယ်အဆင့် အလုပ်သမားရေးရာ ဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းအာမခံဦးစီးဌာနတို့မှ ထုတ်ပေးသည့် ထောက်ခံစာပါရှိရမည်။

(၇) ၂၀၁၁-၂၀၁၃ခုနှစ် အတွင်း နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေနှင့်ငြိစွန်းနေသူမဖြစ်ရ။

(၈) ကုန်ထုတ်လုပ်မှုလုပ်ငန်းကိုပါ လုပ်ကိုင်သည့် ကုမ္ပဏီအနေဖြင့် ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်အတွက် တောင်းဆိုထားချက်များနှင့် ကိုက်ညီလျှင်ရသည်။

၁၉။ ခနောက်စိမ်းနှင့် ခနောက်စိမ်းထုတ်ကုန်တင်ပို့မှု လျှောက်ထားသူအနေဖြင့် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(က) ထုတ်လုပ်သည့်လုပ်ငန်းကုမ္ပဏီ

(၁) သွင်းကုန်ပို့ကုန်လုပ်ငန်းလုပ်ကိုင်ခွင့်ရထားသော (သို့မဟုတ်) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း လုပ်ရန်မှတ်ပုံတင်ထားသော ဥပဒေအရ ကုမ္ပဏီပိုင်ဆိုင်သူမှ မှတ်ပုံတင်ထားသူဖြစ်ရမည်။

(၂) ISO-9000 အရည်အသွေးအောင်လက်မှတ်လည်း ရရှိထားရမည်။

(၃) နိုင်ငံတော်မှချမှတ်ထားသော ဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာဒေသမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို ဝန်ထမ်းများအတွက်ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ်စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည်ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။ ထို့အတွက် မြို့နယ်အဆင့် အလုပ်သမားရေးရာဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းအာမခံဦးစီးဌာနတို့မှ ထုတ်ပေးသည့် ထောက်ခံစာ ပါရှိရမည်။

(၄) ၂၀၁၄ ခုနှစ် ပို့ကုန်ကိုတာ ရရှိထားသော၊ ၂၀၁၁-၂၀၁၃ ခုနှစ်တွင် ခနောက်စိမ်းတင်ပို့ထားသော (၂၀၁၁ခုနှစ်၊ နိုင်ငံတော်ပိုင် ကုမ္ပဏီကုန်ပစ္စည်းတင်ပို့မှုလုပ်ပိုင်ခွင့် ရရှိထားသူ၊ ထို လုပ်ကိုင်ခွင့်ရရှိချိန်မှစ၍ ၂၀၁၃ ခုနှစ်အထိ ခနောက်စိမ်းနှစ်စဉ်တင်ပို့မှုပြုထားသူ၊ ၂၀၁၄ ခုနှစ်တွင် တင်ပို့ခွင့်ကိုတာစရသော ကုမ္ပဏီအသစ်မပါ) အသစ်လျှောက်သောကုမ္ပဏီမှ ယခင်(၃)နှစ်တာကာလအတွင်း နှစ်စဉ် ခနောက်စိမ်းအမှုန့် တန်ချိန်(၁)သောင်း အနည်းဆုံးတင်ပို့နိုင်သူ (သို့မဟုတ်) ခနောက်စိမ်းအောက်ဆိုက် တန်ချိန် ၈၀၀၀ တင်ပို့ထားသူဖြစ်ရမည်။ ကုမ္ပဏီများ၏တင်ပို့မှုကို အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့်စာရင်းဖြင့် အတည်ပြုမည်။ တင်ပို့မှုပြီးစီးသည့် အဆင့်အတန်းကို ထိုကဏ္ဍတွင်းက အသင်းအဖွဲ့မှစစ်ဆေးအတည်ပြုမည်။ လုပ်ငန်းကုမ္ပဏီမှထုတ်လုပ်သောပစ္စည်းသည် နည်းပညာဝန်ကြီးဌာန၊ ကုန် သွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအကောက်ခွန်ဌာန၊ အကောက်ခွန် ဌာနများမှထုတ်ပြန်ထားသော တရုတ်နိုင်ငံအဆင့်မြင့် နည်းပညာထုတ်ကုန်စာရင်း (သို့မဟုတ်) တရုတ်နိုင်ငံ အဆင့်မြင့် နည်းပညာထုတ်ကုန်တင်ပို့ကုန်စာရင်းတွင် ပါရှိသောကုန်ပစ္စည်းဖြစ်ပါက ထိုသို့မဟုတ် သိပ္ပံနည်းပညာဝန်ကြီးဌာနမှ အတည်ပြုထားသော အဆင့်မြင့် နည်းပညာထုတ်ကုန်ပစ္စည်းဖြစ်ပါက အခြေအနေအရ ဖြေလျှော့ပေးမည်။

(၅) သက်ဆိုင်ရာဌာနခွင့်ပြုမိန့်ရ သတ္တုကျိုလုပ်ငန်း လုပ်ကိုင်သူဖြစ်ရမည်။

(၆) ISO-14001 သဘာဝပတ်ဝန်းကျင် အောင်လက်မှတ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှပေးသော စွန့်ပစ်ပစ္စည်း သတ်မှတ်စံချိန်နှင့် ကိုက်ညီသောထောက်ခံစာပါရှိရမည်။

(၇) ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်းနိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေငြိစွန်းနေသူမဖြစ်ရ။

(ခ) ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းရှင်

(၁) သွင်းကုန်ပို့ကုန်လုပ်ငန်း လုပ်ကိုင်ခွင့်ရထားသော (သို့မဟုတ်) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းလုပ်ရန် မှတ်ပုံတင်ထားသော ဥပဒေအရကုမ္ပဏီပိုင်ဆိုင်သူမှာ (၅)နှစ်အထက် မှတ်ပုံတင်ထားသူဖြစ်ရမည်။

(၂) ၂၀၁၄ ခုနှစ်တွင် နိုင်ငံပိုင်ကုန်သွယ်မှု ပို့ကုန်တင်ပို့ခွင့်ရရှိထားသော၊ ၂၀၁၁-၂၀၁၃ခုနှစ်တွင် နှစ်စဉ်ခနောက်စိမ်းတင်ပို့ထားသော (ကုမ္ပဏီများ၏ တင်ပို့မှုကို အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့်စာရင်းဖြင့်အတည်ပြုမည်) သူဖြစ်ရမည်။ ထို့အတူ တင်ပို့မည့်ကုန်များမှာ နိုင်ငံတော်သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကုမ္ပဏီများမှ ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ ဖြစ်ရမည်။

(၃) နိုင်ငံတော်မှချမှတ်ထားသောဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာဒေသမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို၊ ဝန်ထမ်းများအတွက်ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ်စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည် ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။ ထို့အတွက် မြို့နယ်အဆင့် အလုပ်သမားရေးရာဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းအာမခံဦးစီးဌာနတို့မှ ထုတ်ပေးသည့် ထောက်ခံစာ ပါရှိရမည်။

(၄) ISO-9000 အရည်အသွေးအောင်လက်မှတ်လည်း ရရှိထားရမည်။

(၅) ၂၀၁၁-၂၀၁၃ခုနှစ်အတွင်း နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေငြိစွန်းနေသူမဖြစ်ရ။

၂၀။ အဖြိုက်နက်နှင့် အဖြိုက်နက် ထုတ်ကုန်ပစ္စည်းတင်ပို့ရန် လျှောက်ထားသူအနေဖြင့် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

(က) ထုတ်လုပ်သည့်လုပ်ငန်းကုမ္ပဏီ

(၁) သွင်းကုန်ပို့ကုန် လုပ်ငန်းလုပ်ကိုင်ခွင့်ရထားသော (သို့မဟုတ်) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း လုပ်ရန်မှတ်ပုံတင်ထားသော၊ ဥပဒေအရ ကုမ္ပဏီပိုင်ဆိုင်သူမှာမှတ်ပုံတင်ထားသူဖြစ်ရမည်။ မတည်ငွေမှာ ယွမ် သိန်း ၅၀၀ ရှိရမည်ဖြစ်ပြီး ဘဏ်တွင် မိမိ၏ သမာဓိကျမှုကြောင့် အနည်းဆုံး ယွမ်သန်း ၂၀၀ ချေးငှားနိုင်သည့် အခွင့်အရေးရထားသူဖြစ်ရမည်။

(၂) ISO-9000 အရည်အသွေးအောင်လက်မှတ်လည်း ရရှိထားရမည်။

(၃) နိုင်ငံတော်မှချမှတ်ထားသော ဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာ ဒေသမှထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို ဝန်ထမ်းများအတွက်ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်းထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ်စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည် ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည် ဖြစ်သည်။ ထို့အတွက် မြို့နယ်အဆင့် အလုပ်သမားရေးရာဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းအာမခံဦးစီးဌာနတို့မှ ထုတ်ပေးသည့်ထောက်ခံစာ ပါရှိရမည်။ OHSA-18000 လုပ်ငန်းကဏ္ဍ ကျန်းမာရေးလုံခြုံမှု ထောက်ခံစာပါရှိရမည်။

(၄) ၂၀၁၄ ခုနှစ် နိုင်ငံတော်ပိုင်ကုမ္ပဏီ ပို့ကုန်လုပ်ကိုင်ခွင့်ရရှိထားသော ၂၀၁၁-၂၀၁၃ ခုနှစ်တွင် နှစ်စဉ်အဖြိုက်နက်တင်ပို့ထားသော (၂၀၁၁ ခုနှစ် နိုင်ငံတော်ပိုင် ကုမ္ပဏီကုန်ပစ္စည်းတင်ပို့မှုလုပ်ပိုင်ခွင့်ရရှိထားသူ၊ ထိုလုပ်ကိုင်ခွင့်ရချိန်မှစ၍ ၂၀၁၃ ခုနှစ် အထိ နှစ်စဉ် အဖြိုက်နက်တင်ပို့မှုပြုထားသူ) (၂၀၁၄ ခုနှစ်တွင် တင်ပို့ခွင့်ကိုတာ စရသော ကုမ္ပဏီအသစ်မပါ) အသစ်လျှောက်သော ကုမ္ပဏီမှ ယခင်(၃)နှစ်တာကာလအတွင်း နှစ်စဉ် အဖြိုက်နက်တန်ချိန် ၂၀၀၀ အနည်းဆုံးတင်ပို့နိုင်သူ (APT နှင့်ဆင်တူသည်) ဖြစ်ရမည်။ ကုမ္ပဏီများ၏ တင်ပို့မှုကို အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့် စာရင်းဖြင့်အတည်ပြုမည်။ တင်ပို့မှုပြီးစီးသည့် အဆင့်အတန်းကို ထိုတွင်းက အသင်းအဖွဲ့မှ စစ်ဆေးအတည်ပြုမည်။ လုပ်ငန်းကုမ္ပဏီမှ ထုတ်လုပ်သောပစ္စည်းသည် နည်းပညာဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်း အကောက်ခွန်ဌာန၊ အကောက်ခွန်ဌာနများမှ ထုတ်ပြန်ထားသော တရုတ်နိုင်ငံ အဆင့်မြင့် နည်းပညာထုတ်ကုန်စာရင်း (သို့မဟုတ်) တရုတ်နိုင်ငံအဆင့်မြင့် နည်းပညာထုတ်ကုန်တင်ပို့ကုန် စာရင်းတွင်ပါရှိသော ကုန်ပစ္စည်းဖြစ်ပါက ထိုသို့မဟုတ် သိပ္ပံနည်းပညာဝန်ကြီးဌာနမှအတည်ပြုထားသော အဆင့်မြင့် နည်းပညာထုတ်ကုန်ပစ္စည်းဖြစ်ပါက အခြေအနေအရ ဖြေလျှော့ပေးမည်။

ဆက်လက်ဖော်ပြပါမည်

# ပင်ရင်းရငွေမှ ခုနှိမ်ဖြတ်တောက်ခွန်နှင့်ပတ်သက်၍ ထိုင်းနိုင်ငံဗဟိုဘဏ် ထုတ်ပြန်

ထိုင်းနိုင်ငံဗဟိုဘဏ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ကူးသန်းရောင်းဝယ်ရေး ဘဏ်များအနေဖြင့် စာရင်းပိုင်ရှင်များထံမှ အတိုးရငွေအပေါ် မဖြစ်မနေ ပေးဆောင်ရမည့် ပင်ရင်းရငွေမှ ခုနှိမ်ဖြတ်တောက်ခွန် (Withholding Tax) ၁၅ ရာခိုင်နှုန်းအား ရှောင်လွှဲခြင်းကိစ္စနှင့်ပတ်သက်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထိုင်းဗဟိုဘဏ်သည် ယခုကဲ့သို့ မဖြစ်သင့်သော အပြုအမူများနှင့်ပတ်သက်၍ ကူးသန်းရောင်းဝယ်ရေးဘဏ်များအား အသိပေးထားပြီးဖြစ်ကြောင်း၊ အထူးသဖြင့် ဘဏ်များ၊ ဘဏ်ရုံးခွဲများ (သို့မဟုတ်)ဘဏ်တာဝန်ရှိသူများအနေဖြင့် ပင်ရင်းဖောက်သည်များအတွက် အထူးဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးမှုများရှိနေကြောင်း ဗဟိုဘဏ်ကြီးကြပ်ရေးအဖွဲ့မှ လက်ထောက်အုပ်ချုပ်ရေးမှူး မစ္စတာရိုနယ်ဒိုက ပြောကြားခဲ့ပါသည်။

ဗဟိုဘဏ်နှင့် အခွန်ဌာနတို့ ပူးပေါင်းပြီး အခွန်ရှောင်ရှားသည့် ကိစ္စများနှင့်ပတ်သက်၍ စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဘဏ်များအား အခွန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တင်းကြပ်စွာ လိုက်နာဆောင်ရွက်သွားရန် ထိုင်းဗဟိုဘဏ်က ညွှန်ကြားသွားမည်ဖြစ်ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဘဏ်အရာရှိများအနေဖြင့် ၎င်းတို့၏ဖောက်သည်များအား အပ်ငွေအပေါ် အတိုးရရှိသော ဘတ် ၂၀၀၀၀ အထက်ဝင်ငွေအတွက် မဖြစ်မနေပေးဆောင်ရမည့် ပင်ရင်းရငွေမှ ခုနှိမ်ဖြတ်တောက်ခွန် ရှောင်လွှဲရေး ကူညီပေးနေကြသည်ဟု ထောက်ပြခဲ့ပြီးနောက်ပိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ စုဆောင်းငွေများ တိုးတက်လာရန်နှင့် တရားမဝင် အခွန်ရှောင်လွှဲခြင်းဖြင့် ချမ်းသာနေခြင်းအား ရှောင်လွှဲရန် အခွန်ဆိုင်ရာ ခံစားခွင့်များကို မက်လုံးတစ်ရပ်အနေဖြင့် ခွင့်ပြုထားခြင်းဖြစ်ကြောင်း၊ ဘဏ်အရာရှိများအနေဖြင့် စာရင်းပိုင်ရှင်များထံသို့ အပ်ငွေအပေါ် အတိုးရငွေ ဘတ် ၂၀၀၀၀ သို့ နီးကပ်လာပါက ကြိုတင်အသိပေးခြင်းဖြင့် ငွေအပ်နှံသူများမှ စာရင်းအသစ် ထပ်မံဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပြီး အခွန်ကို ရှောင်ရှားရန် ကူညီနေကြကြောင်း ဘဏ္ဍာရေးဝန်ကြီး မစ္စတာ အပီဆပ်က ပြောကြားခဲ့ပါသည်။

တစ်နှစ်လျှင် အပ်ငွေအပေါ် အတိုးရငွေ ဘတ် ၂၀၀၀၀ အထက် ရရှိပါက အခွန်ပေးဆောင်ရန် အခွန်ဌာနက သတ်မှတ် ပြဋ္ဌာန်းထားသော်လည်း အချို့ဘဏ်များအနေဖြင့် ကာလကြာရှည်စွာ အတိုးရငွေ ဘတ် ၂၀၀၀၀ ကျော်လွန်ခြင်း မရှိအောင် စာရင်းအဆင့်ဆင့် ပြုစုပေးနေကြကြောင်း၊



ငွေစုစာရင်း ဖွင့်လှစ်သူများအနေဖြင့် အခြားဘဏ်များ၌လည်း တစ်ပြိုင်တည်း စာရင်းအသစ် ဖွင့်လှစ်ဆောင်ရွက်နေကြကြောင်း၊ အခွန်ဌာနအနေဖြင့် ယခု ယိုပေါက်ကို တားဆီးသွားရန် ညွှန်ကြားထားရှိကြောင်း၊ အခွန်ကောက်ခံသည့် ကိုယ်စားလှယ်များအနေဖြင့် အချက် (၂) ချက်ကို အဆိုပြုခဲ့ကြောင်း၊ ပထမအချက်မှာ အခွန်ကင်းလွတ်ခွင့်အား ဖျက်သိမ်းသွားရန် (သို့မဟုတ်) ဒုတိယအချက်အနေဖြင့် စာရင်းပိုင်ရှင်များသို့ ယခုဖြစ်စဉ်ကဲ့သို့ အကြံပေးနေကြသော ဘဏ်ဝန်ထမ်းများအား ထိရောက်စွာ တားမြစ်အရေးယူရန် ဖြစ်ကြောင်း ခရွန်ထိုင်းဘဏ်၏ ဥက္ကဋ္ဌဟောင်းလည်းဖြစ်ခဲ့သူ ဝန်ကြီး မစ္စတာ အပီဆပ်က ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် အတိုးရငွေအပေါ် အခွန်ကောက်ခံခြင်းမှာ ဆောင်ရွက်သင့်သည့်လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ၎င်းရငွေဖြင့် အခြေခံအဆောက်အဦ တည်ဆောက်ရေးစီမံကိန်းများတွင် အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် စီမံကိန်းအမျိုးမျိုးတို့တွင် ရင်းနှီးမြှုပ်နှံရန်အတွက် ထောက်ပံ့ပေးရန် ငွေကြေးအမြောက်အမြား လိုအပ်လျက်ရှိကြောင်း၊ ယခု အခွန်ကောက်ခံမှုမှာ ယေဘုယျအားဖြင့် ပြည်သူလူထုများကို ထိခိုက်မှု မရှိစေနိုင်ပါကြောင်း၊ အစိုးရမှ လက်ရှိ ဆောင်ရွက်နေသော စီမံကိန်းများအတွက် အခွန်ငွေကောက်ခံရန် လိုအပ်နေပါကြောင်း၊ အစိုးရက အခွန်မကောက်ခံနိုင်ပါက ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အထောက်အပံ့ပြုစေနိုင်မည့် အခြားအခွန် ကောက်ခံသူများကို ရှာဖွေသွားရမည်ဖြစ်ကြောင်း၊ စုဆောင်းအပ်နှံငွေအပေါ်မှ အတိုးရငွေ ဘတ် ၂၀၀၀၀ အထိ ရရှိမှုအား အခွန်ကင်းလွတ် ခွင့်ပြုထားခြင်းကို ပယ်ဖျက်လိုက်ပါကလည်း ငွေအပ်နှံသူများအတွက် ထူးခြားသော ထိခိုက်မှု ဖြစ်စေနိုင်မည် မဟုတ်ကြောင်း၊ ငွေကြေးစုဆောင်းသူ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသူ တစ်ဦးချင်းစီတွင် ကိုယ်ပိုင်အစီအစဉ်များ ရှိကြပြီးဖြစ်ကြောင်း၊ အကျိုးအမြတ် ပြန်လည်ရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ကြမည်သာဖြစ်ကြောင်း၊ ဘဏ္ဍာရေး အဖွဲ့အစည်းများအနေဖြင့် စုဆောင်းရင်းနှီးမြှုပ်နှံသူများအား ဘဏ္ဍာရေးဆိုင်ရာ အကြံဉာဏ်များ ပေးသင့်သော်လည်း ကောင်းမွန်သော အစိုးရစနစ်ကို အခြေခံသည့် တရားဝင် အကြံပေးမှုများသာ ဖြစ်သင့်ကြောင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲမှု ကုမ္ပဏီများအဖွဲ့ ဥက္ကဋ္ဌ မစ္စပိုရာဝမ်တာရာပွန်းက ရှင်းလင်းပြောကြားခဲ့ပါသည်။

**သောင်းနိုင်**

**Source : Bangkok Post**

# စင်ကာပူသမ္မတနိုင်ငံသို့ တင်ပို့သည့် လယ်ယာထွက်ကုန်သီးနှံများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များ

စင်ကာပူသမ္မတနိုင်ငံသို့ လယ်ယာထွက်ကုန်သီးနှံများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များအား မြန်မာသံရုံး၊ စင်ကာပူမြို့မှ ပေးပို့ လာပါသည်။

၎င်းတို့ပေးပို့လာသော အချက်အလက်များအရ စင်ကာပူနိုင်ငံအတွင်းသို့ အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်သွင်းနိုင်ရန် အောက်ဖော်ပြပါ အဆင့် (၄) ဆင့်ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က)အဆင့်(၁)တွင် ပင်ရင်းနိုင်ငံမှ အပင်ပိုးမွှားကင်းရှင်းကြောင်း အသိအမှတ်ပြု လက်မှတ်ရယူရန်၊

(ခ)အဆင့်(၂)တွင် စင်ကာပူ သမ္မတ နိုင်ငံအစိုးရ၏ စိုက်ပျိုးရေးထွက်စားသောက်ကုန်နှင့် မွေးမြူရေးကြီးကြပ်မှုအာဏာပိုင် (Agri-Food and Veterinary Authority of Singapore-AVA) ၏ အပင်ကျန်းမာရေးဆိုင်ရာ သွင်းကုန်သတ်မှတ်ချက်များ ရရှိရန်၊

(ဂ)အဆင့်(၃)တွင် AVA မှ သွင်းကုန်ပါမစ်ရယူရန်၊

(ဃ)အဆင့်(၄)တွင် CITES ပါမစ်လျှောက်ထားရန်၊

အဆင့်(၂)အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် အပင်ကျန်းမာရေးဆိုင်ရာ သွင်းကုန်သတ်မှတ်ချက်များကို AVA မှ ရယူရာတွင် လိုအပ်သည့်ပစ္စည်းများမှာ အောက်ပါအပင်နှင့် အပင်ထွက်ပစ္စည်းများအတွက်ဖြစ်ကြောင်း ဖော်ပြထားပါသည်-

(က) ငှက်ပျောသီး၊
(ခ) ပီလောပီနံ၊ ရှောက်/သံပရာ မျိုးဝင်အသီးများ၊ ကိုကိုး(မှုန့်)၊ အုန်းသီး၊ ကော်ဖီ၊ ဝါ၊
(ဂ) ဆီအုန်း၊ သစ်ခွ၊
(ဃ) ပြောင်းဖူး၊
(င) နာနတ်၊
(စ) ဆန်၊ ကြက်ပေါင်စေး (ရော်ဘာ)၊
(ဆ) ကြံ၊
(ဇ) လက်ဖက်၊
(ဈ) လတ်ဆတ်သော သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ ပန်းမန်နှင့် အခြားအပင်ထွက် အသီးများ၊
(ည) ပျိုးပင်များ၊ အိုးဖြင့်စိုက်ပျိုးထားသော အပင်များ၊ မျိုးစေ့များ၊ မှိုဥနှင့် တစ်ရှူး ကာလ်ချာ နည်းပညာဖြင့် စိုက်ပျိုးထားသော ပျိုးပင်များ၊
(ဋ) မြေဆီ၊ မြေဆွေး၊ ရေညှိနှင့် ပင်ရင်းအော်ဂဲနစ်မြေဩဇာ၊
(ဌ) စိုက်ပျိုးရေးသုံး အင်းဆက်များနှင့် အနုဇီဝရုပ်ပစ္စည်းများ၊
(ဍ) မျိုးရိုးဗီဇပြုပြင်ထားသော အပင်များ၊
(ပ) လတ်လတ်ဆတ်ဆတ် သို့မဟုတ် အခြောက်ခံထားသော ဟင်းခတ်အမွှေးအကြိုင် သို့မဟုတ် ဆေးဖက်ဝင် အပင်မျိုး နွယ်များ၊
(ဏ) သစ်ရွက်များ၊
(တ) စင်ကာပူဥယျာဉ်ပွဲတော် ၂၀၁၄ အတွက် တင်သွင်းသော အပင်ဆိုင်ရာ သတ်မှတ်ချက်များ၊

အဆင့်(၃)တွင် AVA မှ သွင်းကုန်ပါမစ် ရယူရန်အတွက် စင်ကာပူအစိုးရဝက်ဘ်ဆိုက်မှတစ်ဆင့် ရယူနိုင်ကြောင်းနှင့် အဆိုပါ ပါမစ်ကို ကုန်စည်ရှင်းလင်းခြင်းပါမစ် (Cargo Clearance Permit-CCP) ဟု လည်းခေါ်ဝေါ်ကြောင်း၊ CCP ၏ သက်တမ်းမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကာ ပါမစ်တစ်စောင်လျှင် စင်ကာပူဒေါ်လာ ၁၁ ဒေါ်လာ စည်းကြပ်ကောက်ခံကြောင်း၊ CCP လျှောက်ထားရာတွင် သက်ဆိုင်ရာ အပင်ထွက် ပစ္စည်းကုတ်(HS Code) သင်္ကေတများကို ဖြည့်စွက်ပေးရမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

အဆင့်(၄)တွင် Convention on International Trade in Endangered Species- CITES ပါမစ် လျှောက်ထားရန်ကိစ္စမှာ မျိုးတုန်း ပျောက်ကွယ်လုဖြစ်နေသည့် အပင်နှင့် အပင်ထွက်ပစ္စည်းများကို စင်ကာပူနိုင်ငံသို့ တင်သွင်းမည့် ထုတ်လုပ်တင်ပို့ ရောင်းချလိုသည့် နိုင်ငံများအနေဖြင့် လျှောက်ထားရမည် ဖြစ်ကြောင်း၊ စင်ကာပူအစိုးရ၏ ဝက်ဘ်ဆိုက်မှ တစ်ဆင့် အွန်လိုင်း CITES ပါမစ်ကို လျှောက်ထားနိုင်ကြောင်းနှင့် CITES စာရင်းဝင် အပင်နှင့် အပင်ထွက် ပစ္စည်းအချို့မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ရှားစောင်းအနွယ်ဝင် အလှစိုက်အပင်များ၊
(ခ) တောင်ထန်းအနွယ်ဝင် အလှစိုက်အပင်များ၊
(ဂ) သစ်ခွမျိုးစိတ်များ၊
(ဃ) ကရားသဏ္ဌာန်ရှိ အပူပိုင်း အလှစိုက်ပန်းမျိုး စိတ်များ၊
(င) ဆေးဖက်ဝင်အမေရိကန် ဂျင်စင်းပင်များ၊
(စ) သစ်မွှေး၊
(ဆ) Ramin ခေါ် အလှဆင် သစ်မျိုးနွယ်များ၊

စင်ကာပူသမ္မတနိုင်ငံ၏ အပင်တင်ပို့ခြင်းဆိုင်ရာ ထိန်းချုပ်မှုနှင့် အပင်ပိုးမွှား ကင်းစင်ရေးဆိုင်ရာ အသိအမှတ်ပြု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် နည်းဥပဒေနှင့်စည်းမျဉ်းစည်းကမ်း များကို လိုက်နာခြင်း မရှိလျှင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒေါ်လာ တစ်သောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

လယ်ယာထွက်ကုန်သီးနှံများကို စင်ကာပူ နိုင်ငံသို့ တင်သွင်းလာပြီးနောက်တွင်လည်း AVA ၏ စစ်ဆေးမှုကို ခံယူကြရကြောင်း၊ တင်သွင်းရောင်းချလိုသည့် ကုမ္ပဏီများအနေဖြင့် အဆိုပါ စစ်ဆေးမှု ခံယူခြင်း လုပ်ငန်းစဉ်ကို အွန်လိုင်းမှတစ်ဆင့်ကြိုတင် အကြောင်းကြား စာရင်းသွင်းနိုင်ကြောင်း၊ ထိုကဲ့သို့ အပင်ပိုးမွှား ကင်းရှင်းကြောင်း အသိအမှတ်ပြုထောက်ခံခြင်းနှင့် တင်သွင်းလာပြီးနောက် စစ်ဆေးမှုလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာသွင်းကုန်များအလိုက် လမ်းညွှန်များ၊ သတ်မှတ်ထားသည့် အဖိုးအခများ ပေးသွင်းရမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

**လင်းမျိုးသာ(DOT)**

# အဓိက မောင်းနှင်အားများ တိုးတက်မှု လျင်မြန်လာ၍ ထိုင်းနိုင်ငံ၏ GDP တိုးတက်မှုနှုန်း ၃ ဒသမ ၇ ရာခိုင်နှုန်း ရရှိနိုင်

ပို့ကုန် အားကောင်းလာခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် စားသုံးမှုတိုးတက်လာခြင်းတို့ကြောင့် ယခုနှစ် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းအား အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (NESDB) နှင့် ထိုင်းနိုင်ငံဗဟိုဘဏ်တို့က ခန့်မှန်းထားသည့် ၃ ဒသမ ၇ ရာခိုင်နှုန်းကို ရရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၎င်းအမြင်အား လွန်ခဲ့သည့်နှစ်နှစ်အတွင်း အစိုးရစီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်မှုများအပေါ် အခြေပြုသုံးသပ်သည့် 'အနာဂတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖိုရမ်' တွင် ထုတ်ဖော်ရရှိခဲ့ခြင်းဖြစ်ပြီး ယခုနောက်ဆုံး ပို့ကုန်ကဏ္ဍတိုးတက်မှုနှင့် စီးပွားရေးစဉ်ဆက်မပြတ် တိုးတက်လာမှုတို့အပေါ် သုံးသပ်ခဲ့ခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် မစ္စတာဆွန်ခစ်ကပြောကြားခဲ့ပါသည်။

၂၀၁၇ ခုနှစ်ဩဂုတ်လတွင် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးလာမှုကြောင့် ထိုင်းနိုင်ငံ၏ ပို့ကုန်တိုးတက်မှုသည် ၁၃ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ပြီး ငါးနှစ်ခန့်အတွင်း လစဉ်တိုးတက်မှုနှုန်းအမြင့်ဆုံးရရှိခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ယခင်ကပို့ကုန်တိုးတက်မှုနှုန်း ၁၈ မှ ၂၀ ရာခိုင်နှုန်းအထိ ရရှိခဲ့ဖူးသည်ကို သတိပြုရန် လိုအပ်ကြောင်း၊ ခရီး သွားလာမှု လုပ်ငန်းသည်လည်း စတုတ္ထသုံးလပတ်တွင် အစိုးရရန်ပုံငွေ ခွဲဝေချထားပေးမှု လျာထားချက်အတိုင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း၊ ပုဂ္ဂလိက စားသုံးမှုကဏ္ဍသည် တိုးတက်မှု လမ်းကြောင်းပေါ်သို့ စတင်ရောက်ရှိလာပြီး ယခုနှစ်အတွင်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ လာရောက်လေ့လာမှု များပြားခဲ့သည့်နောက်ပိုင်း ပြည်တွင်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလည်း တိုးတက်လာနိုင်သည်ကို တွေ့မြင်နေရကြောင်း၊ ၎င်းအနေဖြင့် အဆိုပါအခွင့် အလမ်းကောင်းများကြောင့် စတုတ္ထသုံးလပတ်တွင် တိုးတက်မှုဆက်လက်ရရှိနိုင်ပြီး NESDB နှင့် ထိုင်းနိုင်ငံဗဟိုဘဏ်တို့က ခန့်မှန်းထားသည့်အတိုင်း အောင်မြင်မှုရရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားသွားပါသည်။

NESDB သည် ယခုနှစ် စီးပွားရေး တိုးတက်မှုနှုန်းအား ၃ ဒသမ ၅ မှ လေးရာခိုင်နှုန်း လျာထားချက်အပေါ် ဆောင်ရွက်မှုများ အားကောင်းနေ၍ ၃ ဒသမ ၇ ရာခိုင်နှုန်း ရရှိမည်ဟု ခန့်မှန်းထားပြီး ထိုင်းနိုင်ငံဗဟိုဘဏ် ကလည်း တိုးတက်မှုနှုန်း ၃ ဒသမ ၅ ရာခိုင်နှုန်း ရရှိမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားပါသည်။

စီးပွားရေး နှေးကွေးနေမှုကို ကုစားစေနိုင်သည့် အချက်မှာ ပြည်သူလူထုအနေဖြင့် အစိုးရက အဓိက မောင်းနှင်အားဖြစ်စေမည့် စီးပွားရေးမူဝါဒများချမှတ်ပေးခြင်း၊ တိုးတက်မှုတည်ငြိမ်ရန် ဆောင်ရွက်ပေးခြင်းတို့အပေါ် အကောင်းမြင်ကြခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ဝေဖန်သူများအနေဖြင့်မူ စီးပွားရေးအဆောက်အဦ ဖွဲ့စည်းမှုပုံသဏ္ဍာန် ပြောင်းလဲခြင်းမရှိသေး၍ ရေရှည်အတွက် တိုးတက်မှု ရရှိရန်ခက်ခဲနိုင်သည်ဟု သုံးသပ်ကြ ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ကျေနပ်သော်လည်း ကြီးမားသောပြဿနာရပ်များရှိနေသေးခြင်းအပေါ် စိုးရိမ်နေကြောင်း၊ ဝင်ငွေ ကွာဟမှု ကြီးမားခြင်းသည် ထိုင်းနိုင်ငံ ပြည်သူများအတွင်း ယနေ့အချိန်ထိ ရှိနေဆဲဖြစ်ကြောင်း စီးပွားရေးဆိုင်ရာ ဝန်ကြီးများအဖွဲ့ခေါင်းဆောင် ဒုတိယ ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားခဲ့ပါသည်။

**Source : Bangkok Post**

**သောင်းနိုင်**

# ဆေးဝါးလုပ်ငန်းဆိုင်ရာ အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးရန် ထိုင်းအစိုးရအား တိုက်တွန်း

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ထိုင်းနိုင်ငံထုတ် ဆေးကိရိယာများအား ကမ္ဘာ့ဈေးကွက် ဝယ်လိုအားစဉ်ဆက်မပြတ် တိုးတက်လာသည်နှင့်အမျှ ပိုမိုတင်ပို့လာနိုင်ပြီး ပို့ကုန်တိုးတက်မှုနှုန်း တစ်နှစ်လျှင် ၂၀ ရာခိုင် နှုန်း မှ ၂၅ ရာခိုင်နှုန်းရရှိစေရန် ရည်မှန်းထားကြောင်း ဒုတိယဝန်ကြီး မစ္စတာ ဆွန်တီရတ်က ပြောကြားခဲ့ပါသည်။

အစိုးရသည် ဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စွန့်ဦးတီထွင်လုပ်ငန်းရပ်များ၏ ဉာဏ ပိုင်ဆိုင်ခွင့် (IP-IDE) ကို အထောက်အကူပြုလိုပါကြောင်း၊ ပြည်တွင်းဈေးကွက်အတွက်သာမက ပြည်ပဈေးကွက်အတွက်ပါ ထုတ်လုပ်တင်ပို့နိုင်ရေး တီထွင်မှုများကို ထိုင်းလုပ်ငန်းရှင်များအား အားပေးလျက်ရှိပါကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံသည် အာဆီယံဒေသ၏ ဆေးကုသမှုဆိုင်ရာဗဟိုဌာန ဖြစ်လာကြောင်း၊ Thailand 4.0 အစီအစဉ်နှင့် လိုက်လျောညီထွေစွာ တီထွင်ထုတ်လုပ်မှုများ တိုးတက်လာပါကြောင်း၊ ဆေးဝါးကဏ္ဍတိုးတက်မှုသည် “ S ” ပုံသဏ္ဍာန် တိုးတက်မှုဂရပ်အဖြစ် ဖော်ပြနိုင်သည့် အခြေအနေရှိလာပြီး အပြည့်အဝ အထောက်အကူပေးသွားရန် ရည်ရွယ်ထားကြောင်း၊ အစိုးရ၏မူလလျာထားချက်တွင် ဆေးကိရိယာတင်ပို့မှုကို ၂၀၁၆ ခုနှစ်က တင်ပို့ခဲ့သည့် တန်ဖိုးဘတ် ၅၀၀ ဘီလီယံအပေါ် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းတိုးတက်ရန် ရည်ရွယ်ထားကြောင်း၊ ယခုပမာဏသည် ကမ္ဘာ့ဆေးကိရိယာဈေးကွက်တွင်ရှိသော တန်ဖိုး ဘတ် ၃၆ ဒသမ ၆ ထရီလီယံ၏ ၁ ဒသမ ၃ ရာခိုင်နှုန်းသာရှိကြောင်း၊ ထိုင်းနိုင်ငံအတွက် ဈေးကွက်ဝေစုတိုးတက်ရရှိရန် အခွင့်အလမ်းများစွာ ရှိနေသေးကြောင်း၊ ဆေးကိရိယာ ထုတ်လုပ်မှုသည် အစိုးရက ရည်မှန်းထားသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် စက်မှုလုပ်ငန်း ၁၀ မျိုးတွင် အပါအဝင် ဖြစ်ပါကြောင်း၊ ဉာဏမူပိုင်ခွင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်း ဗဟိုဌာန (IP-IDE) အနေဖြင့် ကုန်ပစ္စည်း ဖန်တီးထုတ်လုပ်သူအတွက် ဉာဏမူပိုင်ခွင့်ကို အကာအကွယ်ပေးရန် တိုးမြှင့် ဆောင်ရွက်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်အောင် အထောက်အကူပေးသွားမည်ဖြစ်ကြောင်း၊ ဗဟိုဌာနအနေဖြင့် ဈေးကွက်၏ ရောင်းလိုအားနှင့် ဝယ်လိုအားအခြေအနေကို လေ့လာသုံးသပ်ပြီး ထိုင်းနိုင်ငံ ဆေးဝါးလုပ်ငန်းရှင်များအသင်းသို့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ကိုယ်ပိုင်ဒီဇိုင်းထုတ်လုပ်သူများအုပ်စု၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ မစ္စတာဗီရာဗတ်က ထိုင်းနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးကဏ္ဍအတွက် အဓိကအခက်အခဲမှာ တီထွင်မှု အသိဉာဏ်ပညာမရှိ၍ မဟုတ်ပါကြောင်း၊ တီထွင်မှုများစွာရှိသော်လည်း ဈေးကွက်ထိုးဖောက်နိုင်မှု မရှိ၍ ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် ဆေးဝါးထုတ်ကုန်များအတွက် အခွင့်အလမ်းကောင်းများစွာရှိနေပြီး ဈေးကွက်ဝေစုကြီးမားစွာရရှိနိုင်သည့် အခွင့်အလမ်းလည်းရှိနေကြောင်း ပြောကြားခဲ့ပါသည်။

**Source : Bangkok Post**

**သောင်းနိုင်**

# ထိုင်းနိုင်ငံ၏ ပို့ကုန်တိုးတက်မှုနှုန်း လျာထားချက်ထက် ၇ ရာခိုင်နှုန်းကျော်လွန်မည်ဟု ခန့်မှန်း

၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ထိုင်းနိုင်ငံ၏ ပို့ကုန်ဆက်လက် တိုးတက်ခဲ့မှုကြောင့် တစ်နှစ်လုံးတွင် တိုးတက်မှုနှုန်း ၈ ရာခိုင်နှုန်းကျော် ရရှိနိုင်ကြောင်း၊ ထို့ကြောင့် အစိုးရက လျာထားသည့် တိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းထက် ကျော်လွန်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စ အပိရာဒီ တန်တရာဘွန်းက ပြောကြားပါသည်။

ဘတ်ငွေကြေးတန်ဖိုး မြင့်တက်နေသော်လည်း ပို့ကုန်သည် ဩဂုတ်လအထိ လေးလဆက်တိုက် ၁၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ကြောင်း၊ ဩဂုတ်လတွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၂ ဘီလီယံ (ဘတ် ၇၀၂ ဒသမ ၅ ဘီလီယံ) ရှိခဲ့ပြီး နှစ်စဉ် တိုးတက်မှုနှုန်း ၁၃ ဒသမ ၂ ရာခိုင်နှုန်းဖြစ်၍ လေးနှစ်ခွဲအတွင်း တိုးတက်မှုနှုန်း အမြင့်ဆုံး ဖြစ်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ပထမ ရှစ်လအတွက် ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၆ ဘီလီယံ ရရှိခဲ့ပြီး ယမန်နှစ် ကာလတူထက် ၈ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ တစ်နှစ်လုံးအတွက် လျာထားသည့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၀ ဒသမ ၅ ဘီလီယံ၏ သုံးပုံနှစ်ပုံ ရရှိထားပြီးဖြစ်ကြောင်း၊ ယင်းအချက်အလက်သည် ဘတ်ငွေကြေး တန်ဖိုးပြောင်းလဲမှုမှာ ပို့ကုန်ကို အဓိက ရိုက်ခတ်မှု မဖြစ်စေနိုင်ဟု ပိုမိုယုံကြည်လာစေကြောင်း၊ သို့ဖြစ်၍ တစ်နှစ်လုံးအတွက် လျာထားချက် ၇ ရာခိုင်နှုန်းအပေါ် ကျော်လွန်ရရှိမည်ဟု ယုံကြည်ကြောင်း သူမက ဆက်လက် ပြောကြားခဲ့ပါသည်။

ကမ္ဘာ့စီးပွားရေး ထူထောင်လာမှုကြောင့် ထိုင်းပို့ကုန်တန်ဖိုးကိုမြင့်တက်လာစေခြင်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်အတွက် ကျန်ကာလများတွင်လည်း ပုံမှန်အတိုင်း တိုးမြှင့် တင်ပို့သွားနိုင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆွန်ခစ်က ပြောကြားခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ ထိုင်းပို့ကုန်တိုးတက်မှုသည် လေးလဆက်တိုက် ၁၀ ရာခိုင်နှုန်းကျော် ရရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ဇူလိုင်လတွင် ၁၀ ဒသမ ၄၈ ရာခိုင်နှုန်း၊ ဇွန်လတွင် ၁၁ ဒသမ ၇ ရာခိုင်နှုန်းနှင့် မေလတွင် ၁၂ ဒသမ ၇ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း ဖော်ပြထားပါသည်။ ယခုနှစ်တွင် ထိုင်းဘတ်ငွေ တန်ဖိုး မြင့်တက်မှုသည် ၈ ရာခိုင်နှုန်းကျော်နေသော်လည်း ပို့ကုန်တိုးတက်မှုမှာ ခိုင်မာလျက်ရှိကြောင်း၊ ထိုင်းဘတ်ငွေတန်ဖိုး မြင့်တက်နေသော်လည်း အာဆီယံဒေသတွင်း နိုင်ငံများ၏ ငွေကြေးတန်ဖိုး မြင့်တက်မှုနှင့် လိုက်လျောညီထွေရှိပြီး ညီမျှသော ယှဉ်ပြိုင်နိုင်မှု ရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ဈေးကွက်များစွာသို့ ထုတ်ကုန်များ တိုးချဲ့ တင်ပို့လာနိုင်ခြင်းလည်း ပါဝင်ကြောင်း မစ္စ အပိရာဒီက ထပ်လောင်း ပြောကြားခဲ့ပါသည်။

ကုန်သွယ်မှုမူဝါဒနှင့်မဟာဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ် မစ္စ ပင်ချနွတ်က ထိုင်းနိုင်ငံ၏ ဘတ်ငွေတန်ဖိုးလဲလှယ်နှုန်းသည် အမေရိကန် တစ်ဒေါ်လာလျှင် ၃၃ ဘတ် ဝန်းကျင်တွင်ဆက်လက်တည်ရှိနေမည်ဟု ခန့်မှန်းကြောင်း၊ ဘတ်ငွေ မြင့်တက်မှုကြောင့် ထိုင်းပို့ကုန်ကိုချက်ချင်းထိခိုက်မှုမဖြစ်စေနိုင်ကြောင်း၊ လပေါင်းများစွာမှ ကြို တင်ပြီး ကုန်ဝယ်အမှာလွှာများ ရရှိထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း ဘတ်ငွေတန်ဖိုး ဆက်လက်မြင့်တက်နေမည်ဆိုပါက လာမည့်နှစ်တွင် ပို့ကုန်အပေါ် ထိခိုက်စေနိုင်ကြောင်း၊ ထိုင်းပို့ကုန်များသည် ဥရောပသမဂ္ဂ၊ အမေရိကန်၊ တရုတ်နှင့် အာဆီယံဒေသတွင်းရှိ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများသို့ အဓိက တင်ပို့လျက်ရှိကြောင်း၊ ဝယ်လိုအား ကျဆင်းနေသည့်ဈေးကွက်မှာ အရှေ့အလယ်ပိုင်း ဈေးကွက်တစ်ခုသာရှိကြောင်း၊ ၎င်းတို့၏ ဒေသထွက်ကုန်ရေနံမှာ ကမ္ဘာ့ဈေးကွက်တွင် ဈေးနှုန်း ကျဆင်းနေ၍ ဝယ်လိုအား လျော့နည်းသွားခြင်းကြောင့်ဖြစ်ကြောင်း၊ သို့သော် ရေနံဈေး နှုန်း ပြန်လည်မြင့်တက်လာမည်ဟု ခန့်မှန်းထားပြီး ဝယ်လိုအားလည်း ပြန်လည် မြင့်တက်လာမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအတွက် သွင်းကုန်မှာလည်း ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၁ ဘီလီယံ ရှိခဲ့ပြီး နှစ်စဉ် တိုးတက်မှုနှုန်း ၁၄ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ဩဂုတ်လအတွက် ကုန်သွယ်မှု ပိုငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၉ ဘီလီယံရှိခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ပထမ ရှစ်လအတွက် သွင်းကုန်တန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၈ ဘီလီယံ ရှိခဲ့ပြီး တိုးတက်မှုနှုန်း ၁၅ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကုန်သွယ်မှုပိုငွေမှာ ၈ ဒသမ ၉ ဘီလီယံ ရရှိထားကြောင်း ၎င်းက ရှင်းလင်း ပြောကြားခဲ့ပါသည်။

**Source : Bangkok Post**

**သောင်းနိုင်**

# ပါကစ္စတန်ရှိ စပါးစိုက်ခင်းပေါင်း ၁၀၀ကျော်သို့ စပါးနှစ်မျိုးစပ်ကျွမ်းကျင်ပညာရှင် တရုတ်လူမျိုးများသွားရောက်လေ့လာ

ပါကစ္စတန်နိုင်ငံ၊ အစ္စလမ်မာဘတ်မြို့ရှိ စပါးစိုက်ခင်းပေါင်း ၁၀၀ ကျော်သို့စပါးနှစ်မျိုးစပ်ကျွမ်းကျင်ပညာရှင်များနှင့် သုတေသီများက သွားရောက်လေ့လာခဲ့ကြောင်း သည်နယူးစ်အင်တာနေရှင်နယ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ တရုတ်ပညာရှင်အဖွဲ့သည် ပါကစ္စတန်နိုင်ငံမှ သိပ္ပံပညာရှင်များနှင့်ပူးပေါင်း၍ စပါးစိုက်ခင်းများအား သွားရောက်လေ့လာခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံရှိ ပြည်နယ်လေးခုတွင် နှစ်မျိုးစပ်စပါးများကို စိုက်ပျိုးထားရှိရာ အဆိုပါ စိုက်ခင်းများကို



သွားရောက်လေ့လာခဲ့ ခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တရုတ်ကျွမ်းကျင်ပညာရှင်များနှင့် သုတေသနပညာရှင်များသည် ပါကစ္စတန်နိုင်ငံတွင် ကျင်းပသည့် Traveling Rice Seminar သို့ တက်ရောက်ပြီးနောက် စပါးခင်းများအား သွားရောက်လေ့လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ Traveling Rice Seminar ကိုပါကစ္စတန်နိုင်ငံ လယ်ယာစိုက်ပျိုးရေး သုတေသနကောင်စီနှင့် တရုတ်နိုင်ငံ Yuan LOngping High-tech Agriculrure Company တို့ ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

နှစ်မျိုးစပ်စပါးများကို ပါကစ္စတန်နိုင်ငံရှိပတ်သွန်ခွာ၊ ပန်ဂျပ်၊ ဆင်ဒီနှင့် ဘိုချီစတန်တို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဇုန်လေးခုကို တည်ထောင်ထားပြီး အဆိုပါဇုန်များတွင် နှစ်မျိုးစပ်စပါးများကို စမ်းသပ်စိုက်ပျိုးထားရှိသည်ဟု ဆိုသည်။

အဆိုပါအဖွဲ့နှစ်ဖွဲ့သည် စပါးမျိုးများ ထုတ်လုပ်ရေးနှင့် ပညာရပ်ဆိုင်ရာနယ်ပယ်များအား သင်တန်းများ ပို့ချခြင်းတို့ကို တစ်လကြာပူးပေါင်းလုပ်ဆောင်ကြမည်ဖြစ်သည်။

ပါကစ္စတန်စိုက်ပျိုးရေးသိပ္ပံပညာရှင် ၃၀တို့သည် တရုတ်လူမျိုးသိပ္ပံပညာရှင်များအား စပါးနှစ်မျိုးစပ်နည်းပညာများနှင့်ပတ်သက်၍ သင်တန်းများပို့ချပေးမည်ဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် နှစ်မျိုးစပ်စပါးနည်းပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတစ်ဝန်းလုံးမှ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပါဝင်လုပ်ဆောင်ကြမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

# တရုတ်ရင်းနှီးမြှုပ်နှံသူများက မက္ကဆီကိုအထူးစီးပွားရေးဇုန်ကို မျက်စိကျနေဟု မက္ကဆီကိုမှတာဝန်ရှိသူများက ပြောကြား

တရုတ်ရင်းနှီးမြှုပ်နှံသူများသည် မက္ကဆီကိုနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်လျက်ရှိကြောင်း မက္ကဆီကိုနိုင်ငံမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အထူးသဖြင့် တရုတ်ရင်းနှီးမြှုပ်နှံသူများသည် မက္ကဆီကိုနိုင်ငံ၏အထူးစီးပွားရေးဇုန်ကို ပိုမိုမျက်စိကျနေကြသည်ဟု ဆိုသည်။

"ကျွန်တော်တို့အနေနဲ့အထူးစီးပွားရေးဇုန်ရဲ့အခြေခံအဆောက်အဦးတွေ ဖွံ့ဖြိုးတိုးတက်ဖို့ စိတ်ဆန္ဒတွေရှိနေပါတယ်။ တရုတ်လူမျိုးစီးပွားရေးလုပ်ငန်း ရှင်တွေရဲ့ကြီးမားတဲ့ စွမ်းရည်တွေနဲ့ အဲဒီအထူးစီးပွားရေးဇုန်ကြီးအကောင်အထည်ပေါ်လာဖို့ ရည်မှန်းထားပါ တယ်"ဟု မက္ကဆီကိုနိုင်ငံ၊ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ အထွေထွေအမှုဆောင်အရာရှိချုပ် Enrique Huesca က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်စက်တင်ဘာလ ၂၈ ရက်က မက္ကဆီကိုသမ္မတ မစ္စတာအင်းနရစ်ပီနာနီယက်တိုက အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ဆောင်ရာတွင် ကနဦးရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

တရုတ်နိုင်ငံအစိုးရနှင့်ရင်းနှီးမြှုပ်နှံသူများက အဆိုပါ အထူးစီးပွားရေးဇုန်တွင် တည်ဆောက်ရေးလုပ်ငန်းများ၊ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ၊ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ စိတ်ဝင်စားကြောင်း အရိပ်အမြွက်ပြောကြားလျက်ရှိသည်ဟု Huesca က ထပ်မံပြောကြားခဲ့သည်။ထိုအတောအတွင်း အခြားသော တရုတ်ရင်းနှီးမြှုပ်နှံသူများက အဆိုပါ အထူးစီးပွားရေးဇုန်တွင် သံနှင့်သံမဏိ ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာစက်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်ခြင်းဆိုင်ရာလုပ်ငန်းများ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများတွင် စိတ်ဝင်စားလျက်ရှိသည်ဟု ၎င်းက ပြောကြားခဲ့သည်။

မက္ကဆီကိုအစိုးရအနေဖြင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူများနှင့်အနီးကပ်ပူးပေါင်း၍ အဆိုပါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

"တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေဟာ တစ်ကမ္ဘာလုံးမှာ ရှိတဲ့အထူးစီးပွားရေးဇုန်တွေအားလုံးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ပေးလျက်ရှိနေပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။ မက္ကဆီကိုအစိုးရအနေဖြင့် အဆိုပါအထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွဲဆောင်မှုနည်းလမ်းများဖြင့် လုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။



# ဗီယက်နမ်နိုင်ငံက ဆန်နှင့်ပုစွန်တို့ကို အီရန်နိုင်ငံသို့တင်ပို့နိုင်ရန် စီစဉ်လျက်ရှိ

ဗီယက်နမ်နိုင်ငံအနေဖြင့် အီရန်နိုင်ငံသို့ဆန်နှင့်ပုစွန်တို့ကို တင်ပို့နိုင်ရန် စီစဉ်ထားကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့်လည်း အီရန်နိုင်ငံမှ ငါးမှုန့်၊ အရိုးမှုန့်နှင့်အသားတို့ကိုဝယ်ယူရန် ဆန္ဒရှိနေကြောင်း MEHR နယူးစ်အေဂျင်စီသတင်းတွင် ဖော်ပြထားသည်။

အီရန်နိုင်ငံလယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟာဆန်ရှာလီဟီဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အီရန်-ဗီယက်နမ်ကုန်သွယ်ရေးကောင်စီအစည်းအဝေးတွင် ကျယ်ကျယ်ပြန့်ပြန့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အီရန်နိုင်ငံလယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းတွင် ဖော်ပြထားသည်။

နှစ်နိုင်ငံမှ တာဝန်ရှိသူများတွေ့ဆုံစဉ်ကာလအတွင်း ဟာဆန်ရှာလီဟီက ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပူးပေါင်းလုပ်ဆောင်ကြမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံနှင့်အီရန်နိုင်ငံငါးလုပ်ငန်းအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ရှာဟီလီသည် ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီများအား အပြည်ပြည်ဆိုင်ရာရေထွက်ပစ္စည်းများပြပွဲတွင် လာရောက်ပြသကြရန် ဖိတ်ခေါ်ခဲ့သည်။ အီရန်-ဗီယက်နမ်ကုန်သွယ်ရေး ကောင်စီရုံးကို အီရန်နိုင်ငံ Qeshm မြို့ တွင် ဖွင့်လှစ်ထားရှိပြီး ပုစွန်များ၊ ငါးဥဆားနယ်နှင့် ဆာလ်မွန်ငါးဥများကို ဝယ်ယူရန်နှင့်ငါးငံပြာရည်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် အီရန်နိုင်ငံသို့ ဆန်နှင့်ပုစွန်တင်ပို့မှုအတွက် ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာအတားအဆီးများကို ဖယ်ရှားပေးမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

# စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရုရှားနိုင်ငံက နယ်မြေအသစ်လေးခုကို အဆင့်မြှင့်တင်ဆောင်ရွက်မည်

ရုရှားနိုင်ငံသည် စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်မြေအသစ်လေးခုကိုအဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ရုရှားသမ္မတ ဒီမီထရီမက်ဒီဗက်က အောက်တိုဘာလ ၂ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း ရုရှားအစိုးရ၏တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်အရ သိရသည်။

လာမည့် ၁၀နှစ်အတွင်း ဒေသသုံးခုတွင် အမေရိကန်ဒေါ်လာ သန်း ၃၅၀ ရင်းနှီးမြှုပ်နှံ၍ အဆိုပါဒေသများအား ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မက်ဒီဗက်က ထည့်သွင်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်မည့် ဒေသလေးခုမှာMordovia၊Udmurtia၊Yaroslavl နှင့် Saratovတို့ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါဒေသလေးခုတွင် ရင်းနှီးမြှုပ်နှံမည့်သူများနှင့်အတူ သဘောတူညီချက်ပေါင်း ၃၀ ကျော်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်ဟု မက်ဒီဗက်က ဆိုသည်။

"ဒါဟာ အစိုးရရဲ့တရားဝင်အမိန့်ပါပဲ။ ဒေသသစ်လေးခုကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရာမှာ အချိန်အဟုန်ပြင်းပြင်းနဲ့လုပ်ဆောင်နိုင်ဖို့ ရင်းနှီးမြှုပ်နှံသူတွေကိုပေးအပ်လိုက်တဲ့အမိန့်ပါပဲ"ဟု ၎င်းက ပြောကြားခဲ့သည်။

အဆိုပါဒေသသစ်များကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်မည့်စီမံကိန်းသည် လူနေမှုအဆင့်အတန်းမြင့်မားလာစေရေး၊အလုပ်အကိုင်သစ်များဖန်တီးပေးနိုင်ရေးတို့ကို ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ပြီး ရုရှားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်သည်ဟုဆိုသည်။

မယ်သီတာ စုစည်းသည်

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။


JPM
CAR SALE CENTER
Email- jpmautocenter@gmail.com
Web: www.jpmmotors.com
HOT LINE
09 253008800
မြန်မာ့ရိုးရာ
သီတင်းကျွတ်
ပွဲတော်
အရည်အသွေး ကောင်းမွန်သောကားအမျိုးအစား အစုံစိတ်ကြိုက်ရွေးချယ်ဖို့ JPM နဲ့ဆက်သွယ်စို့..
အမှတ်(၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ (5 Movie ရုံးချုပ်အနီး၊ ရွှေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 01 860 3921 ~ 22


MKTK မြန်မာကောင်းသုခကုမ္ပဏီလီမိတက်
သီးနှံစိုက်ပျိုးသော တောင်သူဦးကြီးများအတွက် အရည်အသွေးအာမခံ ပိုးသတ်ဆေး၊ မြို့သတ်ဆေး၊ ပေါင်းသတ်ဆေး၊
ရွက်ဖျန်းမြေဩဇာနှင့် ဓါတ်မြေဩဇာများကို နိုင်ငံတကာမှ တင်သွင်းဖြန့်ချိပါသည်။
Quality First
အရည်အသွေးပထမ မြန်မာကောင်းသုခ
အမှတ် - (၉၅/အေ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၀၀ ၅၈၉၈၀၊ ၀၉ ၇၃၁ ၄၀၈၁၂




Service Company များ၊ Show Room များအတွက် အထူးဈေးနှုန်းများ (50% / 50%) ငွေပေးချေမှုပုံစံများဖြင့် အထူးဝန်ဆောင်မှုများပေးနေပါပြီ။



COMMERCE INTERNATIONAL

# တရုတ်နိုင်ငံတွင် အီသနောလောင်စာဆီလိုအပ်ချက် ပိုမိုများပြားလာ၍ ပြောင်းပိုမိုတင်သွင်းလာနိုင်

တရုတ်နိုင်ငံတွင် အီသနောလောင်စာဆီလိုအပ်ချက်များ ပိုမိုများပြားလာ၍ ပြောင်းတင်သွင်းရာတွင် ယခုထက်ပိုမို များပြားစွာ တင်သွင်းလာနိုင်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသည် တစ်နှစ်လျှင် ပြောင်းတန်ချိန် သန်း၂၀ကို နှစ်စဉ်တင်သွင်းလျက်ရှိရာ လက်ရှိတင်သွင်းသည်ထက် ခြောက်ဆကျော် ပိုမိုမြင့်တက်လာနိုင်ကြောင်း ဈေးကွက်လေ့လာဆန်းစစ်သူများက ခန့်မှန်းထားကြသည်။

၂၀၂၀ပြည့်နှစ်အရောက်တွင် ကမ္ဘာ့အကြီးဆုံးကားဈေးကွက်၌ အီသနော ၁၀ ရာခိုင်နှုန်းပါဝင်သော E10 လောင်စာဆီကို သုံးစွဲသွားရန် တရုတ်နိုင်ငံက ရည်ရွယ်ထားကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများက ပြီးခဲ့သည့်ရက်သတ္တပတ်က ပြောကြားခဲ့သည်။

ရိုက်တာသတင်းဌာန၏တွက်ချက်မှုများအရ အဆိုပါစီမံကိန်းကိုအကောင်အထည်ဖော်သည့်အချိန်၌ အီသနောတန်ချိန် ၁၅သန်း (သို့မဟုတ်) ပြောင်း တန်ချိန် ၄၅ သန်း လိုအပ်မည်ဖြစ်သည်။

တရုတ်အစိုးရအနေဖြင့် ပြောင်းလက်ကျန်များကို တိုးမြင့်အသုံးပြုနိုင်ရန်အတွက် စီမံချက်အမျိုးမျိုးဖြင့် ဖော်ဆောင်ခဲ့သဖြင့် ယခုအခါတွင် ပြောင်း ပမာဏအများအပြားကို သုံးစွဲထားပြီးဖြစ်သည်။

Shangh JC Inetlligence Co, မှ ပြောင်းဈေးကွက်အကြီးတန်းဆန်းစစ်ရေးမှူး ချယ်ရီဇင်းက နိုင်ငံအနှံ့အပြားရှိအချို့သောဒေသများတွင် ပြောင်းကို လောင်စာဆီထုတ်လုပ်သည့်လုပ်ငန်းများတွင် အသုံးပြုခဲ့သဖြင့် တိရစ္ဆာန်အစာများ ရှားပါးလာနိုင်သည်ဟု သုံးသပ်ခဲ့သည်။ "ဒီဖြစ်ရပ်က တောင်ပိုင်းဒေသမှာတော်တော်လေးကို အခြေအနေဆိုးနေပါတယ်။ ကျွန်တော်တို့ဟာ ပြောင်းလိုအပ်ချက်ကို အမြဲဖြည့်ဆည်းနိုင်ဖို့ တင်သွင်းနေရမှာဖြစ်ပါတယ်"ဟု Zhang က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသများသို့ ပြောင်းတင်ပို့လျက်ရှိရာ တစ်နှစ်လျှင် တန်ချိန် သန်း ၅၀ မှ သန်း၆၀ အထိ တင်ပို့နေသော်လည်း နောက်သုံးနှစ်မှ ငါးနှစ်အကြာတွင် တန်ချိန် သန်း၃၀အောက်သာ တင်ပို့နိုင်တော့မည်ဖြစ်သည်ဟုဆိုသည်။

တရုတ်နိုင်ငံသည် ပြောင်းရိတ်သိမ်းချိန်တွင် ဈေးကွက်လိုအပ်ချက်ကို ဖြည့်တင်းနိုင်ရေးအတွက် တစ်နှစ်လျှင် ပြောင်းတန်ချိန် ၁၀သန်းမှ သန်း၂၀အထိ တင်သွင်းရနိုင်သည်ဟု ဇင်းက ပြောကြားခဲ့သည်။ ၂၀၁၇-၁၈သီးနှံနှစ်တွင် ပြောင်းတန်ချိန် ၁ ဒသမ ၅သန်း တင်သွင်းမည်ဟု ခန့်မှန်းထားကြောင်း တရုတ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံ၏ ပြောင်းစားသုံးမှုပမာဏ မှာ ၈ ဒသမ ၄ ရာခိုင်နှုန်း တိုးလာနိုင်ဖွယ်ရာရှိပြီး တန်ချိန် ၂၁၁ ဒသမ ၉၇ သန်းအထိ မြင့်တက်လာနိုင်သည်ဟု တရုတ်နိုင်ငံအမျိုးသားသီးနှံနှင့်ဆီထွက် ပြန်ကြားရေးစင်တာက ခန့်မှန်းထားသည်။

တရုတ်နိုင်ငံတွင်SDIC Biotech Investment ကုမ္ပဏီအနေဖြင့် ၂၀၁၈ခုနှစ် ဩဂုတ်လအတွင်း အီသနော ထုတ်လုပ်ရေးစက်ရုံကို Liaoning ပြည်နယ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။



## အဓိက စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ဗီယက်နမ်နှင့် လာအိုတို့ သဘောတူလက်မှတ်ရေးထိုး

ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံတို့သည်အဓိက စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အောက်တိုဘာလ ၂ရက်က သဘောတူလက် မှတ်ရေးထိုးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါနှစ်နိုင်ငံပူးပေါင်း၍ စွမ်းအင်နှင့်ပို့ဆောင်ရေးကဏ္ဍတို့တွင် အဓိကအကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းသိရသည်။

ဗီယက်နမ်ဝန်ကြီးချုပ် Nguyen Xuan Phuc နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် Thongloun Sisoulith တို့ တွေ့ဆုံစဉ် အဆိုပါကိစ္စနှင့်ပတ်သက်၍ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်အစိုးရဝက်ဘ်ပေါ်တယ်တွင် ရေးသားဖော်ပြထားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

လာအိုနိုင်ငံဝန်ကြီးချုပ်သည် ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ခရီးအဖြစ်ရောက်ရှိနေပြီး နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအား ပိုမိုမြှင့်တင်နိုင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် နှစ်နိုင်ငံကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများအား ပြောင်းလဲရန်၊ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအား လာအိုနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်၊ သင်တန်းသားများအား အပြန်အလှန်စေလွှတ်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

မယ်သီတာ စုစည်းသည်

## အာရှဖွံ့ဖြိုးရေးဘဏ်က ကမ္ဘောဒီးယားနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် အမေရိကန်ဒေါ်လာ သန်း၇၀ထုတ်ချေးရန် သဘောတူ

အာရှဖွံ့ဖြိုးရေးဘဏ်(Asia Development Bank-ADB)က ကမ္ဘောဒီးယားနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ အမေရိကန်ဒေါ်လာသန်း ၇၀ကို ထုတ်ချေးရန်သဘောတူညီခဲ့ကြောင်း ခမာတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါချေးငွေဖြင့် မဟာမဲခေါင်ဒေသ၏တောင်ပိုင်း စီးပွားရေးစင်္ကြံတစ်လျှောက်ရှိ Prey Veng၊ စီရမ်ရိ(ပ်)နှင့် Svay Rieng ပြည်နယ်တို့ရှိလမ်းများအား ပြည်ထောင်စုလမ်းမများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်ဟု အေဒီဘီ၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

"ကမ္ဘောဒီးယားမှာရှိတဲ့လမ်းမတွေဟာ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ အရေးပါတဲ့လမ်းမတွေဖြစ်ကြပါတယ်။ အဲဒီလမ်းတွေဟာ နိုင်ငံရဲ့လူမှုရေးနဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကကျတဲ့လမ်းတွေဖြစ်ကြပါတယ်။ ဒါပေမယ့် အခုလက်ရှိမှာတော့ အဲဒီလမ်းတွေဟာ လမ်းအင်္ဂါရပ်နဲ့ပြည့်စုံမှုမရှိတဲ့အတွက် အချိန်ရော၊ ငွေရော အားလုံးဆုံးရှုံးလျက်ရှိပါတယ်"ဟုအေဒီဘီမှ လမ်းပိုင်းဆိုင်ရာကျွမ်းကျင်သူ Mr.Oyunchimeg က ၎င်း၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုအခါ ကမ္ဘောဒီးယားနိုင်ငံတွင် အစိုးရ၏စွမ်းဆောင်ရည်နိမ့်ကျခြင်းနှင့် ပုဂ္ဂလိကအခန်းကဏ္ဍပါဝင်မှုကို ကန့်သတ်ထားခြင်း၊ လမ်းပိုင်းဆိုင်ရာ ထောက်ပံ့မှု အားနည်းခြင်း၊ လမ်းပန်းဆက်သွယ်မှုနှင့်ဆိုင်သည့်မူဘောင်များ မပြည့်စုံခြင်းစသည့် အချက်များကြောင့် လက်ရှိအခြေအနေတွင် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ စွမ်းဆောင်ရည်များ နိမ့်ကျလျက်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။



အထူးသဖြင့် အဆိုပါပြည်ထောင်စုလမ်းမကြီး၏ ၁၄၇ ကီလိုမီတာအကွာအဝေးသည် လုံခြုံမှုမရှိခြင်းနှင့်ရေလွှမ်းမိုးခြင်းတို့ကြောင့်ပျက်စီးခဲ့ရကြောင်း၊ယခုအခါအဆိုပါလမ်းပိုင်းကို ပြင်ဆင်ခဲ့ရာ လုံးဝပြီးစီးနေပြီဖြစ်ကြောင်း အေဒီဘီ၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် အဆိုပါစီမံကိန်းကြောင့် လမ်းဖြတ်သန်းသွားရာ ဒေသများတွင် ပိုမိုဖွံ့ဖြိုးလာနိုင်ကြောင်းကို ဒေသခံများ သတိပြုမိလာစေရန် ဦးစွာလုပ်ဆောင်ရမည်ဖြစ်သည်ဟု ဆိုသည်။

"ကျွန်တော်တို့အနေနဲ့ လမ်းပိုင်းဆိုင်ရာတွေကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာမှာ ဒေသဖွံ့ဖြိုးမှုကိုဦးစားပေးလုပ်ဆောင်ရမှာဖြစ်ပါတယ်။ အဲဒီ လမ်းတွေဟာ ထိုင်းနဲ့ဗီယက်နမ်နိုင်ငံတို့ကိုပါ ဆက်သွယ်ပေးထားတဲ့လမ်းတွေ ဖြစ်တာကြောင့်နိုင်ငံရဲ့ ယာဉ်ကြောကျပ်တည်းမှုကိုလည်း အထိုက်အလျောက် လျှော့ချပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်"ဟု နိုင်ငံတော်စီးပွားရေးကောင်စီ၏ အကြီးတန်းအကြံပေး Mey Kalyan က ပြောကြားခဲ့သည်။